# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော်တတိယပုံမှန်အစည်းအဝေး
# (၁၁) ရက်မြောက်နေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၈ ရက် )

[ ကြာသပတေးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ အစီအစဉ် ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်း မော်၊ ညွှ န်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၁၁) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် (၁၁) ရက်မြောက်နေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေး သို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၇)ဦးရှိပြီး ဒီကနေ့ အစည်းအဝေး ကို(၁၉၃)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ် တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏(၈၈.၉၄ )ရာခိုင်နှုန်း ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေ ဟာအစည်းအဝေးအထမြောက်ရန်လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေသုံးပုံတစ်ပုံထက် ကျော်လွန်တဲ့ အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ (က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ ၁၁ ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်

ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော် ကိုယ်စားလှယ်ယ တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။ အချိန်ကို ငဲ့ညှာတဲ့အနေနဲ့ ခွ င့်အားလုံးကို ဖတ်ကြား တင်ပြ ပြီးမှ လွှတ်တော်ရဲ့ သဘောထားဆန္ဒရယူခွင့်ပြုပါ ။

**ဥက္ကဋ္ဌ**။ ။ဦးဖေသောင်း တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးဖေသောင်း ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)** ။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တာ် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင် ဟာ ဇနီးသည် ရဲ့ ကျန်းမာရေးကိစ္စ ဆောင်ရွက်ရန် ရှိတဲ့အတွက် ယနေ့ကျင်းပတဲ့ အစည်းအဝေးနဲ့ မနက်ဖြန် ၉-၃-၂၀၁၂ ရက်နေ့အထိခွင့်(၂)ရက် ခွင့်ပြုပေးနိုင်ပါရန် ဦးစိုင်းတင်အောင်ကိုယ်စား ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဖေသောင်း မှ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးဌေးရယ်၊ ကယား(၇)တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးဌေးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် သည် ငြိမ်းချမ်းရေးကိစ္စအတွက်လိုက်ပါဆောင်ရွက်ရန်ရှိနေပါသဖြင့် ၈-၃-၂၀၁၂ မှ ၉-၃-၂၀၁၂ အထိခွင့်(၂)ရက်ပေးပါရန်၄င်း၏ကိုယ်စားကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဌေးရယ်က လေးစားစွာဖြင့်ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးကျွန်ခဲန်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း သည် ၄င်း၏ မပြီးပြတ်သေးသော ကုမ္ပဏီလုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၁၂ ခုနှစ်၊ မတ်လ ၈ ရက်နေ့ ၉ ရက်နေ့များကို ခွင့်ရက်အဖြစ် သတ်မှတ်

ပေးပါရန် ၎င်း၏ကိုယ်စား ကျွန်တော် မှ တင်ပြတောင်းခံအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးမနားနိုင်း တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမနားနိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမနားနိုင်း ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ကိုယ်စား ခွင့်ပန်ကြားမှာ ဖြစ်ပါတယ်။ ဦးဟာရှိန်းဘွေ ဟာ မိမိကိုယ်တိုင် ဆောင်ရွက်ရန်ကိစ္စ ရှိနေပါသဖြင့် ၈-၃-၂၀၁၂ ရက်နေ့ခွင့် (၁)ရက်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးထွန်းမြင့်၊ စစ်ကိုင်း(၆) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးထွန်းမြင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦး ဝင်းတင့် သည် မိသားစုကိစ္စ ဆောင်ရွက်ရန်ရှိပါသဖြင့် ၎င်း၏ကိုယ်စား ကျွန်တော် ဦးထွန်းမြင့် မှ ၈-၃-၂၀၁၂ ဒီနေ့အား ခွင့်ရက်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဦးအောင်ချစ်လွင် တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးအောင်ချစ်လွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင် သည် အစာအိမ်ဝေဒနာ ခံစားနေရပါသဖြင့် ၈-၃-၂၀၁၂ (၁)ရက်အား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ဦးသိန်းလှိုင် ၏ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအောင်ချစ်လွင် မှ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဦးမိုးမြင့် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမိုးမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာ ရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့် ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ရှုန် ၏ကိုယ်စား ခွင့်ပန်ကြားခြင်း ဖြစ်ပါတယ်။ ဦးတင်ရှုန် သည် ဖျားနာ နေပါသဖြင့် ၂၀၁၂ ခုနှစ် မတ်လ ၈ ရက်နေ့မှ ၉ ရက်နေ့အထိ ခွင့် (၂)ရက်သတ်မှတ်ပေးနိုင်ပါရန် လေး စားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ဦးမောင်စိန်၊ တနင်္သာရီ(၅) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမောင်စိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာ ရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်စိန် ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှစိုး ရဲ့ ကိုယ်စား ခွင့်ပန်ကြားခြင်း ဖြစ်ပါတယ်။ ဦးလှစိုး သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိနေပါ၍ ၈-၃-၂၀၁၂ ရက်နေ့အား ခွင့်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ဦးဆွေအောင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၂) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖိုးဇော် သည် ကိုယ်တိုင်ဆောင်ရွက်ရန် လုပ်ငန်းများ ရှိပါသဖြင့် ၈-၃-၂၀၁၂ (၁)ရက်အား ခွင့်အဖြစ်သတ်မှတ် ပေးပါရန် ဦးဖိုးဇော် ၏ ကိုယ်စား ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင် မှ လေးစားစွာ ခွင့်တိုင်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ဦးစောမော်ထွန်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင် မြင့် ဟာ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများ ရှိပါသဖြင့် ယနေ့ ၈-၃-၂၀၁၂ (၁)ရက်အား ခွင့်အဖြစ်သတ်မှတ် ပေးနိုင်ပါရန် ဦးတင်မြင့် ၏ ကိုယ်စား ပဲခူး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း မှ လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးရဲမြင့် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးရဲမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦး သည် ကိုယ်တိုင်ဆောင်ရွ က်ရန် ကိစ္စများရှိ နေပါသဖြင့် ၈-၃-၂၀၁၂ မှ ၉-၃-၂၀၁၂ အထိ ခွင့်(၂)ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ၎င်း၏ကိုယ်စား ကျွန်တော် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရဲမြင့် မှ လေးစားစွာခွင့်ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဖေ(ခေါ်)ကိုပေါက်သည် အလုပ်ကိစ္စများ ကိုယ်တိုင်ဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် ၈-၃-၂၀၁၂ ရက်နေ့ တစ်ရက်အား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်း၏ကိုယ်စား တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးအောင်ဝင်း မှ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးတင်မောင်ဝင်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးတင်မောင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) မှ

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင် ဟာ ဒူးနာရောဂါ မပျောက်သေး ပါသဖြင့် ၈-၃-၂၀၁၂ ရက် ယနေ့ (၁)ရက်ကို ခွင့်အဖြစ် သတ်မှတ်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးအေး တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးအေး၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအေး ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီး ၏ ကိုယ်စား ခွင့်ပန်ကြား ခြင်း ဖြစ်ပါတယ် ။ ဦးမှတ်ကြီး ဟာ ကိုယ်ရေးကိုယ်တာကိစ္စများ ဆောင်ရွက်ရန် ရှိပါသဖြ င့် ၈-၃-၂၀၁၂ ရက်နေ့အား ခွင့်တစ်ရက်အဖြစ် သတ်မှတ်ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဌေးမောင်၊ မန္တလေး(၁၂) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစား အပ်ပါ သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး သည် အစာအိမ်ရောဂါဖြင့် ဆေးရုံတက် နေရပါသဖြင့် ၈-၃-၂၀၁၂ရက်နေ့အား ခွင့်တစ်ရက်အဖြစ် သတ်မှတ်ပေးပါရန် ယင်း၏ ကိုယ်စား မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင် မှ ခွင့်ပန်ကြားအပ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာမြင့်ကြည် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)**။ ။လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ သည် မိမိကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများ ရှိနေပါ

သဖြင့် ၈-၃-၂၀၁၂ ယနေ့ ခွင့်တစ်ရက်အား ပေးပါရန် ဒေါက်တာခင်ရွှေ ရဲ့ ကိုယ်စား ခွင့်ပန်ကြား အပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းဝင်းမောင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း ဟာ ကိုယ်တိုင်ဆောင်ရွက်ရန် လုပ်ငန်းများ ရှိပါသဖြင့် ယနေ့ ၈-၃-၂၀၁၂ ရက်နေ့ တစ်ရက်အား ခွင့်ပေးပါရန် ယင်း၏ကိုယ်စား ကျွန်တော်က နေပြီးတော့ လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဆိုင်ပေါင်းနပ် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းကျော် ဟာ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စများရှိတဲ့ အတွက် ယနေ့ ၈-၃-၂၀၁၂ နဲ့ ၉-၃-၂၀၁၂ ရက်နေ့များအတွက် ခွင့် (၂)ရက် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ကျွန်တော်ကိုယ်စားပြု ခွင့်ပန်အပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ဦးဉာဏ်လင်း ဧရာဝတီ (၃) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးဟန်လင်း ဟာ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ယနေ့ ၈-၃-၂၀၁၂ ရက်နေ့ တစ်ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ၎င်းကိုယ်စား ဧရာဝတီ တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးဉာဏ် လင်း မှ လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခု တင်ပြသွားတဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ မှာ(၂၁၇)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉)ဦးရှိ၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၄)ဦးဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေ ခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအ ဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

# ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အ မျိုးသား လွှတ်တော်သို့ လွှတ်တော် ကိုယ်စားလှယ်များ မေး မြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်း များကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ် (၇)ဦးက မေးမြန်းသည့် မေးခွန်းများသည် လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**တောင်သူလယ်သမားများ သီးနှံဈေး ကျခြင်း၊ ရာသီဥတုဖောက်ပြန်၍ အပျက်အစီး အဆုံးအရှုံး များပြီး အကြပ်အတည်းများနှင့် ရင်ဆိုင်နေရစဉ် စိုက်စရိတ်ချေးငွေ ပြန်လည်ပေးဆပ်ရန် ကာလကို တစ်လတိုး၍ ဆိုင်းငံ့ပေး နိုင်ရန်နှင့် စိုက်စရိတ် ချေးငွေ၏ (၁၀)ရာခိုင်နှုန်းကို စုဆောင်းငွေအဖြစ်ဖြတ်တောက်စာရင်း ထားရှိခြင်းကိစ္စတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးခင်မောင်ရီ က တောင်သူလယ်သမားများ သီးနှံဈေး ကျခြင်း၊ ရာသီဥတုဖောက်ပြန်၍ အပျက်အစီး အဆုံးအရှုံးများပြီး အကြပ်အတည်း များနှင့် ရင်ဆိုင်နေရစဉ် စို က်စရိတ်ချေးငွေ ပြန်လည်ပေးဆပ်ရန်ကာလကို တစ်လတိုး၍ ဆိုင်းငံ့ပေးနိုင်ရန် နှင့် စိုက်စရိတ် ချေးငွေ၏ (၁၀) ရာခိုင်နှုန်းကို စုဆောင်းငွေအဖြစ် ဖြတ်တောက်စာရင်း ထားရှိခြင်းကိစ္စတို့ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးခင်မောင်ရီ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြည်ထောင်စု ဒုတိယ ဝန်ကြီးများနှင့် အမျိုးသား လွှတ်တော် ကိုယ်စားလှယ် များအားလုံး မင်္ဂလာပါလို့ ကျွန်တော် လေးစားစွာဂါရဝပြု

နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့မေးမြန်းခွင့် ရရှိတဲ့ မေးခွန်း ကတော့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ လူဦးရေ (၇၀)ရာခိုင်နှုန်းခန့်ရှိပြီးတော့ ကျေးလက်နေ တောင်သူလယ်သမားများ၏ အကျိုးနဲ့ယှဉ်ပြီး ၎င်းတို့ရဲ့ ဆန္ဒနဲ့ တင်ပြချက်အရ ကျွန်တော်က မေးမြန်းပေးရခြင်း ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ၆-၃-၂၀၁၂ ရက်နေ့ က ပြည်ထောင်စုလွှတ်တော် ၁၉ ရက်မြောက်နေ့ အစည်းအဝေးမှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးမြင့်ထွန်း တင်ပြသွားတဲ့ အဆိုနဲ့ထပ်တူထပ်မျှ ဖြစ်နေပါတယ်။ ဒါပေမဲ့ ဒီမေးခွန်း ကို ကျွန်တော် က ၁၂-၁-၂၀၁၂ ရက်ကတည်းက တင်ပြ ထားတာဖြစ်ပြီးတော့ ၂၄-၂-၂၀၁၂ ရက်နေ့မှာကျင်းပရန် ရည်ရွယ်ထားတဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးရဲ့ လျာထားအစီအစဉ်မှာ ပါခဲ့ပြီးဖြစ်ပါ တယ်။ အဲဒီနေ့ က ဘတ်ဂျက် ကိစ္စနဲ့ မကျင်းပဖြစ်ခဲ့တဲ့ အတွက်ကြောင့် ဒီ နေ့မှာ ကျွန်တော် မေးမြန်းရခြင်းဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ အဆိုတွေဟာ အခုလိုညှိနှို င်းထားခြင်းမရှိဘဲ ထပ်တူထပ်မျှကျနေခြင်းကိုက နေရာဒေသအနှံ့အပြားမှာရှိတဲ့ တောင်သူလယ်သမားများ ရဲ့ ခံစား တွေ့ကြုံနေရတဲ့ ပြဿနာဟာ Common Issue တစ်ရပ်အနေနဲ့ တူနေတယ်ဆိုတာကိုလည်း ဖော်ပြနေခြင်း ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော့်အနေနဲ့ အခုသွားခဲ့တဲ့အခါမှာ တင်ပြချက် အပေါ်မှာ ကတိကဝတ်ရှိခဲ့တဲ့အတွက်ကြောင့် မေးမြန်း ပေးရခြင်းဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ မေးခွန်းရဲ့ ပထမပိုင်းကတော့ ကျွန်တော် စို က်ပျိုးစရိတ်ချေးငွေနဲ့ ပတ်သက် ပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေများကို ချေးထားပြီး တဲ့နောက် ပြန် လည်ပေးဆပ်ရမယ့်ကာလဟာ ဇန်နဝါရီလ ၁၅ ရက်ကနေ ဖေဖော်ဝါရီလ ၂၈ ပေါ့။ လကုန်ထိအောင် ကျွန်တော်တို့ သတ်မှတ် ထားတာ ဖြစ်ပါတယ်။ အဲဒီအချိန်ကတော့ အမြဲတမ်းတောင်သူတွေရဲ့ ပေးဆပ်ရမယ့်ကာလ ကြုံမှန်းသိတဲ့အတွက်ကြောင့် ထွက်ပေါ်လာတဲ့ သီးနှံစျေးနှုန်း အမြဲကျလေ့ ရှိပါတယ်။ အထူး သဖြင့် ဒီနှစ်လို ကမ္ဘာ့ငွေလဲလှယ်နှုန်း စျေး ကျတဲ့အချိန်၊ နောက်တစ်ခါ ရာသီဥတုဖောက်ပြန်တဲ့ အတွက်ကြောင့် သီးနှံဆုံးရှုံးပျက်စီးတဲ့ အချိန် ပိုပြီးတော့ နှစ်ခါ ပြန်နစ်နာနေတဲ့ လယ်သမားများ အနေနဲ့ ပေးဆပ်ရမယ့်ကာလမှာ ဘယ်လိုပဲ ကျပ်တည်း ကျပ်တည်း သူ့ရဲ့တာဝန်အရ သိတတ်တဲ့ လယ်သမားတွေကတော့ မိမိရဲ့ လယ်ထွက်စပါးတွေကို ရတဲ့စျေးနဲ့ပဲ ရောင်းချပြီး ထိုးပြီးတော့ ရောင်းပြီးတော့ ဆပ်လိုက်ကြပြီး ဖြစ်ပါတယ်။ ဒီမေးခွန်းရဲ့ အကျိုးကျေးဇူးဟာတော့ ကျန်ရှိနေတဲ့ လယ်သမားများအတွက်တော့ သက်ရောက်မှာ ဖြစ်ပါတယ်လို့ ကျွန်တော် ထင်ပါတယ် ခင်ဗျား။

ဒီအပြင် ဒီဟာက နှစ်စဉ်ဖြစ်နေ မယ့် ပြဿနာတစ်ရပ် ဖြစ်နေတဲ့အတွက်ကြောင့် ဒါကိုလည်း ကျွန်တော်က ထည့်သွင်းစဉ်းစား နိုင်အောင် ဒီမေးခွန်းလေးကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဝန်ကြီးဌာနဘက်က ကြည့်တော့လည်းပဲ စိုက် ပျိုးစရိတ်ချေးငွေ ပြန်ဆပ်ရမယ့် ကာလနဲ့ ဘတ်ဂျက်ပိတ်မယ့်ကာလ ရှိတဲ့အတွက်ကြောင့် မတ်လ (၃၁)ရက်နေ့မှာ ဘတ်ဂျက်က ပိတ်ကို ပိတ်ရမှာ ဖြစ်တဲ့အတွက်ကြောင့် ကြိုတ င်ကောက်ရတာ ဒါထုံးစံ ဖြစ်ပါတယ်။ သို့သော်ငြား လည်းပဲ တောင်သူလယ်သမားများဘက်က သက်သာခွင့် ပြေလည်ခွင့်ရအောင် ဘယ်လိုများ အကောင်းဆုံးစီစဉ်ပေးနိုင်မလဲဆိုတာကို စဉ်းစားနိုင်အောင် ပထမမေးခွန်း ရဲ့ ပထမပိုင်းကို မေးခွန်းမေးခြင်း ဖြစ်ပါတယ်။

ဒုတိယပိုင်းမေးခွန်းကတော့ ပိုပြီး အဓိက ကျပါတယ်။ စိုက်စရိတ် ချေးငွေထုတ်ပေးတဲ့ အချိန်မှာ ကျွန်တော်တို့ ဟိုတုန်းကတော့ (၁၀) ရာခိုင်နှုန်းထိအောင် အများဆုံးပေါ့။ ၅ ရာခိုင်နှုန်း မှ ၁၀ ရာခိုင်နှုန်းထိ လယ်ဧကပေါ်မှာ မူတည်ပြီးတော့ ချွေတာစုဆောင်းတတ်တဲ့ အလေ့အထရဖို့ တစ်နည်းအားဖြင့် စုဆောင်းငွေတစ်ရပ် ပိုင်ဆိုင်သွားဖို့ တတိယအချက်ကတော့ မိမိစုဆောင်းငွေ အပေါ်မှာ ရပ်တည်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်ကောင်းများနဲ့ လမ်းစဉ်ပါတီခေတ်ကတည်းက စတင် ပြီးတော့ စိုက်စရိတ်ချေးငွေမှာ ဖြတ်တောက်ထားလေ့ ရှိပါတယ်။ ဟိုတုန်းကတော့(၂၀၀၀) လောက် ချေးတာဖြစ်တဲ့အတွက်ကြောင့် ရာဂဏန်းလောက် ပဲ သွင်းရတာ ဖြစ်ပါတယ်။ နောက်ကျတော့ တိုးတိုးလာတဲ့အခါမှာ အခုလက်ရှိ (၂၀၀၀၀) သောင်းတို့ (၄၀၀၀၀) သောင်းတို့ ပေးတဲ့အခါမှာ ထည့်ဝင်ငွေတွေဟာ များလာတာ ဖြစ်ပါတယ်။ အဲဒါတွေနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုပဲ ရည်ရွယ်ချက်ကောင်းနဲ့လုပ်ခဲ့ပေမယ့် တောင်သူရဲ့ လက်တွေ့မှာတော့ ခံစားနေရတာတော့ သူတို့ဆန္ဒမပါဘဲ ရာခိုင်နှု န်းနဲ့ ဖြတ်ယူတယ်ဆိုတဲ့ အမြင်ပဲ သူတို့ မြင်ပါတယ်။ ကျွန်တော် တောင်သူနှစ်ဦးဆီက စာအုပ်ကလေး များ ယူလာပါတယ်။ မိတ္တူကူးလာခြင်း ဖြစ်ပါတယ်။ ဒီမိတ္တူအရ ကျွန်တော်တို့ အထောက်အထားလေးနဲ့ ကျွန်တော် တင်ပြခွင့်ပြုပါ။

ပထမစာအုပ်က ဒါကျွန်တော်တို့ တောင်သူတစ်ဦးရဲ့ စာအု ပ်ပါ။ ၁၁.၁၀.၉၆ က စာမျက်နှာ ၄၊ ၅ မှာ စပါတယ်။ စာမျက်နှာ ဟိုဘက်ဒီဘက် ဘယ် /ညာ ဖြစ်ပါတယ်။ အဲဒီမှာ သူစပြီး(၁၀၀) စသွင်းပါတယ်။ ဒါကြောင့် လက်ကျန်ငွေ (၁၀၀) စသည်ဖြင့် ဒီလို နှစ်အလိုက် သွင်းသွားတဲ့အခါမှာ သူတို့ဟာ စာမျက်နှာ ၂၀၊ ၂၁ မှာ ဆုံးပါတယ်။ ၂၀၊၂၁ က ဘယ်နေ့ကျသလဲ

ဆိုတော့ ၃၁-၃-၂၀၁၁ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နှစ် ဘတ်ဂျက်ပိတ်တဲ့ကာလ ဖြစ်ပါတယ်။ အဲဒီ အချိန်မှာ ဒီတောင်သူ ရဲ့ စုဆောင်းငွေဟာ (၈၇၉၅၉)ကျပ်နဲ့ (၃၅)ပြားဆိုတာ ပေါ်ပါတယ်။ ဒါပေမဲ့ စာမျက်နှာပြောင်းတဲ့အခါမှာ ၃၀၊ ၃၁ လည်းကူးသွားရော ကော်လံပုံစံ တစ်ခါတည်း ပြောင်းသွားတယ်။ ကော်လံပြောင်းသွားတဲ့အတွက်ကြောင့် သူက ထုတ်ချေးငွေရယ် ပြန်လည် ပေးဆပ်ငွေ အရင်းအတိုး ဒဏ်တိုး၊ ဒါကြောင့်မို့လို့ ကြွေးကျန်တာဝန်ခံလက်မှတ်ဆိုတဲ့ ကော်လံပဲ ကျန်ပြီး စုဆောင်းငွေပျောက် သွားတယ်။ တောင်သူက အဲဒါကို စိတ်မချမ်းသာ ဖြစ်သွားတယ်။ အဲဒီလိုပဲ နောက်ထပ်ဆက် သွားတဲ့အခါမှာ ဒီစာမျက်နှာအတိုင်း ဘယ်လိုပဲသွားသွား အဲဒီလိုပဲ သွားတဲ့အတွက်ကြောင့် အရင် စုဆောင်းငွေဆိုတဲ့ ကော်လံဟာ ပျောက်သွားပါတယ်။ ဒီနှစ် လည်းပဲ ဒီတောင်သူဟာ ၁-၆-၂၀၁၁ ရက်နေ့က စိုက်ပျိုးစရိတ်ချေးငွေမှာ ဒီပုဂ္ဂိုလ်ဟာ ၄၄၀၀၀ ရလိုက်တဲ့အတွက်ကြောင့် ၁၀၀၀၀ လောက် စု ခဲ့ရပါတယ်။ အဲဒါကျတော့ ထည့်မယ့် ကော်လံ မပါတော့ပါဘူး ခင်ဗျ။ အရင်တုန်းကတော့ ဘာပဲပြောပြော စာအုပ်ထဲမှာ ရှိနေတယ် ဆိုတာတော့ မြင်ရတယ်။ ကော်လံလည်း ပျောက်သွားတယ်။ အခုတစ် ခါ ဒီနှစ် ထည့်တာကျတော့လည်း ကော်လံမရှိဘူးဆိုတော့ သူတို့က ပူပင်ပါတယ် ခင်ဗျား။ ဒါထုံးစံပါပဲ။ ဒါတစ်ချက်ပါ။

နောက် တစ်ယောက်ကျတော့ ဒါ ဒုတိယစာအုပ်ကလေးပါ။ ဒီမှာလည်း အတူတူပါပဲ။ ဒါတူတာက တော့ စာမျက်နှာ ၄ ၊ ၅ ကပဲ စပါတယ်။ သူက ၃၂၈ ကျပ်က စပါတယ်။ နောက်ဆုံး စာမျက်နှာ၂၄၊ ၂၅ မှာ သူရဲ့ငွေဟာ ၁၀၇၅၈၈.၉၆ ကျန်ပါတယ်။ အဲဒီလိုပဲ စာမျက်နှာ ၃၀၊ ၃၁ ကူးတဲ့အခါမှာ အဲဒီကော်လံပျောက်သွားပြီးတော့ ဒီနှစ် သူ ငါးသိန်းခြောက်သောင်း ထုတ်တဲ့ အခါမှာ ငွေ ၁၀၀၀၀ လောက်သွင်းခဲ့ပေမယ့် စုဆောင်းငွေ မပေါ်ပါဘူး။ သူတို့ဒါနဲ့ ပတ်သက်လို့ ပူပန်ပါတယ် ခင်ဗျား။ အထူးသဖြင့်ကတော့ ဒီနှစ်လို ကြပ်တည်းတဲ့အခါမှာ ကျွန်တော်တို့ သမ္မတကြီးရဲ့အစီအစဉ်နဲ့ နယ်တွေမှာ ဆင်းရဲနွမ်းပါးတဲ့ပုဂ္ဂိုလ်များကို သက်သာတဲ့အတိုးနှုန်းနဲ့ ချေးပေးတယ်ဆိုတာ (၃)သောင်းမှာ အများဆုံးရတာပါ။ (၃)သောင်းတောင် လူတိုင်းမရနိုင်တဲ့ အချိန်မှာ သူတို့ရဲ့စုဆောင်းငွေဟာ(၈)သောင်းတို့ (၁)သိန်းတို့ ဖြစ်နေတဲ့အတွက်ကြောင့်မို့ သူတို့ ဒါလေးကို မက်ပါတယ်။ ဒီလို ကျပ်တည်းတဲ့အချိန်မှာ သူတို့ ထုတ်ချင်ပါတယ်။ အဲ ဒီတော့ အဲဒါလေး ထုတ်ချင်တဲ့အတွက်ကြောင့် သူတို့ဒါကို တင်ပြခြင်း ဖြစ်ပါတယ်။ ကျွန်တော့် ဆီမှာ လာပြီးတင်ပြတဲ့ဟာလည်း ကျွန်တော် လက်ရေးလေးနဲ့ရေးလာပြီး လက်မှတ်ထိုးပြီး စုဆောင်း လာတာလည်း ရှိပါတယ်။ ဒါ ကျွန်တော် အနီးစပ်ဆုံး တောင်သူ(၂)ဦးရဲ့ စာအုပ် (၂)အုပ်ပဲ

ယူလာခြင်း ဖြစ်ပါတယ်။ တစ်ပြည်လုံးမှာ တောင်သူလယ်သမားအရေးအတွက်ဟာ သန်းဂဏန်း ဖြစ်မှာဖြစ်တဲ့အတွက်ကြောင့် မြန်မာ့ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှာတော့ ကုဋေဟာ ထောင်နဲ့ချီပြီး ရှိနေမှာ သေချာပါတယ်။ ကျွန်တော် ဒါနဲ့ပတ်သက်ပြီးတော့ ဒီစာအုပ်က ပျက်စီး ၄ ပျောက်ဆုံး တာလည်း ရှိပါတယ်။ လယ်သမားဆိုတာ ကလည်း ကျေးလက်တွေမှာနေရတော့ ရေကြီးတာ၊ နစ်မြုပ်တာ၊ လေမုန်တိုင်းဖြစ်တာ နောက်တစ်ခါ မိဘသေလို့ သားသမီးက ဆက်ခံလုပ်တာ လည်း ရှိပါတယ်။ အဲဒီအခါကျတော့ စာအုပ်အစ ပျောက်သွားပါတယ်။ ဒါနဲ့ပတ်သက်လို့ သွားမေးရင်လည်း အရေးလုပ်ပြီး ဖြေမယ့်သူမရှိတဲ့အတွက်ကြောင့် လယ်သမားများဟာ တော်တော် စိတ်မချမ်းသာ ဖြစ်ပါတယ်။ အထက်ကလုပ်တဲ့ ရည်ရွယ်ချက်တွေ ဘယ်လောက်ပဲ ကောင်းကောင်း အောက်ခြေမှာဆောင်ရွက်တဲ့ လက်တွေ့လုပ်တဲ့ သူတွေဟာ စေတနာမဲ့တာ၊ မချေမငံဆက်ဆံတာ စာနာစိတ်နဲ့ ရှင်းပြတာမျိုး မရှိတဲ့အတွက်ကြောင့် နောက်ဆုံးမှာ ဒီစုဆောင်းငွေနဲ့ပတ်သက်ရင် သူတို့ သဘောမတူဘဲ ဖြတ်တောက်သွင်းထားတယ်။ ဒီစာရင်း စာရင်းဖျောက်လုပ်ပစ်တယ်ဆိုတဲ့ အစွဲပဲ စွဲသွားပါတယ်။ အဲဒီအချက်ဟာအစိုးရရဲ့ Image ကို ထိခိုက်စေပါတယ်။ ဒါဆိုရင်တော့ ကျွန်တော်တို့က Good Governance ရလာမှာ မဟုတ်ပါ ဘူး။ ဒါကြောင့် ကျွန်တော်တို့ ဘတ်ဂျက်ညှိတဲ့ (၂၄)ရက် (၂)လနေ့က ဝန်ကြီးနဲ့ တွေ့ဆုံစဉ်မှာ ဝန်ကြီးရော၊ ဒု-ဝန်ကြီးရောပါတော့ ကျွန်တော် ဒါကို တင်ပြပါတယ်။ ကံကောင်းတာက ဝန်ကြီးရော၊ ဒု-ဝန်ကြီးရော ပြဿ နာကို ခြေခြေမြစ်မြစ် စုံစမ်းပြီး ဖြစ်ပါတယ်။ တကယ်လည်း သူတို့ သိရှိနေပါတယ်။ ဒါကတော့ ကျွန်တော် အလွန်ကျေးဇူးတင်ဖို့ ကောင်းပါတယ်။

ဒါကြောင့် ကျွန် တော်တို့ ဒီလိုမေးတဲ့အခါမှာ Prompt Action ယူတဲ့အနေနဲ့ မေးပြီးတာနဲ့ မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာရှိတဲ့ ကျေးလက်ဖွံ့ဖြိုး ရေးဘဏ်တွေမှာ စာရင်းတွေ ရှိပါတယ်။ ဒီစာရင်းတွေဟာ မပျောက်ပါဘူး။ ဒီစာရင်းများကို ပြန်ဖော်ထုတ်ပြီးတော့ မြို့နယ် အလိုက် တောင်သူတွေဆီမှာ ဘယ်လောက်ကျန်တယ်ဆိုတာကို တိုက်နယ်အလိုက် သူတို့ လုပ်နေကျအတိုင်းပဲ ငွေချေးတုန်းကလိုပဲ စာရင်းပြန်ဖော်၊ ဖော်ပြီးတော့ ဒါလေးတွေကို ပြန်လည် ပေးတဲ့ အခမ်းအနားလေးတွေ မှတ်ပုံတင်ကတ်ပြားထုတ်ပေးသလိုမျိုး လုပ်မယ်ဆိုရင် နိုင်ငံတော် မှာလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ Image က တက်လာ မယ်။ တောင်သူလယ်သမားတွေကလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြမယ်လို့ ကျွန်တော် ယုံကြည်ပါ တယ်။ ဒီအပြင် စာအုပ်ပျောက်လို့ မိဘသေ လို့ဆိုပြီးတော့ စာရင်းပျောက်တဲ့ ဟာမျိုး မဖြစ်ဘဲနဲ့

ခံစားခွင့် ပြန်လည်လျှော်ထားနိုင်အောင် လျှော်ထားတယ်ဆိုတဲ့နေရာမှာလည်း ရိုးရိုး ရှင်းရှင်းလွယ်လွယ်ကူကူနဲ့ တောင်သူတွေ လက်လှမ်းတမီဖြစ်မယ့် ပုံစံမျိုးလေးနဲ့ ပြန်လည် ထုတ်ပေးရန် သင့်ပါကြောင်းလို့ ကျွန်တော် ထင်ပါတယ်ခင်ဗျ။

ဒါကြောင့် ကျွန်တော်ရဲ့ မေးခွန်းက အပိုင်း (၁)ကတော့ တောင်သူများအကြပ်အတည်း တွေ့နေတဲ့ကာလ ဖြစ်တဲ့ အတွက်ကြောင့် စိုက်စရိတ်ကာလကို ပြန်ဆပ်ရန် တစ် လတိုး၍ သတ်မှတ်ခွင့်ပြုနိုင်ခြင်း ရှိ /မရှိ ဒါကတော့ အခုဆောင်ရွက်ပြီး လို့ ထင်ပါတယ်။ ဒုတိယ အချက်က အရေးကြီးပါတယ်။ စိုက်စရိတ်ထုတ်ယူစဉ်ကတည်းက ဖြတ်တောက် သွင်းထားတဲ့ ငွေတွေဟာ ဆန္ဒမပါဘဲ သွင်းထားရတာဖြစ်တဲ့အတွက်ကြောင့် အမြန်ပြန်လည်ပေးရန် အစီအစဉ် ရှိ/မရှိ ရှိပါက အကြောင်းအရင်းနဲ့ အဲဒီလို ပြန်ထုတ်ပေးဖို့ အစီအစဉ် မရှိ ဘူးဆိုရင်လည်း ဒီစုဆောင်းငွေသည် တောင်သူကို အကျိုးမပြုတာ သေချာပါတယ်။ ဒါကြောင့် တောင်သူအကျိုး မဆောင်သော စုဆောင်းငွေစနစ်ကို ဆက်လက်ကျင့်သုံးရန် သင့် /မသင့် သိရှိလိုတဲ့အတွက် ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒီမောဆိုမြို့နယ်ရှိ ယခင် စိုက်ပျိုးရေးအထက်တန်းကျောင်းကို စိုက်ပျိုးရေး သိပ္ပံကျောင်းအဖြစ် အဆင့်တိုးမြှင့် ပြန်လည်ဖွင့်လှစ်ပေးရန်အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဘိုးရယ် က ဒီမောဆိုမြို့နယ်ရှိ ယခင် စိုက်ပျိုးရေးအထက်တန်းကျောင်းကို စိုက်ပျိုးရေးသိပ္ပံကျောင်းအဖြစ် အဆင့်တိုးမြှင့် ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးဘိုးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)။** ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးများ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဘိုးရယ် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျွန်တော်တို့ ဒီမောဆိုးမြို့နယ်မှာရှိခဲ့တဲ့ ယခင်စိုက်ပျိုးရေး အထက်တန်းကျောင်းကို စိုက်ပျိုးရေး

သိပ္ပံကျောင်းအဖြစ် အဆင့်တိုးမြှင့်ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ကယားပြည်နယ် ဒီမောဆိုမြို့နယ်မှာ ယခင်ကစိုက်ပျိုးရေး အထက်တန်းကျောင်းကို၉၇၀ ခုနှစ်မှာ ဖွင့်လှစ်ခဲ့ပါတယ်။ ဒီမောဆို စိုက်ပျိုးရေးအထက်တန်းကျောင်းရဲ့ မြေဧရိယာကတော့ ၃၃.၁၆ ဧက ရှိပြီး ကျောင်းသားဆောင် (၂)ဆောင်၊ စာသင်ဆောင်(၂)ဆောင်မှာ စာသင်ခန်းစုစုပေါင်း (၈)ခန်း ဖွဲ့စည်းထားပါတယ်။ အရင်တုန်းက နှစ်စဉ်ကျောင်းသား (၅၀)ဦးကို လက်ခံသင်ကြား ပြီးတော့မှ အဆိုပါကျောင်းမှာ ကျောင်းသားပေါင်း (၅၄၀)ဦးကို လေ့ကျင့်မွေးထုတ် ပေးနိုင်ခဲ့တဲ့ အတွက် ကျွန်တော်တို့ဒေသအတွက် များစွာအကျိုးပြုပေးခဲ့ပါတယ်။ သို့သော်လည်း ၁၉၉၉- ၂၀၀၀ ဘဏ္ဍာရေးနှစ်ကနေစပြီးတော့မှ ဒီမောဆို စိုက်ပျိုးရေး အထက်တန်းကျောင်း ကို မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်းသို့ လွှဲပြောင်းပေးတာနဲ့စလို့ သင်တန်းသားခေါ်ယူမှု မရှိခဲ့တာ ဒီနေ့ထိပဲ ဖြစ်ပါတယ်။ လက်ရှိမှာ ဒီမောဆို စိုက်ပျိုးရေးအထက်တန်းကျောင်းရဲ့ မြေနေရာ၊ ကျောင်း အဆောက်အဦ ပရိဘောဂတွေဟာ အသုံးပြုမှုမရှိတော့လို့ ကျွန်တော်တို့ ကယားပြည်နယ် ပြည်သူလူထုများအတွက် အကျိုးပြုနိုင်ဖို့အတွက် စိုက်ပျိုးရေးသိပ္ပံကျောင်းအဆင့် ပြန်လည် တိုးမြှင့်ဖွင့်လှစ်ပေးစေလိုပါတယ်။ တကယ်လို့ ဒီမောဆို စိုက်ပျိုးရေးသိပ္ပံကျောင်းအဖြစ် အဆင့် ပြန်လည်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်မယ်ဆိုရင် စိုက်ပျိုးရေးနည်းပညာအတွက် လိုအပ်တဲ့ လူ့စွမ်းအား အရင်းအမြစ်တွေ ဖွံ့ဖြိုး လာမယ်။ ဒေသခံပြည်သူတွေ အလုပ် အကိုင်အခွင့်အလမ်းတွေ ရရှိလာ မယ်။ ကျောင်းအဆောက်အဦ ပရိဘောဂတွေကိုလည်း မပျောက်မပျက် ဘဲနဲ့ အကျိုးရှိရှိ ပြန် အသုံးပြုနိုင်မယ်။

ကျွန်တော်တို့ ကယားပြည်နယ် လယ်ယာစိုက်ပျိုးရေးအတွက်အကျိုးပြုလို့ ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် များစွာ အထောက်အကူပြုမှာဖြစ်တဲ့အတွက် ကျွန်တော့် အနေနဲ့ ကယား ပြည်နယ် ပြည်သူလူ ထုများကိုယ်စား မေးမြန်းလိုတာကတော့ (၁)ယခင် ဒီမောဆို စိုက်ပျိုးရေး အထက်ကျောင်းကို စိုက်ပျိုးရေးသိပ္ပံကျောင်းအဖြစ် အဆင့် တိုးမြှင့် ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်၊ (၂) အကယ်၍ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်

ပေးနိုင်မယ်ဆိုတာကို သိရှိလိုတဲ့အတွက် လေးစားစွာ မေးမြန်း အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဖလမ်းမြို့နယ်တွင် သစ်မွေးပင်နှင့် နဂါးမောက်ပင်များစီးပွားဖြစ် စိုက်ပျိုးထုတ်လုပ် နိုင်မည့် ရေမြေသဘာဝရှိပါသဖြင့် မျိုးစေ့နှင့် အ ပင်ပေါက်များ မြို့နယ်တွင်ရရှိနိုင်အောင် သက်ဆိုင်ရာမှ စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ဦးဇုန်လှယ်ထန်းရဲ့ မေးခွန်းနဲ့ပတ်သက်လို့ ဝန်ကြီးဌာနက စာနဲ့ ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။ ဦးဇုန်လှယ်ထန်း က ခွင့်ပန်ထားလို့ ဖြစ်ပါတယ်။

**တောင်သူ လယ်သမားများ၏ လယ်ယာဖွံ့ဖြိုးရေးဘဏ် စုဆောင်းငွေ နှင့် စပ်လျဉ်းသည့် မေးခွန်း နှင့် လပွတ္တာမြို့နယ်၊ ဇင်ရွဲကျွန်းရေငံတားပတ်တာတည်ဆောက်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးလှိုင်ဦး က တောင်သူ လယ်သမားများ၏ လယ်ယာဖွံ့ဖြိုးရေးဘဏ်စုဆောင်းငွေနှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် လပွတ္တာမြို့နယ်၊ ဇင်ရွဲကျွန်းရေငံတားပတ်တာ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးလှိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သဂါရဝပြု အပ် ပါတယ် ခင်ဗျား။ ကျွန်တော့် အနေနဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ ပတ်သက်ပြီးတော့ ကျေးလက်နေတောင်သူ လယ်သမားတွေရဲ့ သိရှိလိုတဲ့ မေးခွန်း(၂)ခုကို ကျွန်တော်တစ်ဆက်တည်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ပထမအနေနဲ့ လယ်သမားအများစု ကျွန်တော်တို့ဒေသက လယ်သမားတွေ ရော၊ တစ်ပြည်လုံးမှာရှိတဲ့ လယ်သမားတွေရော အားလုံးသိရှိလိုတဲ့ လယ်ယာဖွံ့ဖြိုးရေးဘဏ် တစ်နည်းအားဖြင့် ဒေသအခေါ် စိုက်ဘဏ်ရဲ့ စုဆောင်းငွေနဲ့ စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ရှေ့ကလည်း ကျွန်တော်တို့ အစ်ကိုကြီး ဦးခင်မောင်ရီ ကနေပြီးတော့ စုဆောင်းငွေနဲ့ပတ်သက်ပြီးတော့ လယ်သမားတွေ တွေ့ကြုံနေရတဲ့အခက်အခဲ တွေကို ပြည့်ပြည့်စုံစုံ တင်ပြသွားတဲ့အနေနဲ့ ကျွန်တော်ကတော့ အဓိကလိုရင်းကိုပဲ မေးမြန်းသွားမှာဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်မှာ ကျွန်တော်တို့ ဦးမြင့်ထွန်း ကနေပြီးတော့ ဒါနဲ့ပတ်သက်ပြီးတော့ အဆိုတစ်ရပ်လည်း တင်သွင်း ထားတဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဒါကိုတော့ အကျဉ်းချုံးပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်ဟာ မြန်မာတစ်နိုင်ငံလုံးမှာ စိုက်ပျိုးဧကအများဆုံးဒေသ တစ်ခု ဖြစ်ပါတ ယ်။ တောင်သူလယ်သမားလည်း အများစုနေထိုင်လုပ်ကိုင်တဲ့ ဒေသတစ်ခု ဖြစ်ပါတယ်။ ဒီမှာ တောင်သူလယ်သမား တွေ တော်တော်များများက သိလိုတဲ့ဟာပေါ့။ ရှင်းရှင်းလင်းလင်း သိချင်တဲ့ဟာကတော့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာ စုဆောင်းငွေအဖြစ် ငွေစုစာအုပ်နဲ့ စုဆောင်းထားတဲ့ငွေတွေနဲ့ ပတ်သက်တဲ့ အချက်(၃)ချက် ဖြစ်ပါတယ်။

နံပါတ်(၁)အချက်အနေနဲ့ကတော့ စိုက်ပျိုးစရိတ်ချေးငွေတွေ ပြန်လည်ပေးဆပ်တဲ့ နေရာမှာ ချေးငွေအရင်းနဲ့ သတ်မှတ်အတိုးနှုန်း ပေးသွင်းရတဲ့အပြင် စုဆောင်းငွေအဖြစ် အချို့ ကျေးရွာအုပ်စုများမှာ ၆ ရာခိုင်နှုန်း၊ အချို့ကျေးရွာအုပ်စု များမှာ ၈ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်း စသည်ဖြင့် ကွဲပြားခြားနားပြီးတော့ ကျွန်တော်တို့ စုဆောင်းနေရပါတယ်။ ဒါကြောင့် မို့လို့ လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ မည်သည့်သတ်မှတ်ချက်နဲ့ စုဆောင်းငွေများ စုဆောင်းရန် သတ်မှတ်ထားကြောင်းနဲ့ တ စ်ပြေးညီ သတ်မှတ်မယ်ဆိုရင်လည်း သတ်မှတ်သင့်ပါကြောင်း ကျွန်တော်တို့ လယ်သမားအများစုက သိရှိလိုတာ ဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ကတော့ လယ်သမားတွေ လက်ဝယ်မှာရှိတဲ့ ငွေစုဘဏ်စာအုပ်မှာ စာစာက ဦးခင်မောင်ရီ တင်ပြသလိုပါပဲ။ ကျွန်တော်တို့ လယ်သမားတွေက သူတို့ စုဆောင်းထားတဲ့ငွေက ဘယ်လော က်ရှိတယ်။ အတိုးက ဘယ်လောက် ရတယ်။ ဒါ ဘဏ်စာရင်း နောက်ဆုံးလက်ကျန်က ဘယ်လောက်ရှိတယ်ဆိုတာကို ရှင်းရှင်းလင်းလင်း တော်တော်များများ

မသိကြပါဘူး။ ဒီလို မ သိရတဲ့အကြောင်းအရင်းကလည်း နှစ်ဖက် ပြဿနာတော့ ရှိပါတယ်။ လယ်သမားတွေ ကိုယ်တိုင်ကလည်း မိမိရဲ့စုဆောင်းငွေနဲ့ ပတ်သက်ပြီးတော့ ရရှိနိုင်တဲ့အတိုး နောက်ဆုံးလက်ကျန်ငွေကို စာရင်းရေးသွင်းရကောင်းမှန်း မသိတာတို့ ကျွန်တော်တို့ ငွေဆပ်တဲ့ နေရာမှာ စုဆောင်းငွေသွင်းတဲ့နေရာမှာ အချို့စာအုပ်တောင် ကျန်ခဲ့တာတို့ဆိုတဲ့ အကြောင်းတွေ လည်း ရှိပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးဘဏ်၊ လယ် ယာ ဖွံ့ဖြိုးရေးဘဏ်နဲ့ ပတ်သက်ပြီးတော့ ငွေကြေးပမာဏတွေက များတဲ့အခါမှာ ဘဏ်ဝန်ထမ်း တွေဟာ လုပ်ငန်းကို ကျွန်တော်တို့ တစ်ခါတလေ တချို့ဆိုရင် မနက်စာတောင် လွတ်ပါတယ်။ ကျွန်တော်တို့လည်း မျက်မြင်ကိုယ်တွေ့ ဖြစ်ပါတယ်။ ဝန်ထမ်းတွေက အဲဒီလို ကြိုးစားပမ်းစား လုပ်သော်လည်း မနိုင်မနင်းတွေဖြစ်ပြီးတော့ ကျွန်တော်တို့ ဒီစာရင်း ရေးသွင်းနိုင်မှု အားနည်းတဲ့ အချက်တွေလည်း ဒါ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက် ပြီးတော့လည်း ကျွန်တော်တို့က နည်းလမ်းလေးရှာပြီးတော့ စုဆောင်းငွေကို စုဆောင်းသူ သိရှိအောင် နောက်ဆုံးလက်ကျန်ငွေလေးကို စာရင်းရေးသွင်းပေးနိုင်တဲ့စနစ် တစ်ခုကို လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေနဲ့ ဖော်ဆောင်ပေးစေချင်တဲ့ ဆန္ဒလယ်သမားတွေမှာ ရှိကြပါတယ်။

တတိယအချက်အနေနဲ့ကတော့ ဒီစုဆောင်းငွေနဲ့ပတ်သက်ပြီးတော့ အခြားဘဏ် တွေရဲ့ နည်းတူပေါ့လေ။ ဒီစုဆောင်းငွေတွေကို ကျွန်တော်တို့ အဆင်ပြေတဲ့အချိန်မှာ စု ချင်ပါ တယ်။ စုတဲ့အခါမှာလည်း ကျွန်တော်တို့ ဘဏ်ကို ယုံယုံကြည်ကြည်နဲ့ အားကိုးအားထားပြုပြီး တော့ စုချင်ပါတယ်။ လယ်သမားတွေရဲ့ အခက်အခဲ အကြပ်အတည်း ရှိနေတဲ့ကာလမှာ လည်း ဒီစုဆောင်းငွေထဲကနေပြီးတော့ ဘဏ်တွေရဲ့ လုပ်ထုံးလုပ်နည်းအတိုင်းပေါ့လေ။ သတ်မှတ်ထားတဲ့ ချန်လှပ်ရမယ့် စုဆောင်းငွေပမာဏတစ်ခုကို ချန်လှ ပ်ပြီးတော့ ကျန်တဲ့ငွေတွေကို ထုတ်ယူခွင့် ပြုစေချင်ပါတယ်။ ဒီအချက် (၃)ချက်ကတော့ ကျွန်တော်တို့ ရောက်ရာဒေသတိုင်းက တောင်သူ လယ်သမားအများစုက ရှင်းရှင်းလင်းလင်းနဲ့ သိရှိလိုတဲ့ဆန္ဒတွေ ဖြစ် ပါတယ်။ ဒါကြောင့်မို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ဒေသခံတောင်သူလယ်သမား များ ကိုယ်စား တင်ပြမေးမြန်းရခြင်း ဖြစ်ပါတယ်။

ဒုတိယ ကျွန်တော်တင်ပြချင်တဲ့အချက်ကတော့ ကျွန်တော်တို့ ဒေသမှာရှိတဲ့ ဇင်ရွဲကျွန်း ပတ်တာတည်ဆောက်ရေးနဲ့ပတ်သက်တဲ့ အစီအစဉ်နဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်ပေးနိုင်ဖို့

အစီအစဉ် ရှိ /မရှိနဲ့ ပတ်သက်ပြီး ကျွန်တော့် အနေနဲ့ တင်ပြ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသမှာ နာဂစ်မုန်တိုင်းဒဏ် ခံစားရတဲ့ဒေသဖြစ်တဲ့အတွက် အခြား အခြားသော မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ တောင်သူလယ်သမားများထက် ကျွန်တော်တို့ဒေသမှာ ရှိတဲ့ တောင်သူလယ်သမားများဟာပိုပြီးတော့ ဆင်းရဲဒုက္ခ ရောက်ကြပါတယ်။ အခက်အခဲအကြပ် အတည်းမျိုးစုံ ကျွန်တော်တို့က ဖော်မပြနိုင်အောင် ဖော်ပြလို့မစွမ်းနိုင်အောင် ကျွန်တော်တို့ ဒုက္ခသုတ္တတွေကြုံနေတဲ့ဒေသလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီဒေသမှာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးကိုပါ တစ်နည်းတစ်ဖုံ အထောက်အကူပြုနိုင်တဲ့ ဇင်ရွဲကျွန်း ပတ်တာပေးဖို့ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီဇင်ရွဲကျွန်းကဆိုရင် လပွတ္တာမြို့နယ် သပြုကုန်း ကျေးရွာအုပ်စုရဲ့ အရှေ့တောင်ဘက်မှာတည်ရှိပြီး ရွှေးမြစ်နဲ့ ဇင်ရွဲကြီးချောင်းအကြားမှာ ကျွန်းသဖွယ် တည်ရှိတဲ့ဒေသ ဖြစ်ပါတယ်။ ဇင်ရွဲကျွန်းမှာ ကျေးရွာ(၅)ရွာ ကျွန်းပေါ်မှာ ရှိပါတယ်။ အိမ်ထောင်စု (၄၆၅)စုနဲ့ လူဦးရေ (၁၄၂၇)ဦး နေထိုင်ကြပါတယ်။ အများစုကတော့ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းနဲ့ အသက်မွေးဝ မ်းကြောင်းပြုတဲ့ တောင်သူလယ်သမား ကျေးရွာသူ/ ကျေးရွာသားများပဲ ဖြစ်ပါတယ် ။ နောက်ဇင်ရွဲကျွန်းမှာဆိုရင် ကျွန်တော်တို့ ဒီမိုးစပါး စိုက်ဧက ၄၀၅၀.၅၇ ဧကကို အဲဒီကျွန်းပေါ်မှာရှိတဲ့ ရွာ (၅)ရွာက တောင်သူတွေနဲ့ ကျွန်းပတ်ဝန်းကျင်က ကျေးရွာ(၃)ရွာ စုစုပေါင်း ကျေးရွာ(၈)ရွာက တောင်သူ (၂၀၈)ဦးကနေပြီးတော့ စိုက်ပျိုးလုပ်ကိုင် ကြပါတယ်။ တောင်သူလယ်သမားများ ရဲ့ ဝင်ငွေတိုးတက်ရေး စိုက်ပျိုး ထုတ်လုပ်မှု တိုးတက် ရေးနဲ့ သဘာဝဘေးအန္တရာယ်တွေကို ကာကွယ်တားဆီးတဲ့နေရာမှာ အထောက်အကူ ပြုနိုင်ဖို့ အတွက် ရေငံတားတမံ ဒါလေး တစ်ခုကို ကျွ န်တော်တို့ ဆောင်ရွက်ပေးဖို့အတွက် လယ်သမား အများစုကနေပြီးတော့ တင်ပြလိုတဲ့ ဆန္ဒရှိကြပါတယ်။ ဒီရေငံတား တမံဟာ ကျွန်တော်တင်ပြတဲ့ စာထဲမှာလည်း မြေပုံနဲ့အချက်အလက် ကလေးတွေပါ ပူးတွဲပြီး တော့ တင်ပြထားပါတယ်။ ၄၀၅၀.၅၇ ဧကကို ရေငံဝင်ရောက်ခြင်းမှ တားဆီးကာကွယ်နိုင်ပြီး စပါးအထွက်တိုးစေရန် မုန်တိုင်း ဒီရေလှိုင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ပါက အသက်ကယ်ကုန်းမြင့် အဖြစ် အသုံးပြုနိုင်တဲ့ ဇင်ရွဲကျွန်း ရေငံတားပတ်တာ(၈)မိုင်ခန့်ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက ဆက်လက်ပြီး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ /မရှိနဲ့ ရှိလျှင် မည်သည့်အချိန်မှာ

ဆောင်ရွက်ပေးနိုင်မယ်ဆိုတာကို ဒေသခံတောင်သူလယ်သမားများ ကိုယ်စား သိရှိလိုတဲ့အတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**စက်မှုဇုန်စက်ရုံများမှ လယ်ယာသုံးပစ္စည်းများ ထုတ်လုပ်မှုအခြေအနေနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဉာဏ်လင်း က စက်မှုဇုန်စက်ရုံများမှ လယ်ယာသုံးပစ္စည်းများ ထုတ်လုပ်မှုအခြေအနေနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)** ။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း ဖြစ်ပါတယ်။ စက်မှုဇုန်စက်ရုံများက လယ်ယာသုံးပစ္စည်းများ ထုတ်လုပ်မှုအခြေအနေနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းလိုခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကျေးလက်နေ လူဦးရေ (၇၀)ရာခိုင်နှုန်းခန့်ရှိပြီး လယ်ယာစိုက်ပျိုးရေးဖြင့် အဓိက အသက်မွေး ဝမ်းကျောင်းပြုကြသူများ ဖြစ် ပါတယ်။ နိုင်ငံတော် အစိုးရ ရည်မှန်းချက် မြင့်မြင့်မားမားနဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးဖို့ စက်မှုလယ်ယာသို့ ကူးပြောင်းလျက် ရှိနေပါတယ်။ စက်မှုလယ်ယာ အတွက် လယ်ထွန်စက်၊ သမန်းခွေစက် ၊ သမန်းခွေသံဘီး၊ စက်တုံး၊ ထွန်တုံး၊ မျိုးစေ့ချစက်၊ ကြားပေါင်းလိုက်စက်၊ ကောက်ရိတ်စက်၊ စပါးခြွေလှေ့ စက်၊ စပါးအခြောက်ခံစက်၊ ရေစုတ်စက် အစရှိသဖြင့် လယ်ယာသုံးစက်ကိရိယာများကို ထုတ်လုပ်လျက်ရှိကြောင်း သိရှိရပါတယ်။ သို့ဖြစ်တဲ့အတွက် စက်မှုလယ်ယာသို့ ကူးပြောင်းတဲ့အခါမှာ မရှိမဖြစ် လိုအပ်တဲ့ လယ်ယာသုံး စက်ကိရိယာများအား နိုင်ငံတော်ပိုင် ပုဂ္ဂလိကပိုင် စက်မှုဇုန်စက်ရုံများမှ ထုတ်လုပ်မှုအခြေအနေ ဖြန့်ဖြူးမှုအခြေအနေ တောင်သူလယ်သမားကြီးများ လိုအပ်ချက် ပြည့်မီအောင် အရေအတွက်နဲ့ အရည်အသွေးပြည့်မီမှုအခြေအနေ ဆက်လက်ဆောင်ရွက်မယ့်အခြေအနေတို့ကို လယ်သမားကြီး များသိရှိပါက အကျိုးများမှာ ဖြစ်တဲ့အတွက် သိသင့်သိထိုက်သည်များကို ဖြေကြားပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**လယ်သမားများအတွက် ပိုးသတ်ဆေး၊ မြေသြဇာများကို ဖြန့်ဖြူးပေးရန် နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် လယ်ယာစိုက်ပျိုး ရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအောက်ရှိ ပိုလျှံဝန်ထမ်းများ ပြန်လည်ခန့်အပ်ရန် သို့မဟုတ် နစ်နာကြေးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ က လယ်သမားများအတွက် ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာများကို ဖြန့်ဖြူးပေးရန် နှင့် စပ်လျဉ်း သည့်မေးခွန်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ပိုလျှံဝန်ထမ်းများ ပြန်လည်ခန့်အပ်ရန် သို့မဟုတ် နစ်နာကြေးပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးနိုင်ထွန်းအုံ ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)။** ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အမှတ် (၅)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ဖြစ်ပါတယ်။ အခု ကျွန်တော်မေးတဲ့ မေးခွန်းကတော့ နှစ်ပိုင်း ဖြစ်နေတယ်။ ပထမပိုင်းကတော့ လယ်သမားများအတွက် ပိုးသတ်ဆေး၊ မြေသြဇာများ ကို ဖြန့်ဖြူးရန် မေးခွန်းနဲ့လယ်ယာစိုက်ပျိုးရေးနဲ့ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ပိုလျှံဝန်ထမ်းများ ပြန်လည်ခန့်အပ်ရန် သို့မဟုတ် နစ်နာကြေးပေးရန် အစီအစဉ်ရှိ /မရှိနှင့် အဲဒါမေးမြန်း ရခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော်မေးတဲ့မေးခွန်းကတော့ လယ်သမားအတွက် မြေသြဇာဖြန့်ဖြူးတဲ့စနစ်ပါပဲ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင် မ .ဆ.လ အစိုးရလက်ထက်က လယ်သမားတွေ အတွက် မြေသြဇာဖြန့်ဖြူးရာမှာ မြို့နယ်မန်နေဂျာမှတစ်ဆင့် ၁၈ အချိုး ၄၂ မြေသြဇာ ဖြန့်ဖြူးခဲ့ ပါတယ်။ သို့သော်လည်း တချို့သောမြို့နယ် မန်နေဂျာတွေက မမှန်သော မသမာသောနည်း ဖြင့် မမှန်မကန်လုပ်လာလို့ ပြဿနာမျိုးစုံဖြစ်လာခဲ့လို့ တွေ့ မြင်ခဲ့ရပါတယ်။ တပ်မတော်အစိုး ရ လက်ထက်မှာ မြေသြဇာများကို တိုင်း /ပြည်နယ်အာဏာပိုင်အဖွဲ့မှတစ်ဆင့် မြို့နယ်အာဏာပိုင် အဖွဲ့ မြို့နယ်မှတစ်ဆင့် ကျေးရွာအာဏာပိုင်အဖွဲ့ ယင်းမှတစ်ဆင့် လယ်သမားလက်ထဲ ဖြန့်ဖြူး

ခဲ့ပါတယ်။ ၎င်းစနစ်ဟာ လယ်သမားလက်ထဲကို မြေ ဩဇာ မှန်မှန်ကန်ကန်ရောက်ပေမယ့် လယ်သမားတွေကို စည်းရုံးပညာ ပေးတဲ့အခါမှာ အားနည်းချက် တချို့ တွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ တွေ့ရတဲ့ အားနည်းချက်ကတော့ စိုက်ပျိုးရေးဝန်ထမ်းတွေဟာ လယ်သမားတွေနဲ့ ထိတွေ့စည်းရုံးပညာပေး ဟောပြောတဲ့အခါမှာ လယ်သမားတွေက စိတ်ဝင်စားမှုနည်းတာ တွေ့ရပါတယ်။ ဘာ့ကြောင့်လဲဆိုရင် စိုက်ပျိုးရေး ဝန်ထမ်းတွေဟာ လယ်သမားတွေကို ရုပ်ဝတ္ထု ပစ္စည်းအနေနဲ့ ဘာ မှပံ့ပိုးကူညီမှု မလုပ်နိုင်လို့ ပါပဲ။ ဥပမာ စိုက်ပျိုးရေးဝန်ထမ်းတွေက လယ်သမားတွေကို လိုအပ်တဲ့ မြေဩဇာ၊ ပိုးသတ်ဆေးတွေကို လ ယ်သမားလက်ထဲအရောက် ပေးပို့နိုင်ရန်နှင့် စိုက်ပျိုးရေးဝန်ထမ်းကို စည်းရုံးပညာပေးတဲ့အခါမှာ စိတ်ဝင်တစား ရှိလာကြမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စွမ်းအင် ဝန်ကြီးဌာနက ပြည်တွင်းမှာထုတ်လုပ်တဲ့ ယူရီးယား (ပုလဲ) မြေဩဇာများကို လယ်/ဆည်ဝန်ကြီးဌာနသို့ ရောင်းချပြီး ပြည်ထောင်စုဝန်ကြီးမှတစ်ဆင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရထံ ဖြန့်ဖြူးမှုပေးပြီး ၎င်းမှတစ်ဆင့် မြို့နယ်စိုက်ပျိုးရေးဝန်ထမ်း တွေဆီပို့၊ ၎င်းမှတစ်ဆင့် လယ်သမားလက်ထဲအရောက် ပို့တဲ့စနစ်ကို သုံးတယ်။ စိုက်ပျိုးရေး ဝန်ထမ်းတွေကို စည်းရုံးမှုအားကောင်းလာမယ့်အပြင် ဈေးနှု န်းထက် အနည်းငယ် လျော့ရောင်း လိုက်ရင် တတ်နိုင်တဲ့ လယ်သမားတွေက လက်ငင်းငွေချေပြီး၊ မတတ်နိုင်တဲ့ လယ်သမားတွေက သီးနှံပေါ်ပြီးမှ ပေးပြီး၊ အဲဒီလိုဆိုရင် လယ်သမားတွေ အများကြီး သက်သာလာမယ်။ ယခုလို စိုက်ပျိုးရေးဝန်ထမ်း မသမာမှုတွေကို မမှန်မကန်မှု လုပ်နေတာကို ထိထိရောက်ရော က် အရေးယူပေးပါ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အဲဒီကိစ္စကို သေချာစဥ်းစားသုံးသပ်ပြီး မြေဩဇာ၊ ပိုးသတ်ဆေး ဖြန့်ဖြူးတဲ့စနစ်ကို ပြင်ဆင်ရန် အစီအစဥ် ရှိ /မရှိ။ ပြင်ဆင်ရန် အစီအစဥ် ရှိပါက မည်သည့် အချိန်တွင် ပြင်ဆင်ပေးပါမည်ကို ဖြေကြားပါရန် မေတ္တာရပ်ခံပါတယ်။

နောက်တစ်ခုကတော့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်မေးတဲ့ မေးခွန်းကတော့ ၂၀၀၅ ခုနှစ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းအချို့ တစ်နိုင်ငံလုံး (၅၀၀၀)ခန့်တို့သည် ပိုလျှံသည့်ကိစ္စအဖြစ် သတ်မှတ်တဲ့ ကိစ္စပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ၂၀၀၅ ခုနှစ်၊ ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးရုံး၏ ၃၁-၅-၂၀၀၅ ရက်စွဲပါ

စာအမှတ်၊ ၁/၂၂၀(က)(ညွှန်း)(၁၄၀/၀၅)အရလည်းကောင်း ဦးဆောင်ညွှန်ကြားရေးမှူး ရုံး၏ ၁-၂-၂၀၀၅ ခုနှစ်၊ ရက်စွဲပါစာအမှတ်၊ - ၉၉ ရေး-ထွေ/၂၀၀၅(၀၅) အရလည်းကောင်း၊ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းအချို့သည် (ဘီအေဂျီဘွဲ့ရ၊ စိုက် ဒီပလိုမာဘွဲ့ရ)တို့သည် ပိုလျှံဝန်ထမ်းအဖြစ် သတ်မှတ်ကာ ပြည်ထဲရေးဝန်ကြီးဌာန၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် တခြားဝန်ကြီးဌာနအောက်ရှိ ဌာနအသီးသီးသို့ ပြောင်းရွှေ့ စေပါသည်။

မိမိတတ်မြောက်သောအသညာနှင့် မသက်ဆိုင်သောဌာနဖြစ်၍လည်းကောင်း၊ လစာနည်း ဝန်ထမ်းဖြစ်၍ ရပ်ဝေးသို့ပြောင်းရွှေ့ ရန် အခက်အခဲရှိသည်ကတစ်ကြောင်း၊ ထို့ကြောင့် လုပ်သက်နည်းသော (၁၀)နှစ်အောက် ဝန်ထမ်းများကို ၃၁-၂-၂၀၀၅နေ့ အလုပ်မှ နုတ်ထွက် စေရန် စာ ရေးခိုင်းပါသည်။ လုပ်သက် အတော်အတန်ရသော ဝန်ထမ်းများကို ပင်စင် ခံစားစေ နိုင်ရန် ပင်စင် တင်စေပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိက ထားသော နိုင်ငံ တစ်နိုင်ငံ ဖြစ်ပါ၍ ယခုလို ခေတ်သစ်၊ စနစ်သစ် ချီတက် နေတဲ့အချိန်မှာ လယ်ယာကဏ္ဍကို အားသွန်ခွန်စိုက်ဆောင်ရွက်နေတဲ့အချိန်မှာ အထက်ဖော်ပြပါ ဝန်ထမ်းများကို ပြန်လည်သုံးသပ်ပြီး ဝန်ထမ်းအဖြစ် ပြန်လည်ခန့်အပ်ရန် (သို့မဟုတ်) လုပ်သက်အရ နစ်နာကြေး ထောက်ပံ့ပေးရန် အစီအစဉ် ရှိ /မရှိ။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေး မည်ဟု ဖြေကြားပေးရန် မေတ္တာရပ်ခံအပ်ပါသည် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**နေကြာဆီ ထုတ်လုပ်နိုင်မှုနှင့် မိုးစပါးထွက်ရှိမှု အခြေအနေ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဒေါက်တာတင်ရွှေ က နေကြာဆီထုတ်လုပ်နိုင်မှုနှင့် မိုးစပါးထွက်ရှိမှု အခြေအနေနှင့် စပ်လျဉ်း သည့် မေးခွန်းကို မေးမြန်းရန်ဖြစ်သော်လည်း အမျိုးသမီးများနေ့ အခမ်းအနားတက်ရောက်နေတဲ့ အတွက် စာနဲ့ ဖြေကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။မေးခွန်းများနဲ့ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဖြေကြားချက်**

**ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါကြောင်းနှင့် ့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါ စေကြောင်း ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ပထမမေးခွန်းအနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ မှ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်သို့ ချေးငွေများပြန်လည်ပေးဆပ်ရန်ကာလ သတ်မှတ်ချက်၊ တောင်သူလယ်သမား များ၏ စုဆောင်းငွေ ထုတ်ယူခွင့် ရရှိမှုတို့နှင့် ပတ်သက်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင် ့ ယခု စိုက်ပျိုးရာသီကာလမှာ စပါး အပါအဝင် စို က်ပျိုးသီးနှံများ၊ ဈေးကွက်၏ ဝယ်လိုအားနှင့် ဈေးနှုန်းအန ည်းငယ် ကျဆင်းနေမှု အပေါ် စိုက်ပျိုး သူတောင်သူလယ်သမားများ လတ်တလော အခက်အခဲအကြပ်အတည်း မတွေ့ စေရန် ၂၀၁၁ ခုနှစ်၊ မိုးရာသီသီးနှံစိုက်ပျိုးစရိတ် ထုတ်ချေးငွေများအား မူလသတ်မှတ်ထားသည့် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလကုန်အပြီး ပေးသွင်းရန် သတ်မှတ် ထားချက်အစား ၂၀၁၂ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ ဘဏ္ဍာရေးနှစ် ခွင် ့ပြုကာလမတိုင်မီ မတ်လကုန်အထိ ပြန်လည် ပေးသွင်းချိန်ကာလ တိုးမြှင့်ခြင်းကို ၁၇-၁-၂၀၁၂ ရက်နေ့မှ စတင်ပြီးတော့ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲများအားလုံးသို့ ဝန်ကြီးရုံးက ဆက်လက်အကြောင်းကြားဆောင်ရွက် လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းများအနေနဲ့ တောင်သူလယ်သမားများ၏ စုဆောင်းငွေ နှင့် ပတ်သက်၍ တောင်သူများ ငွေထုတ်ယူလိုကြောင်း ဘဏ်သို့ ဆက်သွယ်တင်ပြတောင်းခံ လာပါက ဘဏ်မှ ထုတ်ပေးလျက် ရှိပါတယ်။ ယခုဘဏ္ဍာရေးနှစ်မှအစ ၁-၄-၂၀၁၁ ရက်နေ့မှ ၂၀-၁-၂၀၁၂ ရက်နေ့အထိ စုဆောင်းငွေ ထုတ်ယူသူ တောင်သူလယ်သမားဦးရေ (၂၇၉၉)ဦးကို ငွေကျပ် (၁၁၀၅.၆၃)သန်း ထုတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ တောင်သူလယ်သမားများ လယ်ယာသုံး

လုပ်ငန်း မလုပ်ကိုင်တော့၍ ဘဏ်မှ ငွေချေး၊ ငွေထုတ်ခြင်းမပြုလုပ် လိုသော တောင်သူ လယ်သမားများ စာရင်းပိတ်သိမ်းရန် တင်ပြလာ ပါက စုဆောင်းငွေလက်ကျန်အားလုံး ထုတ်ပေးပြီး အပြီးတိုင် စာရင်းပိတ်သိမ်းပေး ခဲ့ခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၁-၄-၂၀၁၁ ရက်နေ့မှ ၂၀-၁-၂၀၁၂ ရက်နေ့အထိ စာရင်းပိတ်သိမ်းပေးခဲ့သည့် တောင်သူ လယ်သမား(၂၁၂၉)ဦးရှိပြီး၊ ထုတ်ပေးခဲ့သည့်ငွေပေါင်းမှာ ကျပ် (၁၃၀.၁၁)သန်း ရှိခဲ့ပါတယ်။ တောင်သူများ၏ဆန္ဒအရ ၎င်းတို့စုဆောင်းထားတဲ့ စုငွေအားလုံးအနက် ထုတ်ယူ မည်ဆိုပါက တစ်ဦးချင်း ငွေစုစာရင်းလက်ကျန်များ ရှိထားပြီး ဖြစ်ပါ၍ စုငွေပြန်လည်ထုတ်ပေးရန် ဘဏ် အနေဖြင့် အခက်အခဲမရှိဘဲ အဆင် ပြေစွာ ဆောင်ရွက်ထုတ်ပေးလျက်ရှိကြောင်းနှင့် လွှတ်တော် ကိုယ်စားလှယ်ကြီးများမှ မိမိဒေသများတွင် အသိပေးဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါ တယ် ခင်ဗျား။

ဒုတိယမေးခွန်းအနေနဲ့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဘိုးရယ် မေးခွန်းအပေါ် တင်ပြ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဘိုးရယ် မေးမြန်းထားသည့် မေးခွန်းကို ဖြေကြားရမယ်ဆိုရင် ၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီအစိုးရ တက်ရောက်လာပြီးနောက် အသက်မွေးဝမ်းကျောင်းမှုများကို အထောက်အကူပြု၍ စာရိတ္တ မြင့်မားမှုကိုအခြေခံသော ပညာရေးစနစ်ကို ထူထောင်သွား ရေး ရည်မှန်း ချက်နဲ့အညီ ဒီ မောဆို စိုက်ပျိုးရေးအထက်တန်းကျောင်းကို ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ဒီမောဆိုမြို့တွင် ၂၈-၈-၁၉၇၂ ရက်နေ့မှာ ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၉၉ ခုနှစ်မှာတော့ ဒီမောဆို စိုက်ပျိုးရေးအထက်တန်းကျောင်း အပါအဝင် စိုက်ပျိုးရေးအထက်တန်းကျောင်း(၁၀)ကျောင်းကို ဝန်ကြီးဌာနအောက်ရှိ သင့်လျော်ရာ လုပ်ငန်း/ဌာနများသို့ သင်တန်းကျောင်း သို့မဟုတ် သုတေသနခြံများအဖြစ် အသုံးချနိုင်ရန် လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။

ယခုအခါ လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြော င်းဝန်ကြီးဌာနအနေဖြင့် တောင်သူ လယ်သမားများ၏ စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် သီးနှံအထွက်တိုးရန် လိုအပ်သည့် နည်းပညာများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စံပြကွက်များ ဖော်ထုတ်စိုက်ပျိုးပြသပြီး စည်းရုံးဆောင်ရွက်လျက် ရှိပါတယ်။ ဒါ့အပြင် တောင်သူလယ်သမား များရဲ့ သားသမီးများ

အနေဖြင့်လည်း ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များကို မိမိတို့ဒေသအတွင်းမှာပင် လေ့လာသင်ယူနိုင်ရန် ရည်ရွယ်ပြီး စိုက်ပျိုးရေးသိပ္ပံ (၇)ကျောင်းကို ဧရာဝတီတိုင်းဒေသကြီးရှိ မြောင်းမြမြို့၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သာယာဝတီမြို့၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ပျဉ်းမနားမြို့နှင့် ပုသိမ်ကြီးမြို့၊ မကွေး တိုင်းဒေသကြီးအတွင်းရှိ ပွင့်ဖြူ မြို့၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘိုမြို့နှင့် မွ န်ပြည်နယ်အတွင်းရှိ သထုံမြို့တို့မှာ ဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။ ဒ့ါအပြင် သီးနှံအထူးပြုသင်တန်းကျောင်း(၂)ကျောင်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့နှင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့များတွင်လည်းကောင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင် ့ တက္ကသိုလ်၏ သီးနှံအထူးပြုကျောင်းခွဲများကို မှော်ဘီမြို့၊ လှည်းကူးမြို့၊ မော်လမြိုင်မြို့၊ ဖြူးမြို့ ၊ မကွေးမြို့၊ ကျောက်ဆည်မြို့နှင့် အောင်ပန်းမြို့များတွင်လည်းကောင်း အသီးသီးဖွင့်လှစ် သင်ကြားပေးလျက် ရှိပါတယ်။

ဒ့ါကြောင့် တောင်သူလယ်သမားများ မိသားစုဝင်များအနေနဲ့ မိမိတို့ဒေသနှင် ့ အနီးစပ်ဆုံး သင်တန်းကျောင်းများမှာ စိုက်ပျိုးရေးပညာရပ်များကို သင်ကြားခွင် ့ရရှိခဲ့ကြပြီး ၁၉၈၈-၈၉ ခုနှစ်မှ ၂၀၁၀-၂၀၁၁ ခုနှစ်အထိ စိုက်ပျိုးရေးဒီပလိုမာ ဘွဲ့ရ (၉၇၇၆)ဦး၊ စိုက်ပျိုးရေးပညာဘွဲ့ရ(၄၈၂၇)ဦး မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် စိုက်ပျိုးရေးဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာ၊ မဟာသိပ္ပံဘွဲ့နှင့် ပါရဂူဘွဲ့ရများကိုလည်း မွေးထုတ်ပေးလျက်ရှိပါတယ်။

သို့ပါ၍ ကယား ပြည်နယ်ဒေသခံများအနေနဲ့ စိုက်ပျိုး ရေးနှင့် ပတ်သက်သော အသိပညာ၊ အတတ်ပညာများ သင်ယူနိုင်ရန်အတွက် ၎င်းနှင့် နယ်မြေထိစပ်လျက်ရှိသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့တွင် ဖွင့်လှစ်ထားရှိသည့် ကုန်းမြင့်သီးနှံအထူးပြု စိုက်ပျိုးရေးသင်တန်းကျောင်းတွင်တက်ရောက်သင်ယူလေ့လာနိုင်ပါကြောင်းတင်ပြအပ်ပါတယ်။

ထို့အပြင် တောင်သူလယ်သမားများကို တိုက်ရိုက် ထိထိရောက်ရောက် အကျိုးပြုနိုင်မည့် စိုက် ပျိုးရေးပညာရပ်များကို အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းများတွင် ၂၀၁၂-၂၀၁၃ ခုနှစ်မှ စပြီးထည့်သွင်းသင်ကြားနိုင်ရေးကိုလည်းစီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်းကိုလည်း တင်ပြအပ်ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင် ့ တစ် နိုင်ငံလုံး လိုအပ်ချက်များအပေါ် ကဏ္ဍအလိုက် ဦးစားပေးလုပ်ငန်းများ ခွင် ့ပြုဆောင်ရွက်ပေးနေရလျက် ရှိသည့်အပေါ် သိရှိနားလည်ပေးနိုင်ပါရန်နှင် ့ ရန်ပုံငွေ ရရှိမှုအခြေအနေနှင့် ကဏ္ဍအလိုက်

ဦးစားပေးဆောင်ရွက်မည့် အစီအစဉ်များအလိုက် အခါအခွင့် သင့်ချိန်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်ဦး ၏ မေးခွန်းအပေါ် တင်ပြဆွေးနွေးသွား မှာ ဖြစ်ပါတယ်။ ဧရာ ဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်ဦး မှ ဒေသခံတောင်သူလယ်သမားများကိုယ်စား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် စုဆောင်းငွေနှင့် ပတ်သက်ပြီးတော့ မေးမြန်းထားတဲ့အချက် နောက်တစ်ခါ ကျွန်တော်တို့ ကမ်းပတ်တာဆောင်ရွက်ပေးရန် အချက်နဲ့ ပတ်သက်လို့ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ကျေးလက်နေတောင်သူလယ်သမားများ ဘဏ်စနစ်ကို ကျင့်သုံးတတ်စေရန် တောင်သူလယ်သမားများ လက် ဝယ်ရှိ ငွေပိုငွေလျှံများကို ချွေတာစုဆောင်းတတ်သည့် အလေ့အကျင့်များရရှိစေရန် ၁-၁၀-၁၉၉၃ ရက်နေ့မှစပြီး တောင်သူတစ်ဦးချင်းကို ငွေစုစာအုပ်များ ထုတ်ပေးစေပြီး ငွေစုဆောင်းခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ စတင်ဆောင်ရွက်ခဲ့သည့် ၁-၁၀-၁၉၉၃ ရက်နေ့မှ ၂၀-၁-၂၀၁၂ ရက်နေ့အထိ ငွေစုသူ တောင်သူလယ်သမားဦးရေ (၃.၀၃)သန်း နှင့် ငွေကျပ် (၆၄၃၃၇.၁၂) သန်း စုဆောင်းထားပြီး ဖြစ်ပါတယ်။ တောင်သူလယ်သမားများ ငွေစုဆောင်းခြင်း အပေါ် ဘဏ်မှ သတ်မှတ်သည့် အတိုးနှုန်းထည့် သွင်းပေးလျက်ရှိပြီး ဘဏ်ဥပဒေအရ မိမိ၏ ငွေစုစာရင်း၏ နောက်ဆုံးငွေလက်ကျန်နှင့် အတိုးများ ထည့်သွင်းပေးရန် ကာယကံရှင်မှ ဘဏ်သို့ ဆက်သွယ်တင်ပြလာပါက ဘဏ်မှ ထည့် သွင်းဆောင်ရွက်ပေးလျက် ရှိပါတယ်။ မြို့နယ်ဘဏ်ခွဲများမှလည်း အခါအားလျော်စွာ တောင်သူလယ်ဝယ်ရှိ ငွေစုစာအုပ်များကို ဘဏ်သို့ စုစည်းယူလာစေပြီး၊ ငွေလက်ကျန် ရေးသွင်းပေးခြင်း အတိုးငွေထည့်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် အခြား နိုင်ငံပိုင်ဘဏ်၊ ပုဂ္ဂလိကဘဏ်များနည်းတူ ငွေစုဘဏ်ဥပဒေအရ ငွေစုစာအုပ်ရှိ စုဆောင်းငွေများကို သတ်မှတ်စုဆောင်းငွေ ပမာဏတစ်ခု ချန်လှပ်၍ ငွေထုတ်ပေးရ န် တင်ပြတောင်းခံလာပါက စုဆောင်းငွေများကို ပြန်လည်ထုတ်ပေးလျက်ရှိပါတယ်။ ယခု ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်းမှာ နှစ်စ ၁-၄-၂၀၁၂ ရက်နေ့မှ ၂၀-၁-၂၀၁၂ ရက်နေ့အထိ တောင်သူ ပေါင်း (၂၇၇၉)ဦးကို စုဆောင်းငွေပေါင်း

ကျပ်(၁၁၀၅.၆၃)သန်းအား တောင်သူတစ်ဦးချင်းသို့ ပြန်လည်ထုတ်ပေးပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ထပ်မံထုတ်ပေးရမည့် စုဆောင်းထားသည့်ငွေများကိုလည်း ဆက်လက်ထုတ်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ကျွန်တော်တို့ ကျွန်းပတ်တာနဲ့ ပတ်သက်လို့ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ သပြေကုန်း ကျေးရွာအုပ်စု အရှေ့တောင်ဘက်တွင် ရွှေးမြစ်နှင့် ဇင်ရွဲကြီးချောင်းကြားတွင် ကျွန်းသဖွယ်ရှိသည့် ဇင်ရွဲကျွန်းတွင် ကျေးရွာ(၅)ရွာ၊ အိမ်ထောင်စု (၄၆၅)ခု၊ လူဦးရေ (၁၄၂၇)ဦးတို့ နေထိုင်လျက်ရှိပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးခဲ့ ကြပါတယ်။ ဇင်ရွဲကျွန်း အတွင်းမှာရှိတဲ့ လယ်မြေဧက (၄၀၅၀)ခန့်ကို ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ် နိုင်ရန်အတွက် အလျား(၅.၈၂)မိုင်ရှိသည့် မူလဇင်ရွဲတာကို တည်ဆောက်ပေးခဲ့တာ ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ မေလတွင် နာဂစ်မုန်တိုင်း တိုက်ခတ်စဉ်က ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် (၅)ခုတွင် ရေငန်တားတာတမံ (၃၄)ခု ပျက်စီးခဲ့ပါတယ်။ ပျက်စီးသွားသည့် တမံများကို မူလအတိုင်း တာပုံစံကျပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို ဆည်မြောင်း ဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိရာ ဇင်ရွဲတာသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ဇင်ရွဲတာ တာပုံစံကျပြန်လည်ပြုပြင်မှုကို ၂၀၁၀ ခုနှစ်၊ ဧပြီလတွင် ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ထိုနည်းတူ ဆည်မြောင်းဦးစီးဌာနဟာ ပျက်စီးသွားတဲ့ အခြားရေငန်တားတာတမံများကိုလည်း တာပုံစံကျ ပြန်လည် ပြုပြင်ခြင်းလုပ်ငန်းကိုလည်း နှစ်အလိုက် စီမံချက်ရေးဆွဲ၍ ပြန်လည်ပြုပြင်ပေးလျက် ရှိပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသည့် ဇင်ရွဲတာအား တိုးချဲ့ပြုပြင်ရန်နှင့် ပတ်သက်၍ ဆည်မြောင်းဦးစီးဌာနအနေဖြင့် . လတ်တလောတွင် ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်တင်ပြအပ်ပါတယ်။

နောက်မေးခွန်းတစ်ခုကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း ၏ မေးခွ န်းအပေါ် တင်ပြမှာ ဖြစ်ပါတယ်။ လယ်ယာသုံးပစ္စည်းများထုတ်လုပ်မှုနှင့် ပတ်သက်၍ စက်မှုဝန်ကြီးဌာနမှ ဖြေကြားထားတဲ့ အပေါ်မှာ စက်မှုဝန်ကြီးဌာနတွင် လယ်ယာသုံးပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံ(၃)ရုံ ရှိပါကြောင်း၊ အမှတ် (၁၆) အထွေထွေအကြီးစားစက်ရုံ (ဆင်တဲ) အမှတ်(၁၇) အကြီးစားစက်ရုံ (မလွန်)နှင့် အမှတ် (၁၈) အကြီးစားစက်ရုံ (အင်းကုန်း)တို့ ဖြစ်ပါကြောင်း၊ အမှတ် (၁၆)

အထွေထွေအကြီးစားစက်ရုံ(ဆင်တဲ)မှ ပေါက်ပြား၊ ဂေါ်ပြား၊ (၂)လက်မနှင့်(၄)လက်မပန့်၊ 5HP KND-5B ရေစုပ်စက်အင်ဂျင်၊ ဧရာ-၁ လက်တွန်းထွန်စက်နှင့် တွဲဖက်အသုံးပြုသည့် ထွန် /ထယ် အမျိုးမျိုး၊ ဓားစက်တုံးအမျိုးမျိုး၊ (၁၆)သွားထွန်၊ (၃)သွားထယ်၊ (၂)တန် ထော်လာဂျီယာဥ်နှင့် မျိုးစေ့ချကိရိယာများကို ထုတ်ပေးလျက်ရှိပါတယ်။ အမှတ်(၁၇) အကြီးစားစက်ရုံ (မလွန်)မှ 50 HP, 60 HP, 80 HP နှင့် 90 HP ထွန်စက်ကြီးများ၊ (၂)တန် နောက်တွဲယာဥ် (၄)တန် နောက်တွဲယာဥ်၊ စပါးခြွေလှေ့စက်၊ (၃)တန်နှင့် (၅)တန်ကျ ဆန်စက်ငယ်များနှင့် Grain Silo များ ကိုထုတ်ပေးပြီး၊ အမှတ်(၁၈) အကြီးစားစက်ရုံ(အင်းကုန်း)မှ 22HP Diesel Engine၊ 48 HP, 70 HP နှင့် 80 HP Combine Harvester များကို ထုတ်လုပ်ပါကြောင်း။ စက်မှုဇုန်များမှ ထုတ်လုပ်မှုနှင့်ပတ်သက်၍ မန္တလေးစက်မှုဇုန်မှ လယ်ယာကဏ္ဍအတွက် နှစ်ဘီးလက်တွန်း ထွန်စက်၊ တစ်လုံး ထိုး/နှစ်လုံးထိုး အင်ဂျင်သုံး ထော်လာဂျီ၊ နှစ်လုံးထိုး အင်ဂျင်သုံး ရေသယ်ယာဥ် နှင့် တစ်လုံးထိုး အင်ဂျင်သုံး Farm Truck တို့ကို ထုတ်လုပ်လျက် ရှိသည့်အပြင် မုံရွာ စက်မှုဇုန်မှလည်း MiniTractor များကို ထုတ်လုပ်ပေးလျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ် ပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် လယ်ယာသုံးစက်ကိရိယာများ စတင်ထုတ်လုပ်သည့် ၁၉၉၃-၁၉၉၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ လယ်ယာထွန်စက်အမျိုးမျိုး (၇၂၁၄၈)စီး၊ စပါးရိတ်စက် (၁၆၀၉)စီး၊ စပါးခြွေလှေ့စက်(၇၉၉၀)လုံး၊ စပါးအ ခြောက်ခံစက် Drier(၆၅၀)လုံး၊ စပါးခွံလောင်စာသုံး ဓာတ်ငွေ့ထုတ်စက်(၇၅)လုံး၊ လယ်ယာသုံးသယ်ပို့ယာဥ်(၂၈၁)စီးနှင့် အင်ဂျင်အမျိုးမျိုး (၁၇၆၂)လုံး ကို ထုတ်လုပ်ရောင်းချပေးနိုင်ခဲ့ပါတယ်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ လယ် ယာထွန်စက်အမျိုးမျိုး(၄၇၀၀)စီး၊ ထုတ်လုပ် ရန် လျာထားသည့်အနက် ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ (၃၀၉၀)စီး ထုတ်လုပ်ဖြန့်ဖြူးပေး ခဲ့ပါတယ်။ စပါးခြွေလှေ့စက် အလုံး (၈၅၀)ထုတ်လုပ်ရန် လျာထားသည့်အနက် (၅၀၃)လုံး ထုတ်လုပ်ဖြန့်ဖြူးပြီး ဖြစ်ပါတယ်။ ကောက်စိုက်စက်(၅၂)စီး စမ်းသပ်ထုတ်လုပ်ခဲ့ပြီး (၁၈)စီး ရောင်းချပြီး ဖြစ်ပါ တယ်။ တောင်သူလယ်သမားများ၏ လိုအပ်ချက်အရ တောင်းခံလာသော တစ်ဘီးတပ်ထွန်စက်၊ တမန်းလှေ၊ စပါးအခြောက်ခံစက် အစရှိသော လယ်ယာသုံးစက်ကိရိယာ

အမျိုးမျိုးတို့ကိုလည်း ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း တင် ပြအပ်ပါတယ်။ လာမည့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် လယ်ထွန်စက်အမျိုးမျိုး (၄၇၀၀)စီး၊ စပါးခြွေလှေ့စက်(၈၅၀)လုံး၊ ကောက်စိုက်စက် အစီး(၁၀၀)နှင့် စပါးအခြောက်ခံစက် Drier အလုံး(၅၀)ထုတ်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာ့လယ်ယာကဏ္ဍတွင် လယ်ယာသုံးစက်ကိရိယာများ အသုံးပြုနိုင်မှုမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် စာရင်းဇယားများအရ ထွန်စက်ကြီး (၁၁၇၈၉)စီး၊ လက်တွန်းထွန်စက် (၁၆၀၁၄၁)စီး၊ စပါးခြွေစက်(၂၄၇၃၈)စီး၊ စပါးခြွေကိရိယာ (၅၄၇၇)ခု၊ ကြားပေါင်းလိုက်ကိရိယာ (၂၁၈၃၂၆)ခု၊ မျိုးစေ့ချကိရိယာ(၄၃၆၁၈)ခု၊ စပါးရိတ်စက်(၂၂၃၁)စီးနှင့် ရေစုပ်စက်(၁၆၀၂၃၈)လုံး တို့ကိုလည်း လက်ရှိမြန်မာနိုင်ငံမှာ သုံးစွဲလျက်ရှိကြောင်း တွေ့ရှိရပါတယ်။

လယ်ယာလုပ်ငန်းခွင်ထဲတွင်အသုံးပြုရန် လယ်ယာသုံးစက်ကိရိယာများကို တောင်သူများ လိုအပ်ချက် အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ရန် လက်ရှိအ ခြေအနေတွင် နိုင်ငံပို င်စက်ရုံများမှ အပြည့်အဝ ဖြ ည့်ဆည်းပေးနိုင်ခြင်း မရှိသေးသော်လည်း ပုဂ္ဂလိက လယ်ယာသုံး စက်ကိရိယာ များ ရောင်းဝယ်ရေးဆောင်ရွက်နေသော ဂွတ်ဒ်ဘရားသားကုမ္ပဏီ၊ ရွှေထွန်းကုမ္ပဏီ၊ ရီရှင်းကုမ္ပဏီ များမှလည်း ဖြည့်ဆည်းဖြန့်ဖြူးပေးလျက်ရှိရာ တောင်သူလိုအပ်ချက်ကိုအတတ်နိုင်ဆုံး ဖြည့်ဆည်း ပေးနိုင်ကြောင်း သိရှိရပါတယ်။ အရည်အသွေးပိုင်းအနေဖြင့် ပြည်တွင်း၌ ထုတ်လုပ်မှု စတင် ဆောင်ရွက်စဉ် အတွေ့အကြုံနှင့် နည်းပညာအား နည်းချက်များ ရှိသော်လည်း ယခုအခါမှာ အတွေ့အကြုံများလာသည်နှင့်အမျှ ထုတ်ကုန်အရည်အသွေး ကောင်းမွန်အောင် ဆောင်ရွက် နိုင်မည် ဖြစ်ပါ တယ်။ လယ်ယာစိုက်ပျိုး ရေးနှင့် ဆည် မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူ ကြိုက်နှစ်သက်မည့် တောင်သူ၏ အကြံပြုချက်များ ကို အဓိကထား၍ အားနည်းချက်များ Gear ပိုင်းဆိုင်ရာ အရည်အသွေး ၊ သံဂဟေပိုင်းဆိုင်ရာ အရည်အသွေးစသည်တို့ ကို ပြုပြင်၍ စံချိန်မီ အရည်အသွေးကောင်းသော လယ်ယာသုံးစက်ကိရိယာများကိုသာ ထုတ်လုပ်ဖြန့်ဖြူးရေး ဦးတည် ဆောင်ရွက်လျက် ရှိပါတယ်။ ပြည်ပမှ အရည်အသွေးကောင်းမွန်သော လယ်ယာသုံး စက်ကိရိယာ များထုတ်လုပ်သူများ/အဖွဲ့အစည်းများ နှင့် ပူးပေါင်းပြီး နည်းပညာအကူအညီများကို ရယူပြီး နည်းပညာနှင့် အရည်အသွေးမြင့်မားသော လယ်ယာ သုံးစက်ကိရိယာများအား ပြည်တွင်း၌

ထုတ်လုပ်ကာ တောင်သူ များအား ဖြည့်ဆည်းပေးနိုင်ရေးကိုလည်း ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြအပ်ပါတယ်။

နောက်မေးခွန်း တစ်ခုကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ၏ မေးထား တဲ့မေးခွန်းကို တင်ပြမှာ ဖြစ်ပါတယ်။ မေးခွန်းမှာ ဖော်ပြပါရှိတဲ့အတိုင်းပဲ ယခင်လမ်းစဉ်ပါတီလက်ထက်က လယ်သမားတွေအတွက် မြေသြဇာဖြန့်ဖြူးရာမှာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြို့နယ်မန်နေဂျာမှတစ်ဆင့် ဖြန့်ဖြူးခဲ့သော်လည်း တချို့သော မြို့နယ်မန်နေဂျာများက မသမာသောနည်း များဖြင့် မမှန်မကန် လုပ်လာလို့ ပြဿနာမျိုးစုံကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

တပ်မတော်အစိုးရလက်ထက်မှာ မြေသြဇာများကို တိုင်း /ပြည်နယ် အာဏာပိုင် အဖွဲ့မှတစ်ဆင့် မြို့နယ်အာဏာပိုင်အဖွဲ့၊ မြို့နယ်မှတစ်ဆင့် ကျေးရွာအာဏာပိုင် အဖွဲ့၊ ယင်းမှ တစ်ဆင့် လယ်သမားလက်ထဲ ဖြန့်ဖြူးခဲ့ပါကြောင်း၊ ၎င်းစနစ်ဟာ လယ်သမားလက်ထဲကို မြေသြဇာ မှန်မှန်ကန်ကန်ရပေမယ့် လယ်သမားတွေကို စည်းရုံးပညာပေးတဲ့အခါမှာ အားနည်းချက်တချို့ တွေ့ရပါကြောင်း။ တွေ့ရတဲ့အားနည်းချက်ကတော့ စိုက်ပျိုးရေးဝန်ထမ်းတွေဟာ လယ်သမား တွေနဲ့ ထိတွေ့စည်းရုံး ပညာပေးဟောပြောတဲ့အခါမှာ လယ်သမားတွေက စိတ်ဝင်စားမှု နည်းတာ တွေ့ရပါကြောင်း၊ ဘာကြောင့်လဲဆိုရင် စိုက်ပျိုးရေးဝန်ထမ်းတွေဟာ လယ်သမားတွေကို ရုပ်ဝတ္ထုပစ္စည်းအနေနဲ့ ဘာမှ ပံ့ပိုးကူညီမှု မလုပ်နိုင်လို့ဖြစ်ကြောင်း၊ ဥပမာ-စိုက်ပျိုးရေးဝန်ထမ်း တွေဟာ လယ်သမားတွေ လိုအပ်တဲ့ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးတွေကို လယ်သ မား လက်ဝယ် အရောက်ပေးပို့နိုင်ရင် စိုက်ပျိုးရေးဝန်ထမ်းတွေ စည်းရုံးပ ညာပေးတဲ့အခါ စိတ်ဝင်တစား ရှိလာ ကြမှာဖြစ်ပါကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနမှ ပြည်တွင်းမှာထုတ်လုပ်တဲ့ ယူရီးယား (ပုလဲ) မြေသြဇာများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည် မြောင်းဝန်ကြီးဌာနသို့ ရောင်းချပြီး ပြည်ထောင်စုဝန်ကြီးမှတစ်ဆင့် တိုင်းဒေသကြီး /ပြည်နယ်အစိုးရအဖွဲ့ထံ ဖြန့်ဖြူး၊ ၎င်းမှတစ်ဆင့် မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းတွေဆီပို့၊ ၎င်းမှတစ်ဆင့် လယ်သမားလက် ထဲအရောက်ပို့စနစ်ကို ကျင့်သုံးလျှင် စိုက်ပျိုးရေးဝန်ထမ်းတွေ စည်းရုံးမှုအား ပိုမိုကောင်းလာမည်ဖြစ်ကြောင်းအပြင် ဈေးနှုန်းထက် အနည်းငယ်လျှော့ရောင်းလျှင် တတ်နိုင်သည့် လယ်သမားတွေ လက်ငင်း ငွေချေပြီး မတတ်နိုင်တဲ့ လယ် သမားတွေက သီးနှံပေါ်မှပေးပြီး ဒီလိုဆိုရင် လယ်သမားတွေ

အများကြီး သက်သာမှာဖြစ်ကြောင်း စသည်ဖြင့် ကျွန်တော်တို့ တင်ပြထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည် မြောင်းဝန်ကြီးဌာနအနေဖြင့် အစိုးရသစ်လက်ထက်မှာ အဓိက တာဝန်ကြီး(၃)ရပ်ဖြစ်သော (၁) မျိုးစေ့ထုတ်လုပ်ရေးတာဝန် (Seed Production) (၂) လေ့ကျင့်ပညာပေးရေးတာဝန်(Training and Education )(၃) သုတေသနနှင့် ဖွံ့ဖြိုးရေးတာဝန် (Research and Development)များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှာ အောက်ဖော်ပြပါ နည်းလမ်း(၄)ရပ်ကို အသုံးပြုဆောင်ရွက်လျက် ရှိပါတယ်။ (၁) အထူးအထွက်တိုး မျိုးကောင်းမျိုးသန့် မျိုးစေ့များ ပြောင်းလဲအသုံးပြုစေခြင်းနည်းလမ်း၊ (၂)ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးပြောင်းလဲ အသုံးပြု ခြင်း နည်းလမ်း၊ (၃)သွင်းအားစု မြေဩဇာများ ကိုထိထိရောက်ရောက် အသုံးပြုသည့်နည်းလမ်း၊ (၄) အရင်းအနှီး (Investment) လိုအပ်ချက်ကိုနိုင်ငံတော်ဘဏ္ဍာမှ ဖြည့်ဆည်းယူသည့် နည်းလမ်းအပါအဆင် ပြည်တွင်းပြည်ပမှ အရင်းအနှီးများရှာဖွေရရှိနိုင်တဲ့နည်းလမ်း ဖော်ပြပါနည်းလမ်းများဖြင့် စပါးအပါအဝင် သီးနှံစုံ၏ အရည်အသွေးနဲ့အထွက်နှုန်း ပိုမိုတိုးတက် ကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိရာမှာ ပိုးသတ်ဆေးနဲ့ဓာတ်မြေဩဇာ စသည့် သွင်းအားစုများဟာ ထိထိရောက်ရောက် မှန်မှန်ကန်ကန် အပြည့်အဝအသုံးပြုနိုင်ရန် လိုအပ် လျက် ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ ဓာတ်မြေဩ ဇာသုံးစွဲမှုကို လေ့လာပါကနယ်စပ်ကုန်သွယ်ရေး ဦးစီးဌာနရဲ့ စာရင်းအရ ၂၀၁၁-၂၀၁၂ ခုနှစ် နိုင်ငံခြားမှ ဓာတ်မြေဩဇာနဲ့ပိုးသတ်ဆေး တင်သွင်းမှုမှာ (၆၁၈၄၂၂)တန် ရှိပြီး ပြည်တွင်းဓာတ်မြေဩဇာစက်ရုံကနေပြီးတော့ (၁၂၅၂၀၂.၉၅) မက်ထရစ်တန် ဖြန့်ဖြူးနိုင်ခဲ့ပါတယ်။ သို့ပါ၍ နိုင်ငံတော်၏ သီးနှံစုစုပေါင်းစိုက်ဧက (၅၈.၃၆) သန်းအပေါ် ဓာတ်မြေဩဇာ အသုံးပြုနိုင် မှုမှာ (၅)ဧကလျှင် တစ်အိတ်သာ သုံးစွဲနိုင်ပါကြောင်း စိစစ်တွေ့ ရှိရပါတယ်။ မိုးစပါးစိုက်ဧက (၁၇) သန်း၊ နွေစပါးစိုက်ဧက (၃) သန်း၊ စုစုပေါင်း စပါးစိုက်ဧက သန်း (၂၀) အတွက် ဓာတ်မြေဩဇာ လိုအပ်ချက်တန်ချိန် (၃)သန်း ရှိပါသဖြင့် ယခုလက်ရှိ အသုံးပြုနေသည့် ဓာတ်မြေဩဇာ ပမာဏမှာ လိုအပ်ချက်ထက် များစွာနည်းပါးလျက်ရှိသည်ကို ပကတိအမှန်တရားအဖြစ် တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ယခင်ကနိုင်ငံတော်ပိုင်စက်ရုံများမှ ထုတ်လုပ်တဲ့ ယူရီး ယားဓာတ်မြေဩဇာနဲ့ နိုင်ငံတော်အစီအစဉ်ဖြင့်ပြည်ပမှဝယ်ယူတင်သွင်းတဲ့ အခြားသောဓာတ်မြေဩဇာများကို လယ်ယာစိုက်ပျိုးရေးနဲ့ အခြားဝန်ကြီးဌာနမှတစ်ဆင့် တောင် သူများထံအရောက် တာ ဝန်ယူ ဖြန့်ဖြူး ပေးခဲ့ပါတယ်။ ယင်းသို့

ဆောင်ရွက်နိုင်မှုကြောင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ တင်ပြသကဲ့သို့ စိုက်ပျိုးပညာပေးရေးဝန်ထမ်းများအနေဖြင့် လယ်သမားများ ကို ပညာပေးစည်းရုံး ဆောင်ရွက်ရာမှာ များစွာအထောက်အကူပြုခဲ့သည်မှာ အမှန်ပင် ဖြစ်ပါတယ်။ သို့သော်လည်း ယင်းကာလအတွင်း ဌာနအနေဖြင့် တောင်သူလယ်သမားများထံမှ ဓာတ်မြေဩဇာအတွက် ရရန်ကြွေးမြီပမာဏများပြားလာမှုနဲ့အတူ အချို့သော ဝန်ထမ်းများ၏ မမှန်မကန်ပြုမူဆောင်ရွက်ခဲ့မှုကြောင့် ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်ကစပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တောင်သူများသို့ တိုက်ရိုက်ဖြန့်ဖြူးသည့်စနစ်ကို ရပ်ဆိုင်းခဲ့ပါတယ်။

ယင်းကာလနောက်ပိုင်းမှာ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်း ဝန်ကြီးဌာနက သီးနှံအလိုက် ပြည်နယ်နဲ့တိုင်းဒေသကြီးများ၏ ဓာတ်မြေဩဇာ လိုအပ်ချက် စာရင်းကို ပြုစုရေးဆွဲပြီး စွမ်းအင်ဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါတယ်။ စွမ်းအင်ဝန်ကြီးဌာနသည် ယင်းဌာနအောက်ရှိ ယူရီးယားဓာတ်မြေဩဇာစက်ရုံများမှ ထုတ်လုပ်နိုင်မှုအပေါ် အခြေခံပြီး ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီများမှတစ်ဆင့် မျှမျှတတ ဖြန့်ဖြူးပေးခဲ့ကြောင်း ယင်းသို့ဆောင်ရွက်ရာမှာ တောင်သူများသို့ အကြွေးစနစ်ဖြင့် ဖြန့်ဖြူးပေးခဲ့သည့်အတွက် ဆောင်ရွက်ပေးခဲ့တဲ့အတွက် စွမ်းအင် ဝန်ကြီးဌာနသို့ ပေးသွင်းရန် ဓာတ်မြေဩဇာဖိုး ကြွေးကျန်များပြားလာ ပြီး ၂၅-၁-၂၀၁၂ ရက်နေ့မှ ရရန်ရှိသောကြွေးကျန်မှာ (၄.၄၂)ဘီလီယံထိ ရှိလာခဲ့ပါကြောင်း ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်နှင့်တိုင်းများမှ ဓာတ်မြေဩဇာဖိုး ကြွေးကျန်များ များပြားမှုကြောင့် ဓာတ်မြေဩဇာလာရောက် ထုတ်ယူခြင်းမရှိတော့သ ဖြင့် စွမ်းအင် ဝန်ကြီးဌာနမှ ယူရီးယား ဓာတ်မြေဩဇာများကို တစ်တန်လျှင် (၃၆၀၀၀၀) ကျပ်နှုန်းဖြင့် တစ်တန် ဝယ်ယူလျှင် အပိုဆောင်း(၅)အိတ် ထပ်ဆောင်းပေးသည့်စနစ်ဖြင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းများသို့ ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ (၂၁)ရက်နေ့မှစ၍ ရောင်းချ ပေးခဲ့ရကြောင်း၊ ၂၀၁၁ ခုနှစ်၊ ဇွန်လ (၁၄)ရက်နေ့မှစ၍ ယနေ့အထိ သင့်တင့်မျှတသော ဈေးနှုန်းဖြစ်သည့် တစ်တန်လျှင် (၂၈၈၀၀၀) ကျပ်နှုန်း၊ တစ်အိတ်လျှင် (၁၄၄၀၀) ကျပ်နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိ ပါကြောင်း။ ယခုအခါ စွမ်းအင် ဝန်ကြီးဌာနမှ ထုတ်လုပ်သော ဓာတ်မြေဩဇာများကို ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များမှတစ်ဆင့်လည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါး လု ပ်ငန်းအသင်းလက်အောက်ရှိ ဆန်စပါး အထူးပြုကုမ္ပဏီများမှ တစ်ဆင့်လည်းကောင်း တော င်သူလယ်သမားများထံသို့ တိုက်ရိုက်စနစ်ဖြင့်လည်းကောင်း၊ လက်ငင်းငွေချေစနစ်နှင့် (၆)လဆိုင်း အကြွေးစနစ်တို့ဖြင့်

ရောင်းချဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ပေးမှုကြောင့် ယူရီးယားဓာတ်မြေသြဇာ အသုံးပြုမည့် တောင်သူလယ်သမားများလက်ဝယ်သို့ လျှင်မြန်စွာ ရောက်ရှိနိုင်ပြီး ကြွေးကျန်ဖြစ်ပေါ်မှုကိုလည်း လျော့နည်းပပျောက်စေမည်ဖြစ်ပါကြောင်း။ စွမ်းအင်ဝန်ကြီးဌာနမှ၁-၄-၂၀၁၁ မှ ၃၀-၁-၂၀၁၂ရက်နေ့အထိ ပြည်နယ်နှင့် တိုင်း ဒေသကြီးများသို့ ယူရီးယားဓာတ်မြေသြ ဇာ ဖြန့်ဖြူးမှုမှာ ကချင်ပြည်နယ် (၃၀၀)တန်၊ ကယားပြည်နယ် (၂၅၀)တန်၊ ကရင်ပြ ည်နယ် (၂၈၇၆.၅)တန်၊ ချင်းပြည်နယ် (၅၀၀)တန်၊ မွန်ပြည်နယ် (၅၆၆၃.၅)တန်၊ ရခိုင်ပြည်နယ် (၃၉၂၇.၆)တန် ရှမ်းပြည်နယ် (၁၆၄၅)တန်၊ စစ်ကိုင်းတိုင်းဒေသကြီး (၄၄၅၆)တန်၊ မန္တလေးတိုင်းဒေသကြီး (၂၄၀၇. ၈၅) တန်၊ မကွေးတိုင်းဒေသကြီး (၇၁၉၇.၈)တန်၊ ပဲခူးတိုင်းဒေသကြီး (၃၀၃၄၀)တန်၊ ဧရာဝတီတိုင်းဒေသကြီး (၄၁၀၁၇.၇)တန်၊ တနင်္သာရီတိုင်း ဒေသကြီး (၅၂၀)တန်၊ ရန်ကုန်တိုင်းဒေသကြီး (၂၂၆၇၁)တန်နှင့် နေပြည်တော်ခရိုင်သို့ (၁၄၃၀)တန် အသီးသီး ဖြန့်ဖြူးပေးခဲ့ပါသဖြင့် စုစုပေါင်း (၁၂၅၂၀၂)တန် ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း တင်ပြအပ် ပါတယ်။ အထက်ဖော်ပြပါ အချက်များကို လေ့လာဆန်းစစ်ပါက ဓာတ် မြေသြဇာ ထုတ်လုပ်ဖြန့်ဖြူးမှုအား အစိုးရဌာနများမှ ထိန်းချုပ်ဆောင်ရွက်သည့်စနစ်မှာ နိုင်နိုင်နင်းနင်းဆောင်ရွက်နိုင်မှု မရှိခြင်းကြောင့် အဟန့်အတား ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့သည်ကို ပကတိအခြေအနေအတိုင်း တွေ့ရှိရမှာဖြစ်ပါတယ်။

သို့ပါ၍ နိုင်ငံတော်မှ ချမှတ်ထားသော ဈေးကွက်စီးပွား ရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်စေရန်နှင့် ပုဂ္ဂလိက အခန်းကဏ္ဍအား ဖွံ့ ဖြိုးတိုးတက်စေရန်အတွက် ဓာတ်မြေ သြဇာ ထုတ်လုပ်မှုအပါအဝင် ဖြန့်ဖြူးရောင်းချမှုလုပ်ငန်းအား ပုဂ္ဂလိကကဏ္ဍမှ စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာရေးအတွက် အောက်ပါနည်းလမ်းများဖြင့် စီမံဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါတယ်။ (၁) နိုင်ငံပိုင်စက်ရုံများမှ ထွက်ရှိလာသည့် ဓာတ်မြေသြဇာများကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ကိုယ်စားလှယ်သတ်မှတ်၍ ဖြန့်ဖြူး ပေးခြင်း၊ (၂) ပုဂ္ဂလိကကဏ္ဍမှ ဓာတ်မြေသြဇာထုတ်လုပ်မှုတွင် ပါဝင်လာပြီး ရင်းနှီးမြှု ပ်နှံလာစေရန်အတွက် ဓာတ်မြေသြ ဇာ စက်ရုံများကို ပုဂ္ဂလိကသို့ ရောင်းချ ခြင်း၊ B.O.T စနစ်ဖြင့် ငှားရမ်းဆောင်ရွက်စေခြင်းဖြင့် ထုတ်လုပ်မှုများ များစွာတိုးတက်လာစေခြင်း၊ (၃) ဓာတ်မြေသြဇာစက်ရုံများအတွက် လိုအပ်သည့် သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ် ဓာတ်အားကို နိုင်ငံတော်မှ သင့်တင့်သော ဈေးနှုန်းဖြင့် ရရှိရန် ညှိနှိုင်းဆက်စပ်ဆောင်ရွက်ပေးခြင်းဖြင့် ထုတ် လုပ်မှုတိုးတက်လာစေခြင်း ပြည်ပမှ တင်သွင်း

သည့် ဓာတ်မြေဩဇာ ဈေးနှုန်းထက် ပိုမိုသက်သာသော ဈေးဖြင့် ဖြန့်ဖြူးပေးနိုင်မည် ဖြစ်ခြင်းကြောင့် လယ်သမားများအတွက် ပိုမိုအကျိုးရှိလာစေခြင်း၊ (၄) ပုဂ္ဂလိကကဏ္ဍမှ ဓာတ်မြေဩဇာများကို ပြည်ပသို့ ပိုမိုတင်သွင်း ဖြန့်ဖြူးစေရန် အားပေးဆော င်ရွက်ခြင်း၊ (၅) စပါးသီးနှံတွင် ဓာတ်မြေဩဇာအချိန်ကိုက် အချိုးကျ စနစ်တကျသုံးစွဲခြင်းဖြင့် တစ်ဧကမှ စပါးတင်း (၂၀) ပိုမိုထွက်ရှိလာနိုင်ခြင်းကြောင့် ပုဂ္ဂလိကကဏ္ဍမှ ဓာတ်မြေဩဇာ လုပ်ငန်းများတွင် ပိုမိုရင်းနှီးထည့်ဝင်၍ ပိုမိုဆောင်ရွက်လာစေရန် ပညာပေး စည်းရုံးဆောင်ရွက်ရန် လိုအပ်ခြင်းတို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်မှ ပြဋ္ဌာန်းပေးထားသည့် မြေဩဇာဥပဒေ၊ ပိုးသတ်ဆေးဥပဒေများ နှင့်အညီ တောင်သူလယ်သမားများ အရည်အသွေးမှန်ကန်သည့် ဓာတ်မြေဩ ဇာနှင့် ပိုးသတ်ဆေးများအသုံးပြုနိုင်ရေးအတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဓာတ်ခွဲခန်းများမှ စစ်ဆေးပေးလျက်ရှိပြီး စံချိန် စံညွှန်းနှင့် ကိုက်ညီသည့် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ ထုတ်လုပ်တင်သွင်းနိုင်ရန် ပုဂ္ဂလိကကဏ္ဍကို စည်းရုံးပညာပေးကူညီဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် မှာ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဦးနိုင်ထွန်းအုံ ရဲ့ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းအပေါ် မှာ ပိုလျှံဝန်ထမ်းများ ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ သတင်းပို့ထမ်းဆောင်ပေးခဲ့တာနဲ့ ပတ်သက်ပြီးတော့ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ စီမံကိန်းနှင့်ဖွံ့ဖြိုးစည်းပုံစိစစ်ရေးအဖွဲ့ရဲ့ ၂၁-၁၂-၂၀၀၄ ရက်စွဲပါစာအမှတ် စဖစ -၂(၃၁၇၄/၂၀၀၄)ဖြင့် လက်ရှိဝန်ထမ်းအင်အားမှ လျှော့ ချပေးရမည့် ဝန်ထမ်းအင်အား အမည် စာရင်း တောင်း ခံလာမှုအပေါ် လယ်ယာစို က်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၏ ၃၁-၁-၂၀၀၅ ရက်စွဲပါစာအမှတ် ၁/၂၂၀(က)(ညွှန်း)(၁၄၀/၂၀၀၅) ဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လက်အောက်ရှိလုပ်ငန်း(၅)ခုမှ လျှော့ချမည့် ဝန်ထမ်းအင်အား (၅၄၃၈)ဦး အမည်စာရင်းကို ပူးတွဲလျက် ဖွံ့ဖြိုးစည်းပုံစိစစ်ရေးအဖွဲ့ ရုံးနှင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။ ယင်းလွှဲပြောင်းပေးအပ်သည့် ဝန်ထမ်းများမှာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်း (၃၈၀၆)ဦး ပါဝင်ပါသည်။ ယင်းဝန်ထန်းများကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ၁၄-၂-၂၀၀၅ ရက်စွဲပါ ရုံးအမိန့်စာအမှတ် (၁၉၇/၂၀၀၅)ဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လွှဲပြောင်း တာဝန်ထမ်းဆောင်စေခဲ့ပြီး မိမိတို့ဒေသနှင့် နီးစပ်ရာမြို့ နယ် အထွေထွေ

အုပ်ချုပ်ရေးဦးစီးဌာနတို့တွင် သတင်းပို့ ရန် တာဝန်ပေးဆောင်ရွက်စေခဲ့ပါတယ်။ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်း လိုအပ်သည့် အခြားဌာနများသို့ ကူး ပြောင်းတာဝန်ထမ်းဆောင် လိုမှု၊ ပင်စင်ခံစားလိုမှု၊ နုတ်ထွက် လိုမှုတို့ အပေါ် မူတည်၍ ယင်းဝန်ထမ်းများ၏ ဆန္ဒရယူ၍ ဆောင်ရွက်ပေးခဲ့ပါသည်။ ယင်းသို့လွှဲပြောင်းရာတွင် ပါဝင်သွားပြီး အခြားဌာန များတွင် တာဝန် ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအနက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သို့ ပြန်လည် ဌာန ကူးပြောင်းထမ်းဆောင်လိုပါက ဖွဲ့စည်းပုံအရ လစ်လပ်ပါက လက်ခံဆောင်ရွက်ပေးလျက်ရှိ ပြီး အခြားဌာနများမှ နုတ်ထွက် သွားသူများ၊ အလုပ်မဝင်သူများအနေဖြင့် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းတွင် တာဝန်ထမ်းဆောင်လို ကြောင်း လျှောက်ထား လာမှုအပေါ် မှာ ဖွဲ့စည်းပုံအရ လစ်လပ်ပါက အလုပ်သင်နေ့စား၊ နေ့စားများအဖြစ်ခန့်ထားခဲ့ပြီး အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားခွင့်ရရှိပါက အမြဲတမ်းဝန်ထမ်းသို့ ခန့်ထားပေးလျက် ရှိပါသည်။ ယနေ့အချိန်အထိ ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်း ပေးအပ်ခဲ့ရသည့် ဝန်ထမ်းများအနက် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းတွင် အမြဲ တမ်းရာထူးဝန်ထမ်း (၂၂၁)ဦး၊ နေ့စားဝန်ထမ်း (၃၄)ဦး၊ စုစုပေါင်း (၂၅၅)ဦး အား ပြန်လည်လက်ခံခန့်ထား ပြီးဖြစ်ကြောင်း တင်ပြပါတယ်။ လုပ်သက်အရ နစ်နာကြေး ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်လို့ ၁၉၈၄ ခုနှစ် ဝန်ထမ်းစည်းမျဉ်းများ ဆိုင်ရာ ကောက်နုတ်ချက်စာစောင် အခ န်း(၁၄)၊ အပိုဒ် ၁၆၃ အပိုဒ်ခွဲ(ဃ) ( CSR 426)တွင် လျော်ကြေးပင်စင်နှင့်ပတ်သက်ပြီး အကြောင်းတစ်စုံတစ်ရာကြောင့် ရာထူးကိုဖျက်သိမ်းသည့် အခါတွင် အငြိမ်းစားယူခြင်းကို ဆိုသည်ဟု ဖော်ပြထားပါသည်။ မြန်မာ့စိုက် ပျိုးရေးလုပ်ငန်းမှ ယင်းဝန်ထမ်းများအား ရာထူးကိုဖျ က်သိမ်းခြင်းမရှိပဲ လက်ရှိရာထူး လစာဖြင့်ပင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ၁-၂-၂၀၀၅ ရက်နေ့မှစ၍ လွှဲပြောင်းပေးခဲ့ခြင်း ဖြစ်ပါသဖြင့် လျော်ကြေးပင်စင်ပေးရန် ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိပါကြောင်း တင်ပြအပ်တယ်။ အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင် သည်ကို ဖြေကြားပေးပါရန်နှင့် ပတ်သက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် ယင်းလွှဲပြောင်းပေးခဲ့ရသည့် ဝန်ထမ်းများမှ ပြန်လည် ဌာန ကူးပြောင်းလိုကြောင်း ဌာနကူးလမ်းစဉ်အရ လျှောက်ထား လာသူများနှင့် ဝန်ထမ်း အသစ်အဖြစ် ပြန်လည်ထမ်းဆောင်လိုကြောင်း လျှောက်ထား လာသူများအားလည်း ဖွဲ့စည်းပုံအရ လစ်လပ် နေရာရှိပါက ဆက်လက် လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြရှင်းလင်း ဖြေကြား အပ်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။ ဝန်ကြီးဖြေတဲ့အ ထဲမှာ ထပ်ပြီးတော့ လိုအပ်ချက်လေးတွေရှိတယ်။ အခု မဖြေနိုင် လည်းစာနဲ့ဖြေပါ။ ဖြေ တဲ့အခါမှာ ဥက္ကဋ္ဌကို လိပ်မူပြီးတော့ ဖြေပါ။ နံပါတ်(၁) ကတော့ ဦးခင်မောင်ရီ ဆွေးနွေးတဲ့အထဲမှာ ဒီစာအုပ်ထဲမှာ စုငွေစာတိုင်ပျောက်သွားတဲ့ ကိစ္စ၊ စုငွေစာတိုင်လုံးဝပျောက်သွားတယ်။ ဒီစုငွေစာရင်းက လယ်သမားလက်ထဲမှာ မရှိတော့ဘူးဆိုတဲ့ သဘော ဖြစ်သွားပါတယ်။ ဒီကိစ္စ အရေးကြီး ပါတယ်။ ဒီကိစ္စကို ဘယ်လိုဆောင်ရွက်မလဲ။ ဘာကြောင့်ပျောက်တာလဲ။ ဒါတွေဖြေကြားပေးဖို့ လိုပါလိမ့်မယ်။ နောက်တစ်ခုကတော့ ဒီစနစ်ကို ဆက်လက်ကျင့်သုံးရန် သင့် /မသင့်ဆိုတဲ့ ထည့်ပြီးတော့မေးသွားတာ ရှိပါတယ်။ ဒါလည်း ဝန်ကြီးဌာနအနေနဲ့ EC ထိုင်ပြီးတော့ စဉ်းစားဖို့ လိုပါတယ်။ ဒီကိစ္စက အခု ဒီလယ်သမားမှာ ဓာတ်မြေဩဇာတောင်မတတ်နိုင်တဲ့ အနေအထား ရှိတယ်ဆိုတာ ဝန်ကြီးရဲ့အဖြေမှာ ပေါ်လွင်ပါတယ်။ ယခု (၅)ဧကမှာ တစ်အိတ်နှုန်းလောက်ပဲ ထည့်နိုင်တယ် ဆိုတဲ့အခါကျတော့ သိပ်ကို ရာခိုင်နှုန်း နည်းပါတယ်။ တစ်ခြားနိုင်ငံနဲ့ မယှဉ်ပါနဲ့။ မြန်မာနိုင်ငံရဲ့ စံနဲ့ဆိုရင် ကို (၆) ရာခိုင်နှုန်း လောက်ပဲ ထည့်နိုင်တဲ့အနေအထား ရှိပါတယ်။ ဒီ ဓာတ်မြေဩဇာတောင် မဝယ်နိုင်ဘူးကိစ္စကို စုငွေစုခိုင်းတယ်ဆိုတာ စုငွေဆိုသည်မှာ ငွေပိုငွေလျှံရှိမှ စုနိုင်တဲ့သဘော ဖြစ်ပါတယ်။ ငွေပိုငွေလျှံ မရှိဘဲနဲ့ စုခိုင်းတယ်ဆိုတာကျတော့လည်း ဒါအဓိပ္ပာယ်က တစ်မျိုးကြီး သ က်ရောက်သွားမယ့် အနေအထား ရှိပါတယ်။ ဒီလယ်သမား (၂၀၀၀)ကျော်ကို ပြန်ထုတ်ပေးပါတယ်ဆို တော့ မြန်မာနိုင်ငံမှာ တောင်သူလယ်သမားဦးရေ (၇၀)ရာခိုင်နှုန်းလို့ ပြောတယ်။ လူဦးရေသန်း(၅၀)ကို (၇၀)ရာခိုင်နှုန်းနဲ့ တွက်မယ်ဆိုရင် (၃၅)သန်း သန်း (၆၀)နဲ့တွက်မယ်ဆိုရင် (၄၂)သန်းပေါ့။ ဒီလူတွေက ငွေချေးတဲ့ လူတွေပါ။ ငွေမချေးပဲနေမှာမဟုတ်ဘူး။ အများစုက ချေးတာပဲ ဒီလူတွေထဲမှာ (၂၀၀၀)ဆိုတဲ့အရေအတွက် ထည့်ဖြေ တာတော့ ဒါ မသင့်တော်ပါဘူး။ သူတို့ ထုတ်ဖို့မသိဘူးလား။ မသိဘူးဆိုလည်း ကြေငြာလိုက်ပါ။ အားလုံးသိအောင် ကြေငြာ ပြန်ထုတ်ပေးလိုက်ပါ၊ အကြပ်အတည်းဖြစ်နေတယ်ဆိုတာ သိသာလွန်းပါတယ်။ တစ်ချိန်တုန်းက ပြန်ပြောရမှာ သိပ်တော့မကောင်းဘူးပေါ့။ တောင်သူလယ်သမားက လယ်ယာကိုစွန့်ပစ်ချင်စိတ် ပေါက်တဲ့ကာလတစ်ခု ဖြတ်သန်းခဲ့ ရဖူးပါတယ်။ ဒါကို မနည်းပြန်ပြီးတော့ အဖတ်ဆယ် တာ ဖြစ်ပါတယ်။ ဒီလယ်ယာမူဝါဒနဲ့ပတ်သက်လို့ မှား သွားလို့ရှိရင် တောင်သူလယ်သမားတွေ က လယ်ယာကို စွန့်ပစ် ချင်တဲ့စိတ် ပေါက်သွားလို့ရှိရင် တိုင်းပြည်အတွက် (Food Security) ဆိုးကျိုးတွေ အများကြီး ဖြစ်လာနိုင်တဲ့ အနေအထား ရှိပါတယ်။ မသိရင် သိအောင်လုပ်ရမယ်။

သတင်းစာထဲက ကြော်ငြာသင့်လည်း ကြော်ငြာရမယ်။ အိမ်တိုင် ရာရောက် သွားထုတ်ပေးသင့်လည်း ထုတ်ပေးရမယ်။ စာရင်းဇယားအရ အလွဲ သုံးစား မရှိအောင်လည်း ဌာနကတာဝန်ယူ ဝန်ကြီးဌာနက တာဝန်ယူဖို့ လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ လယ်သမားလက်ထဲက စာအုပ်မှာ ဒီစာတိုင် ပျောက်သွားပြီဆိုရင် ယုံကြည်မှုက မရှိတော့ပါဘူး။ ဒါသေချာမှတ်ပြီးတော့ ဆောင်ရွက်ပေးဖို့ လိုပါတယ်။ ဘယ်လိုဆောင်ရွက်တယ်ဆိုတာလည်း ကျွန်တော့်ဆီကို ပြန်ပြီးတော့ ပြောပါ။ နောက်ပြီးတော့ ဓာတ်မြေသြဇာ ထုတ်လုပ် တဲ့ကိစ္စနဲ့ ပတ်သက်လို့ ပြဿနာတွေ တော့ သိပါတယ်။ ဓာတ်မြေသြဇာတွေ လယ်သမားတွေ လာမထုတ်ဘူး။ လာမထုတ်ဘူးဆိုတာမျိုးတွေ ပေါ့နော်။ အဲဒီတော့ ဆန်စပါးအထူးပြုကုမ္ပဏီကနေတစ်ဆင့် ဖြန့် ခိုင်းပါလား ဆိုတာလည်း ကျွန်တော် ပြောလိုက်တဲ့ Idea ပါပဲ။ ဖြန့်ခိုင်းကြည့်ပါလားဆိုပြီးတော့ နောက်တစ်ခုလည်း သဘာဝဓာတ်မြေသြဇာ ထုတ်ဖို့အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လုပ်နေတာတွေ အများကြီးပဲ။ EI လိုင်း နောက်တစ်ခု ရှိတယ်။ Bio နဲ့ လုပ်တာ ရှိတယ်။ တီကောင်မွေးတာ ရှိတယ်။ နိုင်ငံခြားကတီကောင်မျိုးဝယ်သွင်းပြီးတော့ ကန်တွေနဲ့မွေးတာတွေလည်း ရှိတယ်။ အဲတော့ ဒီနေ့ကမ္ဘာမှာ Organic Farmming ဆိုတာ ခေတ်စားလာတဲ့အခါမှာ ဒါကို ကျွန်တော်တို့က အမျိုးသားရေးလှုပ်ရှားမှုအနေနဲ့ ဘယ်လိုလုပ်မလဲဆိုတာ အစီအမံရှိဖို့ တော့ လိုပါတယ်။ Gas မရလို့ ဟို ဟာဖြစ်လို့ ဒီဟာဖြစ်လို့ ဓာတ်မြေသြဇာ သဘာဝမြေသြဇာ လုံလောက်အောင် ဘယ်လိုလုပ်မလဲ သဘာဝ မြေသြဇာကြီးပဲ သုံးပါတယ် ဆိုတဲ့ဆန် ကမ္ဘာမှာ ထုတ်ရောင်းရင် ပိုဈေးရမှာပါ ။ နောက်တစ်ခုက ဦးနိုင်ထွန်း အုံ မေးတဲ့အထဲမှာ ပိုးသတ်ဆေး ဆိုတာလည်း ပါပါတယ်။ ပိုးသတ်ဆေးကိစ္စလည်း ဒါ စဉ်းစားရမှာပေါ့။ ပိုးသတ်ဆေးကတော့ ခုနက ဒီတမာပိုးသတ်ဆေးစက်ရုံရှိတယ် ဒါလည်း မကိုက်ဘူးနော်။ ဒီလိုပဲ ကျွန်တော်တို့ ကြားသိရတာ ရှိပါတယ်။ ကျွန်တော်လည်း လက်တွေ့စမ်းသပ်ပြီးတော့ တမာပိုးသတ်ဆေးစက်ရုံ မပေါ်ခင်မှာကို တမာရွက်ကို အသုံးပြုခဲ့ ဖူးပါတယ်။ အသုံးပြုတဲ့အခါမှာ အောင် မြင်ပါတယ်။ အဲဒီတော့ Organic Farmming ဖြစ်ရင် ပိုကောင်းတယ်ဆိုရင် ဒီလိုတမာပင်တွေစိုက်တဲ့ အစီအစဉ်တွေ တမာရွက်ကို စက်ရုံထိသယ်စရာမလိုဘဲနဲ့ ရွာမှာ ဘယ်လိုပြုပြင်ဖန်တီးပြီးတော့ သုံးလို့ရှိရင် ပိုးသတ်ဆေးဖြစ်လာမလဲ။ အလွယ်တကူပေါ့နော်။ ကိုယ်တိုင်လုပ်တဲ့ပိုးသတ်ဆေး လိုဟာမျိုး ပေါ့နော်၊ ဘာမှသွားဝယ်စရာ၊ ဝယ်စရာငွေလည်း မရှိဘူး။ မရှိပါဘူး။ တောင်သူ လယ်သမားတွေ လက်ထဲမှာ သွား ဝယ်စရာ လည်းမလိုပါဘူး။ Organic Farmming ဆိုပြီး တော့လည်း ဈေးက ကောင်းကောင်း ရအုံးမယ်ဆိုတဲ့ စီမံချက်တစ်ခုလည်း ပြင်းပြင်းထန်ထန်

လုပ်ဖို့လည်းလိုမယ် ထင်ပါတယ်။ သဘာဝမြေဩဇာထုတ်ဖို့ သဘာဝ ပိုးသတ်ဆေး ဒါလေး တွေကို ကျွန်တော်တို့ ဒီအဆိုကလည်း ဦးမြင့်ထွန်း ကို ဆုငွေနဲ့ ပတ်သက်ပြီးလို့ ပုဒ်မ ၅၊ ၁၉၅၃ ပယ်ဖျက်ပြီးတော့ ရပ်စဲသင့်ပါပြီ။။ ဒါလည်းသဘာ ဝကျပါတယ်။ ပိုက်ဆံ မရှိလို့ ချေးတာပဲ ရတဲ့ငွေကလည်း စိုက်စရိတ်ကို မလောက်ပါဘူး။ စိုက်စရိတ်ကို မလောက်ဘူး။ ဓာတ်မြေဩဇာ ဝယ်ဖို့ ဘ ယ်လိုပဲပညာပေးပေး ဝယ်စရာပိုက်ဆံကို မရှိဘူး။ ခုန ဖတ်ပြသွားတဲ့ အထဲမှာ လယ်သမားရဲ့ ဆုငွေရှစ်သောင်း၊ ရှစ်သော င်းပြန်ရမယ်ဆိုလို့ရှိရင် သူသည် ဒီတစ်နှစ် အကြပ်အတည်း ဖြစ်တဲ့နှစ် ပြီးခဲ့တဲ့နှစ် က တစ်ကမ္ဘာလုံး မိုးတွေရွာနေတယ်ဆိုတာလည်း တော်တော်များများပျက်စီးတာ အားလုံးအသိပဲ အဲလိုဟာမျိုးကို အဖတ်ဆယ် နိုင်မယ်ဖြစ်တဲ့ အတွက် ဒါကတော့ Campaign တစ်ခုအနေနဲ့ ပြန်ထုတ်ပေးတာရယ်၊ ဒါကို ဖျက်သိမ်းတာမျိုး တွေရယ် လုပ်သင့်ပါတယ်။ လယ်သမား က စာမတတ်တဲ့ လယ်သမားတွေ က ဖြတ်တယ်လို့ပဲ ဖြတ်ငွေပဲ၊ ဖြတ်ငွေဆိုတော့ အောင့်သက် သက်နဲ့ ခံနေတဲ့သဘော ရှိပါတယ်။ စိတ်ဓာတ်အရကိုက အဲလို ရှိ ပါတယ်။ ဒါကို တိတိကျကျ လေး ဆောင်ရွက်ပေးမယ်ဆိုရင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ဂုဏ်သိက္ခာ၊ စည်းရုံးရေး အများကြီးတက်လာမှာပါ။ ဒီစည်းရုံးရေးနဲ့ ပညာပေးရေးနဲ့ပူးတွဲပြီး ဆောင်ရွက်ခြင်းအားဖြင့် ပိုပြီးတော့ ကောင်းပါတယ်။

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသား လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ (က)အရ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုကို ဆောက် လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အမျိုး သားလွှတ်တော်သို့ တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၅။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရကိုယ်စား ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ကျင့်သုံးဆောင်ရွက်နေတဲ့ ၁၉၅၅ခုနှစ် အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို စဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်တွေမှာ ၁၉၅၅ ခုနှစ်က ရေးဆွဲပြဋ္ဌာန်းခဲ့တာဖြစ်တဲ့အတွက် လက်ရှိအခြေအနေ မှာ အချိန်အခါနဲ့ ခေတ်ကာလ ဆီလျော် ကိုက်ညီမှုမရှိတော့တဲ့အတွက် ခေတ်ကာလနှင့် လိုက်လျောညီထွေမှုရှိစေရန် ၁၉၅၅ ခုနှစ် အစိုးရ အိမ်ဥပစာ (နှင်ထုတ်ခြင်း)အက်ဥပဒေကို ပြင်ဆ င်သည့် ဥပဒေကြမ်းကို အသစ်ရေးဆွဲထား ပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၁၉၅၅ ခုနှစ် အစိုးရ အိမ်ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေကို ပြင် ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆိုကို လေးစားစွာတင်သွင်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။အဆိုကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ လိုအပ်ပါတယ်။ ထောက်ခံမယ့်သူ ရှိပါက ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၆။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ၁၉၅၅ ခုနှစ် အစိုးရအိမ်ဥ ပစာ(နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှာ လက်ခံဆွေးဆွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းကို ကျွန်တော် ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)က ထောက်ခံပါတယ်။

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား ။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း )အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အချိန်ကိုငဲ့ညှာတဲ့အနေနဲ့

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ယနေ့ ဖတ်ကြားတင်သွင်းခြင်းမပြုဘဲ ဥပဒေကြမ်းကိုဆွေးနွေးမယ့်နေ့ကျမှ အသေးစိတ် ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အမျိုးသား လွှတ်တော်၏ သဘောတူညီချက် ရယူခြင်း

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထားရယူမှာ ဖြစ်ပါတယ်။

၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး စဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၅၅ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၅၅ခုနှစ်၊ အစိုးရ အိမ်ဥပစာ (နှင်ထုတ်ခြင်း)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၄-၃-၂၀၁၂ (ဗုဒ္ဓဟူးနေ့) ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော် ဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

တင်သွင်းထားတဲ့ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ဖတ်ကြားတင်သွင်းရန်နှင့် လွှ တ်တော်ကိုယ်စားလှယ်များ ဆွေးနွေးရန်နေ့ရက်ကို သီးခြားသတ်မှတ်ပေးမှာ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) ၏ ဝိဇ္ဇာအထူးပြုဘာသာရပ်များကို အခြေခံပညာနှင့်အဆင့်မြင့်ပညာရေးတွင်ပိုမိုတိုးတက် သင်ကြားပေးရန်နှင့် ဝိဇ္ဇာဘွဲ့ရသူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ၊** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး တင်သွင်းထားသည့် ဝိဇ္ဇာအထူးပြုဘာသာရပ်များကို အခြေခံပညာနှင့် အဆင့်မြင့်ပညာရေးတွင် ပိုမိုတိုးတက် သင်ကြားပေးရန်နှင့် ဝိဇ္ဇာဘွဲ့ရသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမို ဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၀။**

**ဦးသန်းဆွေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ အားလုံးမင်္ဂလာ ပါခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး က ဝိဇ္ဇာအထူးပြုဘာသာရပ်များကို အ ခြေခံပညာနှင့် အဆင ့မြင့်ပညာရေးတွင် ပိုမိုတိုးတက်သင်ကြားပေးရန် ဒါတစ်ပိုင်း။ နောက်တစ်ခါ ဝိဇ္ဇာဘွဲ့ရသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုဖော်ဆောင်ပေးရန် ဒါက ဒုတိယ။ အဲဒီ (၂)ခုကို အဲဒီ အဆိုကို ကျွ န်တော် ခြွင်း ချက်နဲ့ ထောက်ခံသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အဆိုရှင် ပြောသလိုပါပဲ။ ဒီဝိဇ္ဇာပညာရပ်ဟာ အဆိုရှင်အနေနဲ့ ဆရာဝန်တစ်ယောက်ဖြစ်သော်လည်း ဒီ ဝိဇ္ဇာပညာရပ်ကိုဒီလို တိုးမြှင့်သင်ကြားပေးဖို့ အဆိုတင်သွင်းထားတဲ့အတွက် ကျွန်တော်

အများကြီးပဲ ဝမ်းသာပါတယ်။ ကျွန်တော်တို့ကလည်း ဝိဇ္ဇာပညာနဲ့ ပညာကို သင်ခဲ့ရတဲ့သူ ဖြစ်တဲ့အတွက် ဒီဝိဇ္ဇာပညာရပ်ကို ဒီလိုပိုသင်ကြားပေးဖို့ တိုးမြှင့်ပေးဖို့ အဆိုပြုခြင်းအတွက်လည်း အများကြီး ဝမ်းသာပါတယ်။ အမှန်မှာ ဒီအဆိုဟာ ကျွန်တော်တို့ကကို တင်သွင်းရမှာ ဖြစ်ပါတယ်။ သို့သော်ငြားလည်း ဒီတင်သွ င်းရလောက်အောင်လည်း မလိုအပ်တဲ့အတွက် ကျွန်တော်တို့ မတင်သွင်းခြင်း ဖြစ်ပါတယ်။ ဒီ ဝိဇ္ဇာပညာရပ်ဆိုတာဟာ အခုခေတ်ပြောမယ် ဆိုရင်တော့ Science ကို သိပ္ပံပညာရပ်၊ Arts ကို ဝိဇ္ဇာပညာရပ် ဒီလိုပဲ ကျွန်တော်တို့ ဘာသာပြန်ခဲ့ပါတယ်။ ဒါပေမဲ့ တစ်ချိန်က Science ကို ဝိဇ္ဇာပညာရပ်လို့ ပြန်ဖူးတာလည်း ကျွန်တော် ကြားဖူးပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဥပမာ အခု စီးပွားရေးတက္ကသိုလ် လုပ်ထားတဲ့ အဆောက်အဦကြီးဟာ ရန်ကုန်တက္က သိုလ် ပြောတာပါ။ ကျွန်တော်တို့ ခေတ်က ဆိုရင် အဲဒီမှာ စီးပွားရေးတက္ကသိုလ်ရယ်လို့ မဖြစ်သေးဘဲနဲ့ စီးပွားရေးပညာဖြစ်တဲ့ စာရင်းအင်း ပညာ၊ နောက် ကျွန်တော်တို့ ဒီ statistics ဆိုတဲ့ စာရင်းအင်းပညာ၊ နောက် Management ဆိုတဲ့ အုပ်ချုပ်ရေးပညာ၊ အဲဒီလိုပညာတွေ သင်တဲ့အခါမှာ ဒီအဆောက်အဦကြီးကို ကျွန်တော်တို့ Social Science Building လို့ ခေါ်ခဲ့ပါတယ်။ အဲဒီတော့ ဒါကြောင့် Science ကို တစ်ချိန်က ကျွန်တော် တို့ ဒီ ဝိဇ္ဇာလို့ပဲ ပြန်ပုံ ရပါတယ်။ ကောင်းပြီ။ ဝိဇ္ဇာဆိုတဲ့အခါမှာ ကျွန်တော်တို့ ဒီ ဘာသာရပ်အနေနဲ့ ဟိုတုန်းက ကျွန်တော်တို့ ဝိဇ္ဇာ အသိပညာ၊ သိပ္ပံကို အတတ်ပညာ ဒီလိုယူဆကြတာလည်း ရှိပါတယ်။ ဥပမာ ကျွန်တော်တို့ ရှေးတုန်းက ဟုတ်လား။ ဒီ ဝိဇ္ဇာတွေ၊ ဇော်ဂျီတွေ၊ တပသီတွေ ဒီဟာ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ ကြားဖူးပါလိမ့်မယ်။ ဘာဖြစ်လို့ လဲဆိုတော့ ဒီ ဝိဇ္ဇာ ဆိုတဲ့ ဇော်ဂျီကတော့ မြင်ဖူးပါလိမ့်မယ်။ ဇော်ဂျီအဝတ်အစားနဲ့။ ဝိဇ္ဇာကလည်း ဒီသဘောပါပဲ။ တပသီ ဆိုတာတော့ 'တပေါ' နော်။ မြိုးမြံသော အကျင့်ကို ကျင့်သော သူလို့ အဓိပ္ပာယ်ရပါတယ်။ အဲဒီတော့ ဒီဝိဇ္ဇာမှာ ဟိုတုန်းကတည်းကကို မန္တန် ဝိဇ္ဇာ၊ ဆေး ဝိဇ္ဇာ၊ ပြဒါး ဝိဇ္ဇာ၊ သံ ဝိဇ္ဇာ ဒါ သူ့လိုင်းနဲ့သူ ခွဲသွားတာပဲ ဝိဇ္ဇာမှာ။ အဲဒီလိုပါပဲ အခု ကျွန်တော်တို့ ဒီ ခေတ်ပညာမှာလည်း နော် ဥပဒေ ဝိဇ္ဇာ၊ စီးပွားရေး ဝိဇ္ဇာ၊ အဲဒီတော့ အဲဒီလို သင်တဲ့အခါမှာ အဆိုရှင်ပြောသလို ပိုသ င်ရင်တော့ မကောင်းဘူးမဟုတ်ဘူး။ ကောင်းပါတယ်။ ဒါပေမယ့် အထိုက်အလျောက်လည်း သင်နေတာရှိပါတယ်။ ဘယ်လိုသင်နေလဲ။ သိပ္ပံပညာရပ်နဲ့ ဘွဲ့ရတဲ့ လူတွေလည်း ဒါ အချိ န်တန် အလုပ်ရတာပါပဲ။ ဝိဇ္ဇာပညာရပ်နဲ့ ဘွဲ့ရတဲ့ လူတွေလည်းပဲ ရပါတယ်။ အဲဒီတော့ ဝိဇ္ဇာမှာတော့ ခုနက ကျွန်တော်ပြောတဲ့ ဝိဇ္ဇ ာမှာတော့ ကျွန်တော်တို့ဟာ ဒီစီးပွားရေးပညာ၊ အဲဒီလို အခု ဖြစ်လာပါပြီ။ နောက်တစ်ခါ ကျွန်တော်တို့ ဥပဒေဘွဲ့၊ ဥပဒေတက္ကသိုလ်တော့ မဖြစ်သေးဘဲနဲ့ ဥပဒေဌာနကြီးတစ်ခုအနေနဲ့ ဥပဒေပညာရပ်ကို

သင်ပေးတဲ့ ဥပဒေဝိဇ္ဇာရှင်တွေ ပေါ်ထွက်လာတယ်။ ပေါ်ထွက်လာလို့လည်း ဒီဥပဒေဘွဲ့နဲ့ ပတ်သက်ပြီးတော့ ဒီ အုပ်ချုပ်ရေးပိုင်း မှာဆိုရင် ဒါ အများကြီး အကျိုးပြုခဲ့ပါတယ်။ ရှိခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ တင်ပြချင်တာက ဒီ ဝိဇ္ဇာပညာရပ်ကို တိုးပေးတာ၊ တိုးပေးသင့် ပေမယ့် အခုအဆိုရှင်ပြောတဲ့ ဝိဇ္ဇာအထူးပြု ဘာသာရပ်ကို အခြေခံပညာနဲ့ အဆင့်မြင့်ပညာ ရေးမှာ ပိုမို တိုးတက်သင်ကြားရန်ဆိုတော့ အခြေခံ ပညာဖြစ်တဲ့ ကျွန်တော်တို့ ကျောင်းတွေမှာ ဝိဇ္ဇာပညာရပ်နဲ့ သိပ္ပံပညာရပ်ကို ခွဲခြားပြီး သင်တာ အရင်တုန်းကလည်း ရှိပါတယ်။ အခုလည်း ရှိပါတယ်။ အဲဒီတော့ အဆင့်မြင့်ပညာရပ်ဆိုတဲ့ တက္ကသိုလ် တွေမှာကျတော့ ဟိုတစ်နေ့ကပဲ ကျွန်တော်တို့ ပညာရေး ဒုတိယဝန်ကြီးပြောသွားတာ ဒီ တစ်တိုင်းပြည်လုံးအနေနဲ့ ဝိဇ္ဇာ၊ သိပ္ပံ သင်တဲ့ တက္ကသိုလ် (၄၀)ရှိတယ်ဆိုတော့ ဒါဟာ ကျွန်တော်တို့ တိုင်းပြည်အနေနဲ့ လိုတာ ထက်တောင် ပိုနေတယ်လို့ ကျွန်တော် မြင်ပါတယ်။ ဒါကြောင့် ဝိဇ္ဇာအထူးပြု ဘာသာရပ်ကို အခြေခံပညာနဲ့ အဆင့်မြ င့်ပညာရေးမှာ ပိုတိုးတက် သင်ကြားပေးရန်ဆိုတဲ့ အဆိုကို ထောက်ခံ ပေမယ့် ဒီအဆိုဟာ တကယ်လိုအပ်သလား နော်။ လိုအပ်ပေမယ့်လည်း သူ့အတိုင်းအတာနဲ့ပဲ ကျွန်တော်တို့ သင်ကြားပေးသင့်တယ်လို့ ကျွန်တော် မြင်ပါတယ်။

နောက်တစ်ခါ ဝိဇ္ဇ ဘွဲ့ရသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမို ဖော်ဆောင်ပေးရန်ဆိုတဲ့ကိစ္စကျတော့ ကျွန်တော်တို့ မထောက်ခံနိုင်ပါဘူး။ ဒါကြောင့် ကျွန်တော် ခြွင်းချက်နဲ့ ထောက်ခံတယ်လို့ ကျွန်တော် ပြောသွားတာပါ။ ဒီဟာနဲ့ပတ်သက်ပြီး အထိုက် အလျောက်လည်း ကျွန်တော် ခုနကပြောသွားတဲ့ အလုပ်အကိုင် ရနေပါတယ်။ ဒီနေ့ ကျွန်တော်တို့ နိုင်ငံမှာကြည့်ရင် ဒီ ဝိဇ္ဇာပညာရပ်နဲ့ အောင်လာတဲ့ ဘွဲ့ရလာတဲ့ လူတွေ အလုပ်အကိုင် မရဘူး ဆိုတာမျိုး မရှိပါဘူး။ ကျွန်တော့်အမြင်တော့ အခုလက်ရှိအနေနဲ့ ဝိဇ္ဇာပညာရပ်နဲ့ ပါမောက္ခတွေ ရှိတယ်လို့ မပြော ပါဘူး။ ပါမောက္ခချုပ်တွေ၊ ဒုတိယဝန်ကြီးတွေ၊ ညွှန်ကြားရေးမှူးချုပ်တွေ အများကြီး ရှိပါတယ်။ ဒါ အထို က်အလျောက် ရနေတာပါ။ ဒါကြောင့် ဒီ ဝိဇ္ဇာနဲ့ ဘွဲ့ရသူများ အတွက် အလု ပ်အကိုင် အခွင့်အလမ်းများ ပိုမို ဖော်ဆောင်ပေးရန်ဆိုတဲ့ကိစ္စကတော့ ကျွန်တော် မလိုအပ်ဘူးလို့ ဒါ ခြွင်းချက်နဲ့ ထောက်ခံခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က ဒေါက်တာမြတ်ဉာဏစိုး ရဲ့ ဝိဇ္ဇာအထူးပြုဘာသာရပ်များကို အခြေခံပညာ နဲ့ အဆင့်မြ င့်ပညာရေးတွင် ပိုမိုတိုးတက်သင်ကြားပေးရန်ဆိုတဲ့ အဆိုမှာ အခြေခံပညာနဲ့ အဆင့်မြင့်ပညာမှာ ပိုမို တိုးတက်ပေးရန် သင့်သော်လည်း သူ့အတိုင်းအတာမျှ သင်ကြားပေးရန်၊ နောက်တစ်ခါဆိုတဲ့ အဆိုကို ထောက်ခံပါတယ်။ ဝိဇ္ဇာဘွဲ့ရသူများ အတွက် အလုပ်အကိုင်

အခွင့်အလမ်းများ ပိုမိုဖော်ဆောင်ပေးရန် ဆိုတဲ့အဆိုနဲ့ ပတ်သက်ရင်တော့ ဒါ ကျွန်တော် ့အနေနဲ့ အစိုးရအနေနဲ့ ဒါ သူ့အထိုက်အလျောက် ဖော်ဆောင်ပေးနေပါတယ်လို့ ပြောရင်းနဲ့ ဒါကြောင့် ကျွန်တော် ဒီအဆိုကိုတော့ မထောက်ခံနိုင်ပါဘူးလို့ ကျွန်တော် ပြောလိုပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဝင်းမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၉။**

**ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၄) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး ရဲ့ အဆိုဖြစ်တဲ့ ဝိဇ္ဇာအထူးပြု ဘာသာရပ်များကို အခြေခံပညာနှင့် အဆင့်မြင့်ပညာရေးတွင် ပိုမိုတိုးတက် သင်ကြားပေးရန်နှင့် ဝိဇ္ဇာဘွဲ့ရသူများအတွက် အလုပ်အကိုင်အ ခွင့်အလမ်းများ ပိုမိုဖော်ဆောင် ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင် က ဆွေးနွေး တင်ပြပါ့မယ် ခင်ဗျား။ လေးစားအပ်ပါသော အမျိုး သားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေး ဝန်ကြီးဌာန လက်အောက်မှာ ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များကို သင်ကြားပေးနေတဲ့ တက္ကသိုလ်များ ရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်မှာလည်းပဲ ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ဆေးဝါးကျွမ်းကျင် တ က္ကသိုလ်၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ သူနာပြုတက္ကသိုလ် စသဖြင့် တက္ကသိုလ်များစွာ ရှိပါတယ်။ အလားတူပါပဲ နည်းပညာ ဝန်ကြီးဌာနလက်အောက်မှာလည်းပဲ နည်းပညာ တက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်တွေ ရှိနေပါတယ်။ တက္ကသိုလ်ဝင်တန်းအောင်ခဲ့ကြတဲ့ ကျောင်းသား /ကျောင်းသူတွေဟာ မိမိတို့ အမှတ်အလျောက် သတ်မှ တ်တဲ့ အမှတ်မီရာ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်မှာ မိမိတို့ ဝါသနာပါရာ ဘာသာရပ်ကို သင်ယူကြရပါတယ်။ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်မှာ အမှတ်မမီသူတွေကတော့ ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ် တက္ကသိုလ်များမှာ အမှတ် မီရာဘာသာ၊ မိမိ ဝါသနာပါရာ ဘာသာရပ် ကို သင်ယူကြရပါတယ်။ ဘယ်ဘာသာရပ်ကိုပဲ သင်သင်၊ ဘယ် တက္ကသိုလ်မှာပဲ တက်တက်၊ ကျောင်းသားတွေရဲ့ ကြိုးစားမှုနဲ့ ထူးချွန်မှုက အရေးကြီးပါတယ်လို့

ကျွန်တော် တင်ပြလိုပါတယ်။ ဆေးပညာနဲ့ ဘွဲ့ရပြီးတော့ ဆရာဝန်အဖြစ်နဲ့ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို မလုပ်ဘဲနဲ့ မန္တလေးမှာ ဒါ ဆွေမျိုးနီးစပ်တဲ့ သာဓကကို ကျွန်တော် တင်ပြပါရစေ။ မန္တလေးမှာ မြေအရောင်းအဝယ်၊ တိုက်အရောင်းအဝယ်၊ ကားအရောင်း အဝယ် လုပ်နေတဲ့ ဆရာဝန်တွေ ရှိပါတယ်။ အလားတူပါပဲ အင်ဂျင်နီယာဘွဲ့ရပြီးတော့မှ ဆောက်လုပ်ရေး လုပ်ငန်းကို အဓိကထား မလုပ်ဘဲနဲ့ မင်္ဂလာဆော င်မှာ၊ အလှူ မှာ ပ န္နက်ချပွဲအခမ်းအနားများမှာ ဘိသိတ်မြှောက်ပေးနေတဲ့ ပုဂ္ဂိုလ်မျိုးလည်းပဲ တွေ့နေရပါတယ်။ ဆရာဝန်ဘွဲ့ရပြီးတော့မှ မန္တလေးမှာ ကျူရှင်ပြနေတဲ့ ဆရာများလည်း ရှိနေပါတယ်ခင်ဗျား။ ပြည်သူကို ဆရာဝန် ပညာရပ်နဲ့ ကျန်းမာရေး စောင့်ရှောက်မှုမပြုဘဲနဲ့ အနုပညာလုပ်ငန်းရပ်နဲ့ ဖျော်ဖြေမှုများ ပြုနေတာကိုလည်းပဲ လွှ တ်တော်ကိုယ်စားလှယ်များအသိ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်ဘွဲ့ပဲရရ အသက်မွေးဝမ်းကျောင်းပြုရာမှာ အဆင်ပြေသလို စီးပွားဖြစ်သလို လုပ်နေကြတာကို တွေ့ရ ပါတယ်။

လေးစားအပ်ပါသော အမျိုး သားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဝိဇ္ဇာဘာသာရပ်နဲ့ အောင်ရင် အလုပ်အကိုင် အခွင့်အလမ်း မကောင်း ဘူး။ သိပ္ပံဘာသာနဲ့အောင်ရင် အလုပ်အကိုင် အခွင့်အလမ်းကောင်းတယ်လို့လည်းပဲ အတိအကျ ကောက်ချက်ချလို့ မရဘူးလို့ ကျွန်တော် ယူဆပါတယ်။ သိပ္ပံဘာသာရပ်နဲ့ ဘွဲ့ရတဲ့ သူတွေထဲက ဝန်ထမ်းလောကမှာ၊ အုပ်ချုပ်ရေး လောကမှာ အထွက်အထိပ်ရောက်နေတဲ့ သာဓကများ ရှိပါတယ်။ ကျွန်တော် သာဓက တင်ပြ ပါရစေ။ ရူပဗေဒနှင့် ဘွဲ့ရပြီးတော့မှ ဆရာကြီး ဦးစံသောင်း ဟာ အထက်တန်းပညာ ဦးစီးဌာန ဒီနေ့တော့ အဆင့်မြင့်ပညာဦးစီးဌာနလို့ ခေါ်ပါတယ်။ အဲဒီ ဦးစီးဌာနမှာ ညွှန်ကြားရေးမှူးချုပ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ နောက် ဆရာကြီး ဦးစောထွန်း ကတော့ ရူပဗေဒဘာသာရပ်နဲ့ ဘွဲ့ရပြီးတော့ ညွှန်ကြား ရေးမှူးချုပ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဆရာကြီး ဦးကျော်မြင့် က ရူပဗေဒဘာသာရပ်နဲ့ ရပြီးတော့ မှ ညွှန်ကြားရေးမှူးချုပ် တာဝန် ထမ်းဆောင်ခဲ့ပါတယ်။ အလားတူပါပဲ ဆရာကြီး ဒေါက်တာ သိန်းမြင့် က သင်္ချာဘာသာနဲ့ ဘွဲ့ရပြီး တော့မှ ညွှန်ကြားရေးမှူးချုပ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဒါကတော့ ညွှန်ကြားရေးမှူးချုပ် တာဝန် ထမ်းဆောင်ခဲ့တဲ့ သိပ္ပံဘွဲ့ရ ပညာရှင်များပါ။ ဒါ့အပြင် ဓာတုဗေဒနဲ့ ဘွဲ့ရပြီးတော့ ဆရာကြီး ဒေါက်တာမောင်ဒီ ဟာ ပညာရေးဒုတိယဝန်ကြီးအဖြစ် ယခင်က တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အလားတူပါပဲ သင်္ချာဘာသာနဲ့ ဘွဲ့ရပြီးတော့မှ ဆရာကြီး ဦးမျိုးညွှန့် ဟာ ယ ခင်က ပညာရေး

ဒုတိယဝန်ကြီးတာဝန်ကို ထမ်းဆောင်ခဲ့ကြတဲ့ သာဓကတွေ ရှိပါတယ်။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဒီမိုကရေစီအစိုးရ သစ်လက်ထက်မှာ ဒေါက်တာမောင်မောင်ဌေး ဆိုရင် ဓာတုဗေဒနဲ့ ဘွဲ့ရပြီးတော့ သာသနာရေးဝန်ကြီးဌာနမှာ ဒုတိယဝန်ကြီးအဖြစ် တာဝန် ထမ်းဆောင်လျက် ရှိပါတယ်။ ဒေါက်တာကျော်ကျော်ဌေး ဆိုရင် သတ္တဗေဒနဲ့ ဘွဲ့ရပြီးတော့ ရာထူးခန့်ထားရေးမှာ တာဝန်ထမ်းဆောင်လျက် ရှိပါတယ်။ ဒေါက် တာမြအေး ဆိုရင် ဓာတုဗေဒနဲ့ ဘွဲ့ရ ပြီးတော့ ပညာရေးဝန်ကြီးဌာနမှာ ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန် ထမ်းဆောင်လျက် ရှိနေတာကို ကျွန်တော်တို့ တွေ့ရပါတယ်။

ဝိဇ္ဇာဘာသာရပ်နဲ့ ဘွဲ့ရပြီးတော့မှ ဝန်ထမ်းလော ကမှာ၊ အုပ်ချုပ်ရေးလောကမှာ အထွဋ်အထိပ်ရောက်ခဲ့တဲ့ သာဓကတွေ ကျွန်တော် ဆက်လက်ပြီးတော့ တင်ပြပါရစေ။ ဒေါက်တာမျိုးမြင့်ဆိုရင် သမိုင်းနဲ့ဘွဲ့ရပြီးတော့ သာသနာရေးဝန်ကြီးဌာနမှာ ညွှန်ကြားရေးမှူးချုပ် တာဝန်ထမ်းဆောင်လျက် ရှိပါတယ်။ ဒေါက်တာတိုးလှ ဆိုရင် သမိုင်းဘာသာ နဲ့ ဘွဲ့ရပြီးတော့ နိုင်ငံသမိုင်းသုတေသနဦးစီးဌာနမှာ ဒုတိယညွှန်ကြားရေးမှူးချုပ်တာဝန် ထမ်းဆောင်ခဲ့ပါတယ်။ ဒေါက်တာဘမောင် ဆိုရင် သမိုင်းဘာသာနဲ့ ဘွဲ့ရပြီးတော့ နိုင်ငံသမိုင်းသုတေသနဦးစီးဌာနမှာ ဒုတိယညွှန်ကြားရေးမှူးချုပ် တာဝန်အထိ ထမ်းဆောင်ခဲ့ပါတယ်။ ဒီနှစ်ဆိုရင် ဒေါက်တာဘမောင် ဟာ ချင်းပြည်နယ်မှာ ပြည်နယ်ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိပါတယ်။ နောက် ဆရာကြီး ဒေါက်တာကျော်စိန် ဆိုရင် စိတ်ပညာနဲ့ ဘွဲ့ရပြီးတော့မှ ပညာရေးဝန်ကြီးဌာနမှာ ပညာရေးဝန်ကြီးအဖြစ် တာဝန် ထမ်းဆောင်ခဲ့ပါတယ်။

ဒီနှစ်ဆိုရင် နိုင် ငံတော်အစိုးရသစ်လက်ထက်မှာ ဒေါက်တာမျိုးမြင့်ဟာ အင်္ဂလိပ်စာ ဘာသာရပ်နဲ့ ဘွဲ့ရပြီးတော့မှ နိုင်ငံခြားရေးဝန်ကြီးဌာနမှာ ဒုတိယဝန်ကြီးတာဝန်ထမ်းဆောင် လျက်ရှိပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား- ဝိဇ္ဇာဘာသာရပ် နဲ့ပဲ ဘွဲ့ရတဲ့သူတွေ၊ သိပ္ပံဘာသာရပ် နဲ့ဘွဲ့ရတဲ့သူတွေ ကျွန်တော်တို့ ကြည့်မယ်ဆိုလို့ရှိရင် ဝိဇ္ဇာဘာသာရပ်မှာ သမိုင်း၊ စိတ်ပညာ အဲဒီဘာသာရပ်နဲ့ဘွဲ့ရတဲ့ ပုဂ္ဂိုလ်တွေများမှာ ကျွန်တော် တင်ပြခဲ့တဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယဝန်ကြီး၊ ဝန်ကြီး ကဲ့သို့သော ရာထူးကြီးကြီးများကို ထမ်းဆောင်ခဲ့တဲ့ သာဓကတွေ ရှိသလိုပဲ ဝိဇ္ဇာဘာသာရပ်မှာ အမှတ် သိပ်ပြီးတော့ အဆင့်မမြင့်လှတဲ့ မြန်မာစာဘာသာရပ်နဲ့ ဘွဲ့ရတဲ့ သူတွေထဲကလည်းပဲ

ပါမောက္ခချုပ် ရာထူးအဆင့်ထိအောင် တာဝန်ထမ်းဆောင်ခဲ့ကြတာတွေ၊ နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ကြတာတွေကို တွေ့ရပါတယ်။ ခု နတုန်းက ဆရာကြီး ဦးသန်းဆွေ လည်းပဲ တင်ပြသွားပါတယ်။ မြန်မာစာနဲ့ပတ်သက်ပြီးတော့မှ ပါမောက္ခချုပ်အထိတာဝန် ထမ်းဆောင်ခဲ့တဲ့ ပုဂ္ဂိုလ်များကို ကျွန်တော် သာဓကပြရရင် ဆရာကြီး ဦးကျော်ရင် မန္တလေးတ တက္ကသိုလ်မှာ ပါမောက္ခချုပ် တာဝန် ထမ်းဆောင်ခဲ့ပါတယ်။ ဆရာကြီး ဦးလှရွှေ မန္တလေးတ တက္ကသိုလ်မှာ ပါမောက္ခချုပ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဆရာကြီး ဦးဖိုးသင် ရန်ကုန်ပညာရေးတက္ကသိုလ်မှာ ဒုတိယပါမောက္ခချုပ် တာဝန် ထမ်းဆောင်ခဲ့ပါတယ်။ ဒေါက်တာ ဦးသန်းဆွေ မြိတ်တက္ကသိုလ်မှာ ဒုတိယပါမောက္ခချုပ် တာဝန် ထမ်းဆောင်ခဲ့ပါတယ်။ နောက် ဦးသာဦး ပင်လုံတ တက္ကသိုလ်မှာ ပါမောက္ခချုပ် တာဝန် ထမ်းဆောင်ခဲ့ပါတယ်။ နောက် ဦးဝင်းမောင် ရတနာပုံတ တက္ကသိုလ်မှာ ပါမောက္ခချုပ် တာဝန် ထမ်းဆောင်ခဲ့ပါတယ်။ ဒီနေ့ဆိုရင် နိုင်ငံ တော်အစိုးရသစ်လက်ထက်မှာ ဒေါက်တာအောင်မင်းလွင် ဟာ မန္တလေးနိုင်ငံခြားဘာသာတက္ကသို လ်မှာ ဒုတိယပါမောက္ခချုပ် တာဝန်ထမ်းဆောင်လျက် ရှိပါတယ်။ အဲဒါကြောင့် အသက်မွေး ဝမ်းကျောင်း တက္ကသိုလ်များမှ ဘွဲ့ရသူများရဲ့ အခန်းကဏ္ဍ အရေးပါအရာရောက်သလိုပဲ သိပ္ပံဘာသာရပ်နဲ့ ဘွဲ့ ရသူများရဲ့ အခန်းကဏ္ဍဟာ အရေးပါ အရာရောက် သလိုပါပဲ။ ဝိဇ္ဇာဘာသာရပ်နဲ့ ဘွဲ့ရသူများရဲ့ အခန်းကဏ္ဍဟာလည်းပဲ အရေးပါအရာရောက်တာကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါက်တာမြတ်ဉာဏစိုးရဲ့ အဆိုကို ဆန်းစစ်ကြည့်မယ်ဆိုရင် ဝိဇ္ဇာအထူးပြုဘာသာရပ်များကို ပိုမိုတိုးတက်သင်ကြားပေးရန်ဆိုတဲ့နေရာမှာ ဘာသာရပ်များကို ထပ်မံဖြည့်စွက်ပြဋ္ဌာန်းရန် မဟုတ်ဘဲနဲ့ ဝိဇ္ဇာဘာသာရပ် သင်ကြားသူများ ပိုမိုများပြားလာစေဖို့ ရည်ရွယ်တယ်လို့ ကျွန်တော် ယူဆပါတယ်။ တက္ကသိုလ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ပထဝီဝင်၊ စိတ်ပညာ၊ ဒဿနိကဗေဒ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ ဥပဒေပညာ၊ မနုဿဗေဒ၊ ရှေး ဟောင်း သုတေသန၊ စာကြည့်တိုက် စသဖြင့် ဝိဇ္ဇာဘာသာရပ်များ သင်ကြားလျက်ရှိတာကြောင့် ဘာသာရပ်များ အနေနဲ့တော့ ထပ်မံတိုးချဲ့စရာ မဟုတ်ဘူးလို့ ကျွန်တော် နားလည်ပါတယ်။ ဝိဇ္ဇာဘွဲ့ရသူများ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမို ဖော်ဆောင်ပေးရန်လို့ ဒေါက်တာမြတ်ဉာဏစိုး ဆိုတဲ့ နေရာမှာလည်းပဲ အလုပ်ခန့်တဲ့အခါမှာ သိပ္ပံဘွဲ့ရသူများနည်းတူ ဝိဇ္ဇာဘွဲ့ရသူများကိုလည်းပဲ တာဝန်ပေးစေလိုတဲ့ ရည်ရွယ်ချက်လို့ ကျွန်တော် နားလည်ပါတယ်။ ရုံးဌာနများမှာ အလုပ်

ခန့်တဲ့အခါ သိပ္ပံဘွဲ့ရများကို ခန့်သလိုပဲ ဝိဇ္ဇာဘွဲ့ရများကိုလည်းပဲ ခန့်ထားလျက် ရှိပါတယ်။ ဝိဇ္ဇာဘွဲ့ရသူများကို လျှော့ပေါ့ခန့်ထားတာ မဟုတ်ဘူးလို့ကျွန်တော် သတိပြုမိပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် တင်စား၍ တင်ပြပါရစေ။ နှင်းဆီပန်းလည်း နှင်းဆီပန်းအလျောက် သူ့အဆင်းနှင့်သူ့ရနံ့ ရှိသလို၊ စံပယ်ပန်း ကလည်း စံပယ်ပန်းအလျောက် သူ့အဆင်းနှင့် သူ့ရနံ့ရှိသလို၊ ခရေပန်းကလည်း ခရေပန်း အလျောက် သူ့အဆင်းနှင့် သူ့ ရနံ့ရှိတယ်လို့ ကျွန်တော် သတိပြုမိ ပါတယ်။ ဖိုးလမင်းလည်း ဖိုးလမင်းအလင်းနဲ့ ဖယော င်းတိုင်လည်း ဖယောင်းတိုင် အလင်းနဲ့ ဩကာသလောကကြီးကို အကျိုးပြုလျက် ရှိနေကြပါတယ်။ အသက်မွေးဝမ်းကျောင်း ဘာသာရပ်မှ ကောင်းတယ်။ သိပ္ပံဘာသာရပ်မှ ကောင်းတယ်။ ဝိဇ္ဇာဘာသာရပ်က မကောင်းဘူးလို့ မယူ ဆသင့်ပါဘူး။ အဲဒါကြောင့် အသက်မွေးဝမ်းကျောင်း ဘာသာရပ်၊ သိပ္ပံဘာသာရပ်၊ ဝိဇ္ဇာဘာသာရပ်အားလုံး သူ့အဆင်းနဲ့ သူ့ရနံ့နဲ့ သူ့အလင်းနဲ့ နိုင်ငံနှင့်ပြည်သူကို အကျိုးပြု နေကြတာကို အသက်မွေး ဝမ်းကျောင်းဘာသာရပ်ကို သိပ္ပံ ဘာသာရပ်၊ ဝိဇ္ဇာဘာသာရပ်များနှင့် အတူပဲ တန်းတူညီတူ အလေးပေးသင့်ပါကြောင်း၊ မည်သည့်ဘာသာရပ်ဖြစ်ဖြစ် ကျောင်းသားက ထူးချွန်အောင် ကြိုးစားရင် ထူးချွန်ပေါက်မြောက် မယ်လို့ ကျွန်တော်ယူဆပါကြောင်း၊ ကျောင်းသားများက မကြိုးစားရင် ဘယ်ဘာသာနဲ့ပဲ ဘွဲ့ ရသည်ဖြစ်စေ ထိပ်တန်းမရောက်နိုင် ပါကြောင်း ဆွေးနွေး တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည် ဖြေရှင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၃၉။**

**ဦးအေးကြူ (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ အဆိုနဲ့ ပတ်သက်ပြီး ကျွန်တော် ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးကြူ က ပြန်လည်တင်ပြ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ယခုအခါ မြန်မာနို င်ငံရဲ့ ပညာရေးစနစ်ဟာ နိုင်ငံတကာ ကျင့်သုံးနေတဲ့ ကျောင်းသားဗဟိုပြုစနစ်ဖြင့် သင်ကြားပေးရန် စီမံဆောင်ရွက်လျက် ရှိပါတယ်။ ကျောင်းသား၊

ကျောင်းသူများဟာ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးပါက မိမိနှစ်သက်ရာ ဘာသာရပ်ကို လျှောက်ထားခွင့် ရှိပါတယ်။ သတ်မှတ်အမှတ်မီပါက လျှောက်ထားသော ဘာသာရပ်ကို သင်ကြားသင်ယူခွင့်ရှိမည် ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအောက်မှာ အဆင့်မြင့်ပညာကို သင်ကြားပို့ချလျက်ရှိတဲ့ တက္ကသိုလ်တိုင်းတွင် သိပ္ပံဘာသာရပ်၊ ဝိဇ္ဇာဘာသာရပ်များကို အထူးပြုများအလိုက် သင်ကြားပို့ချပေး လျက် ရှိပါတယ်။ ဝိဇ္ဇာဘာသာရပ်ဖြင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများသည် စီးပွားရေးတက္ကသိုလ် ၊ ပညာရေးတက္ကသိုလ် ၊ နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ်တို့ကိုလည်း သတ်မှတ်အမှတ်ပြည့် မီပါက တက်ရောက်ပညာသင်ကြားခွင့်ရရှိပြီး သက်ဆိုင်ရာဘာသာရပ် တက္ကသိုလ်အလိုက် ချီး မြှင့်တဲ့ ဝိဇ္ဇာဘာသာရပ်ဆိုင်ရာဘွဲ့များကိုလည်း အောင်မြင်သူများအနေဖြင့် ရယူနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်အတွက် လိုအပ်လျက်ရှိတဲ့ ဆရာ၊ ဆရာမများ မွေးထုတ်ရာမှာ ပညာရေးတက္ကသိုလ်များမှာလည်း ရမှတ်တန်းစီခေါ်ယူလျက် သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူ ကျော င်းသူ၊ ကျောင်းသားများသာ အများစု ဝင်ရောက်သောကြောင့် ပညာရေးဝန်ကြီးဌာနရဲ့ ဦးစီးဦးဆောင်မှုဖြင့် အချိုးသတ်မှတ်ပြီး ဝိဇ္ဇာဘာသာရပ်မှ ဆရာ၊ ဆရာမများ မွေးထုတ်ရေးကိုလည်း အချိုးမျှတစွာ ဆောင်ရွက်လျက် ရှိပါတယ်။ အဆိုပါ တက္ကသိုလ်များမှ မွေးထုတ်တဲ့ ဆရာ၊ ဆရာမများ အနေဖြင့် အခြေခံပညာပိုင်းတွင်ပါ ဝိဇ္ဇာဘာသာရပ်များကို အထူးပြုသင်ကြားနိုင်သူ ဆရာ၊ ဆရာမများအဖြစ် မွေးထုတ်ပေးလျက် ရှိပါတယ်။ ဤနည်းဖြင့် ဝိဇ္ဇာ ဘာသာရပ်ဘွဲ့ရများကို အလုပ်အကိုင်အခွင့်အလမ်းများလည်း ဖန်တီးပေးပြီးဖြစ်ပ ါသဖြင့်အဆိုကို မှတ်တမ်းတင်သင့်ပါကြောင်း ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုရှင် ဒေါက်တာမြတ်ဉာဏစိုး ရဲ့သဘောက တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၁။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ် ။ အဆိုကို ဆွေးနွေး ပေးသွားတဲ့ ဆရာကြီး(၂)ဦးကိုလည်း အထူးပင် ကျေးဇူးတင်ရှိကြောင်း တင်ပြလိုပါတယ်။ အဆိုနဲ့ပတ်သက်လို့ ပြန်လည်ရှင်းလင်းဖြေကြားပေးသွားတဲ့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကိုလည်း အထူးပင်

ကျေးဇူးတင်ပါတယ်။ ဒီအဆိုကို တင်ရခြင်းရဲ့ အကြောင်းလေးကို အကျဉ်းချုပ် အနည်းငယ် ရှင်းပြပါရစေ။ ကျွန်တော်ရဲ့ ဆန္ဒစောမှု၊ ဆန္ဒလွန်ကဲမှုလည်း ဖြစ်နိုင်ပါတယ်။ ယနေ့လက်တွေ့ ဖြစ်နေတဲ့ အခြေအနေတစ်ခု ကို စိုးရိမ်လို့လည်း ဖြစ်ပါတယ်။ ဝိဇ္ဇာပညာရှင်တွေ တဖြည်းဖြည်း လျော့နည်းလာမှာ၊ တိမ်မြုပ်သွားမှာကို စိုးရိမ်တဲ့အတွက်ကြောင့်မို့လို့ စေတနာအမှန်နဲ့ ဒီအဆိုကို တင်သွင်းခြင်းဖြစ်ကြောင်းကို ဥက္ကဋ္ဌကြီးကို ပန်ကြားလိုပါတယ်။ ဒီနေရာမှာ ကျွန်တော် အကြောင်းအရာလေး တစ်ခုကို ထုတ်နုတ်ပြီးတော့ တင်ပြလိုပါတယ်။ ကျွန်တော်တို့ အမျိုးသား ကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးတော့ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် အဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ ဦးသန့် ရေးခဲ့တဲ့ ဗမာသစ်နဲ့ ပညာသစ်ဆိုတဲ့ စာအုပ်ထဲက စာပိုဒ်လေးတစ်ပိုဒ်ကို တင်ပြခွင့်ပြုပါ ။ တိုင်းပြည်အုပ်ချုပ်ရေးစနစ်များအနက် ဒီမိုကရေစီစနစ်သည် အခက်ဆုံးဖြစ်လေသည်။ ဒီမိုကရေစီ အောင်မြင်ရန် ပြည်သူပြည်သားတို့ သည် အသိဉာဏ်ပညာနှင့် ဆင်ခြင်တုံတရား လုံလောက်အောင် ရှိကြရမည်။ အသိဉာဏ် ကင်းမဲ့သောနိုင်ငံတွင် ဒီမိုကရေစီစနစ်သည် ဗရုတ်သုတ်ခကိုသာ ဖြစ်စေလိမ့်မည်။ ထို့ကြောင့် မဲဆန္ဒရှင်တိုင်းသည် ပညာတတ်ကြရမည်။ ဆင်ခြင်တုံတရားကိုလည်း သုံးနိုင်ကြရမည်။ ပညာသည် နိုင်ငံရေးအခြေခံကြီးစစ်စစ်ဖြစ်၏လို့ ဆိုခဲ့ပါတယ်။ ဦးသန့် လိုပါပဲ။ အမျိုးသား ကျောင်းဆရာကြီးတွေဖြစ်ခဲ့တဲ့ သခင်မြ၊ ဦးရာဇာတ်၊ ဦးနု အစရှိတဲ့ ပုဂ္ဂိုလ် တွေကလည်း ဝိဇ္ဇာနဲ့ ဘွဲ့ရခဲ့တဲ့ပညာရှင်တွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ဒီမိုကရေစီခေတ်ကို ကူးပြောင်းတဲ့ အချိန်မှာ အဆိုကိုစတင်တင်သွင်းခဲ့စဥ်တုန်းကလိုပါပဲ။ သိပ္ပံပညာရပ်ဆိုတာတော့ အတတ်ပညာနဲ့ ဆိုင်ပြီးတော့ ဝိဇ္ဇာပညာရပ်ကတော့ Management ပေါ့။ ဆင်ခြင်တုံတရားနဲ့ ဆိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုကို ဝိဇ္ဇာပညာရှင်တွေ ဒီထက် ထိ ပိုပြီးတော့ လက်ရှိမထွန်းကားဘူး လို့လည်း မဆိုလိုပါဘူး။ ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်နေတာတွေအားလုံးကိုလည်း အသိအမှတ်ပြုလေးစား ကျေးဇူးတင်ပါတယ်။ ဝိဇ္ဇာပညာရှင်တွေ ပိုမိုထွန်းကားစေလိုတဲ့ စေတနာနဲ့ တင်ပြခဲ့ခြင်းသာဖြစ်ကြောင်း ဥက္ကဋ္ဌကြီးကို တင်ပြအပ်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ အားလုံးဆွေးနွေးပြီးတော့ ဒီ Issue လေးတစ်ခုကို Awareness ရရင်ကို ကျေနပ်ပါပြီ။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မေတ္တာရပ်ခံတဲ့အတိုင်းပဲ ဒီအဆိုကို မှတ်တမ်းအဖြစ်သာထားရှိဖို့ သဘောတူပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ။** ။ဒေါက်တာမြတ်ဉာဏစိုး တင်သွင်းတဲ့ ဝိဇ္ဇာ အထူးပြုဘာသာရပ်များကို အခြေခံပညာနဲ့ အဆင့်မြင့်ပညာရေးတွင် ပိုမိုတိုးတက်သင်ကြားပေးရန်နှင့် ဝိဇ္ဇာဘွဲ့ရသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖော်ဆောင်ပေးရန်ဆိုသော အဆို ကို မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို ခေတ္တရပ်နားပါမယ်။ နေ့လယ် ၁၃း၀၀ နာရီအချိန်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၄၂ နာရီတွင် ခေတ္တရပ်နားပြီး ၁၃း၀၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။ ]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးဘိုးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကယားပြည်နယ်တွင် နယ်စပ်ကုန်သွယ်ရေးစခန်းသစ် တစ်ခုအား ဦးစားပေး ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၃း၀၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဘိုးရယ် တင်သွင်းထားသ ည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကယားပြည်နယ်တွင် နယ်စပ်ကုန်သွယ် ရေး စခန်းသစ်တစ်ခုအား ဦးစားပေး ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေး ဖို့ လွှတ်တော်ကိုယ်စားလှယ် (၉)ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးနေဝင်းထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၀၁။**

**ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနေဝင်းထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘိုးရယ် ၏ ကယားပြည်နယ်မှာ နယ်စပ်ကုန်သွယ်ရေးစခန်း သစ် တစ်ခုကို ဦးစားပေးဖွင့်လှစ်ပေးသင့်ပါ ကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကအချက်တွေထဲမှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံဖြစ်စေ၊ အိမ်နီးချင်းနိုင်ငံများနှင့်ဖြစ်စေ ကုန်သွယ်

ရောင်းဝယ်ကူးလူးဆက်ဆံဖောက်ကားရေးသည် အရေးပါ၍ ကြီးမားသော အခွင့်အလမ်း တစ်ရပ် ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံများနှင့် ပြ ည်နယ်အသီးသီးသို့ စီးပွားကူးသန်း ကုန်သွယ်မှုကို ဖွင့်နိုင်သမျှ ဖွင့်ပေးခြင်းသည် ကျွန်တော်တို့ နိုင်ငံတော်မှာရှိတဲ့ တိုင်းရင်းသား လူမျိုးပေါင်းစုံကို အကျိုးစီးပွားဖြစ်ထွန်းစေမည့်အပြင် ယင်းသို့အကျိုးစီးပွား ဖြစ်ထွန်းမှုအပေါ် နိုင်ငံတော် အတွက်လည်း အခွန်ဘဏ္ဍာငွေ များစွာတိုးတက်ရ ရှိနိုင်မှာဖြစ်လို့ ပြည်သူနှင့် အစိုးရ နှစ်ဖက် အကျိုးရှိစွာ စီးပွားဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ် ။ ကျွန်တော်တို့ ပြည်ထောင်စုကြီးမှာ တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၄)ခု ရှိသည့်အနက် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသ ကြီး၊ ကရင်ပြည်နယ်၊ ကယား ပြည်နယ်စသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် (၈)ခုတို့သည် အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်းဆက်စပ်လျက် ရှိပါသည်။ ဒီလိုတိုင်းဒေသကြီးနှင့်ပြည်နယ်(၈)ခုတို့သည် အိမ်နီးချင်း နိုင်ငံတို့နှင့် ဆက်စပ်နေခြင်းဟာ ကျွန်တော်တို့ နိုင်ငံအတွက် စီးပွားဖွံ့ဖြိုးဖို့ အထူးအခွင့်ထူး တစ်ရပ် ပိုင်ဆိုင်တာ ဖြစ်ပါတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်ရေးဆက်ဆံနိုင်မှုသည် မိမိနိုင်ငံ၏ ကုန်သွယ်မှုဆိုင်ရာ ပြဋ္ဌာန်း ဥပဒေများနှင့် အိမ်နီးချင်းနိုင်ငံတို့၏ ကုန်သွယ်မှုဆိုင်ရာ ပြဋ္ဌာန်းဥပဒေများကို ရင်းနှီးကျွမ်းဝင် စေပြီး နိုင်ငံတကာနှင့် ဆက်ဆံရေးတွင်လည်း ကျွန်တော်တို့နိုင်ငံသားများ ကျယ်ပြန့်ရဲဝံ့စွာ ဆက်ဆံ နိုင်မှာ ဖြစ်ပါတယ်။

ကယားပြည်နယ်မှာ ကျွန်းသစ်ကဲ့သို့ အဖိုးတန် သစ်ကြီး၊ ဝါးကြီးများ၊ စပါး၊ မြေပဲ၊ ငရုတ်၊ နှမ်း အစရှိသော ကောက်ပဲသီးနှံတို့နှင့် ဈေးကွက်ဝင် အရည်အသွေးကောင်း သတ္တုမျိုးစုံ၊ ထို့အပြင် စက်မှုကုန်ကြမ်းများစွာ ထွက်ရှိပါတယ်။ ယင်းတို့ ထွက်ရှိရာ ဒေသအသီးသီးမှ လွိုင်ကော်မြို့သို့ သယ်ဆောင်ပြီး လွိုင်ကော်မြို့မှ တစ်ဆင့် ပင်လောင်း၊ အောင်ပန်း မှတစ်ဆင့် ရန်ကုန်၊ မန္တလေးမြို့ကြီးများသို့ တင်ပို့ရောင်းချကြရာ လမ်းပန်းဆက်သွယ်ရေး မကောင်း မွန် ခြင်း၊ ခရီးလမ်းရှည်ဝေးခြင်းကြောင့် သယ်ယူပို့ဆောင်စရိတ် မြင့်မားခြင်း၊ လမ်းတွင် ကုန်စည်များ ပျက်စီးခြင်းတို့ တွေ့ကြုံရပြီး စိုက်ပျိုးထုတ်လုပ်သူတို့တွင် အကျိုးအမြတ် ရသင့်သလောက် မရကြပါ။ စိုက်ပျိုးထုတ်လုပ်ရာ ဒေသအသီးသီးမှ လွိုင်ကော်မြို့သို့ ထိုမှတစ်ဆင့် ပ င်လောင်း၊ ပင်လောင်းမှ နေပြည်တော်သို့ သယ်ဆောင်ရောင်းချသည်လည်းရှိပြီး ခရီးလမ်းပန်းကောင်းမွန် ပါက နေ့ချင်းရောက်နိုင်ပါလျက် လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်း၊ တစ်ဆင့်ပြီးတစ်ဆင့်

သယ်ဆောင်ခ၊ တင်ခ/ချခများစွာစရိတ်များခြင်း ဝန်ထုပ်ဝန်ပိုးများကို ထမ်းရွက်နေကြ ရပါတယ်။ ရန်ကုန်၊ မန္တလေးမြို့ကြီးများသို့ရောက်လျှင် ကုန်သည်၊ ပွဲစား၊ ကုမ္ပဏီများက ဝယ်ယူပြီး နိုင်ငံခြားသို့ ကုန်းလမ်း၊ ရေလမ်းတို့ဖြင့် ထပ်မံပေးပို့ကြရာ ကုန်စည်စီးဆင်းမှု လမ်းကြောင်းသည် မလိုအပ်ဘဲ အဆင့်များနေခြင်းကြောင့် ဈေးမြင့်တက်ပြီး ကုန်ဈေးနှုန်းမြင့်မားမှုကြောင့်အကျိုးစီးပွား ဖြစ်ထွန်းမှု နည်းပါးမှုကြောင့် ကုန်စည်စီးဆင်းမှုဟာလည်း အားနည်းအလှမ်းဝေးခဲ့ရပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်ပေးလျက်ရှိရာ ဘတ်ဂျက်အခြေအနေအရ တို င်းဒေသကြီးနှင့် ပြည်နယ်အားလုံး နှံ့စပ်အောင် မဆောင်ရွက် ပေးနိုင်မှုတွင် ယခုကဲ့သို့ နယ်စပ်မှ ပို့ကုန် /သွင်းကုန် လုပ်ကိုင်ခွင့်ပေးပြီး အခွန်အကောက်များကို စနစ်တကျကောက်ယူ၍ လမ်းပန်းဆက်သွယ်ရေးတွင် ပြန်လည်ကျခံ သုံးစွဲခြင်းအားဖြင့် ငါးကြင်းဆီနှင့် ငါးကြင်းကြော်သကဲ့သို့သဘော ပြန်လည်အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။

သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးတို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော နိုင်ငံများသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တရားဝင်ကုန်သွယ်ခွင့်ရရှိပါလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်တို့မှ ထွက်ကုန်များ စရိတ်သက်သာစွာ ပျက်စီးဆုံးရှုံးမှု နည်းပါးစွာဖြင့် ကုန်သွယ်ရောင်းဝယ်နိုင်ပြီး အချိန်ကြာမြင့်မှုမရှိဘဲ ငွေကြေးလည်ပတ်မှု မြန်ဆန်၍ စိုက်ပျိုး ထုတ်လုပ်သူများ အကျိုးကျေးဇူးကောင်းစွာ ခံစားနိုင်မည် ဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်ရေး တရားဝင် ဖွင့်ထားပါလျှင် ထုတ်ကုန်များကို ဥပဒေနှင့်အညီ နိုင်ငံတော်၏ ကြပ်မတ်မှုဖြင့် စနစ်တကျ အခွန်အ ခများပေးဆောင်နိုင်မည်ဖြစ်၍ နိုင်ငံတော်မှလည်း အခွန်ဘဏ္ဍာ တိုးတက် ရရှိမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူများလည်း ဥပဒေဘောင်အတွင်းမှ တရားဝင် ကူးသန်းရောင်းဝယ်ဖောက်ကားခြင်းဖြင့် ဝင့်ဝင့်ထည်ထည် လုပ်ကိုင်စားသောက် နိုင်မည် ဖြစ်ပါတယ်။ ထိုကဲ့သို့ တရားဝင် နယ်စပ်ကုန်သွယ်ရေး ဖွင့်မပေးပါက တ စ်နိုင်တစ်ပိုင် သယ်ဆောင်၍ အိမ်နီး ချင်းနိုင်ငံများသို့ တရားမဝင် သယ်ဆောင်ရခြင်း၊ တရားမဝင် တင်သွင်း ရခြင်းတို့ကို ကျယ်ပြန့်စွာ မလုပ်ဆောင်နိုင်ခြင်းကြောင့် စီးပွားရေးလည်း မဖြစ်ထွန်းသလို၊ လူမွေးလူတောင်လည်း မပြောင်နိုင်ကြပါ။ နိုင် ငံတော်အနေနဲ့လည်း အခွန်ဘဏ္ဍာငွေများကို ဆုံးရှုံးနေခြင်းကြောင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့ နှစ်ဦးနှစ်ဖက်စလုံးအတွက် အနုတ်လက္ခဏာသာ ဖြစ်နေပါတယ်။ ထို့ အတွက်ကြောင့်မို့လို့ ကုန်သွယ်ဖ က်ဖြစ်သော အိမ်နီးချင်းနိုင်ငံများသာလျှင် သိသိသာသာ တိုးတက်ခံစားသွားကြ တာ ဖြစ်ပါတယ်။ ထို့ကဲ့သို့

တရားမဝင် မလုပ်ကိုင်လို၍ ပြည်မဘက်သို့ တင်ပို့ရောင်းချသော်လည်း မလို လားအပ်သော စရိတ်စကများကို ထမ်းပိုးရခြင်း၊ အချို့မှာ အရှုံးနှင့် ရင်ဆိုင်ရခြင်း၊ ဒေသတွင်း ပဋိပက္ခများကြောင့် ဒေသဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးဘဲ ယခုကဲ့သို့ ဒုက္ခများနှင့် ရင်ဆိုင်နေရခြင်း ဖြစ်ပါတယ်။

ယခုအခါ ပဋိပက္ခအဖွဲ့အစည်းများလည်း ငြိမ်းချမ်းခြင်း၊ ဖွံ့ဖြိုးခြင်းအတွက် ငြိမ်းချမ်းရေးဆွေးနွေးနေပြီဖြစ်ပါ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ စီး ပွားရေးဖြစ်ထွန်း အကျိုးကျေး ဇူးခံစားကြစေရန် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုများကို တရားဝင်စီစဥ် ဆောင်ရွက်ပေးနိုင်ရန် အချိန်အခါကောင်း၊ မင်္ဂလာအချိန်ကောင်းမို့လို့ ဖွင့်ပေးသင့်ပါတယ်။ ကယားပြည်နယ်အတွင်း လွိုင်ကော်ဆန်သည် ယခင်တစ်ချိန်ကတည်းက နာမည်ကြီးပြီး ယနေ့အထိလည်း နာမည်ကျော်ကြား ၍ နိုင်ငံတကာ ဈေးကွက်ဝင် အဆင့်အတန်း ဆန်အမျိုးအစား ဖြစ်ပါတယ်။ နိုင်ငံတကာဈေးကွက်ဝင် သစ်ကောင်း၊ ဝါးကောင်းများလည်း ကယားပြည်နယ်တွင် ထွက် ရှိသလို မြရတနာနှင့် တန်ဖိုးရှိ သတ္တုမျိုးစုံတို့ ထွက်ရှိရာနယ်မြေဖြစ်ပြီး မော်ချီးမိုင်း ခေါ် မော်ချီးသတ္တုတွင်းသည် နာမည်ကျော် ကမ္ဘာအသိ ဖြစ်ပါတယ်။ ကယားပြည်နယ်မှ ခဲမဖြူ အဖြိုက် နက်၊ ဝူဖရမ် ၊ ခနောက်စိမ်းနှင့် မြရတနာ၊ ရွှေတို့လည်း ထွက်ရှိသလို ကူးသန်းရောင်းဝယ် ရာတွင်လည်း အစိုးရအနေဖြင့် အကန့်အသတ်၊ အချုပ်အခြယ်များ၊ တင်းကျပ်မှုများမထားရှိပဲ ဒေသထွက်ကုန်များကို နယ်စပ် ကုန်သွယ်ရေးဥပဒေဖြင့် တရားဝင် အခွန်စည်းကြပ်ပြီး ပြည်နယ်ဒေသများ ဖွံ့ဖြိုးတိုးတက်အောင် စီစဥ်ပေးသင့်ပါသည်။ စီးပွားရေးကောင်းမွန်ပါက တစ်ဆင့်တက်ကာ သစ်၊ ဝါး အ ချောထည် စက်ရုံများ၊ သတ္တုသန့်စင်စက်ရုံများ၊ သတ္တုပစ္စည်းစက်ရုံများစသည်ဖြင့် ကုန်ချောလုပ်ငန်းများကို ကုန်ချောထုတ်လုပ်သည့် စက် ရုံများ ထွန်းကားလာမှာ ဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်း ဖွင့်ပေးခြင်းအားဖြင့် မိမိတို့နိုင်ငံသားများသည် တစ်ဖက်နိုင်ငံနှင့် အပြန်အလှန် ကုန်သွယ်ကြရာ၌ သူတစ်ပါးတိုင်း ပြည်နိုင်ငံများနှင့် ချိတ်ဆက် ညှိနှိုင်းကြရသဖြင့် သူတစ်ပါး တိုင်းပြည်နိုင်ငံများနှင့် ကျ င့်သုံးနေတဲ့ ကုန်သွယ်ရေး လုပ်ထုံးလုပ်နည်းကျင့်စဥ်များကို မိမိတို့နိုင်ငံသားများ အတွေ့အကြုံ ဗဟုသုတများလည်း ရရှိနိုင်မှာ ဖြစ်ပါတယ်။ ထိုကဲ့သို့ အကျိုးကျေးဇူးများဖြစ်ထွန်းစေသော နယ်စပ်ကုန်သွယ် လမ်းကြောင်းသည် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော ကယားပြည်နယ်တွင် ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းလည်း

မရှိသေးပါ။ ကယားပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေးကြောင့် ဖွံ့ ဖြိုးတိုးတက်မှု နောက်ကျနေသောပြည်နယ် ဖြစ်ပါတယ်။

နိုင်ငံတော်အား ဒီမိုကရေစီ နိုင်ငံတော်အဖြစ် ကြေညာလျက် နိုင်ငံတော်၏ စီးပွားရေးကို တံခါးဖွင့်ဝါဒ ကျင့်သုံးလျက် ပြည်သူများ မျက်စိပွင့်၊ နားပွင့်ကာ စီးပွားရေး လုပ်ငန်းများကို ရင်းနှီးမြှုပ်နှံမှု ထူထောင်လုပ်ကိုင်လာနိုင်ရေးကို နိုင်ငံတော်မှ တိုက်တွန်း အားပေးနေချိန်တွင် ကယားပြည်နယ်၏ စီပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း တစ်ခုကို မဖြစ်မနေ ဖွင့်ပေးသင့်ပါတယ်။ တရားဝင်နယ်စပ် ကုန်သွယ်ရေး ဖွင့် ပေးထားခြင်း မရှိသေးသော်လည်း မယ် စဲ့လမ်းကြောင်းမှ ထိုင်းနိုင်ငံ၏ ထွက်ကုန်များကို ကယားပြည်နယ်အတွင်းသို့ ဝင်ရော က်လျက်ရှိပါသည်။ မြန်မာနိုင်ငံ စားသောက်ကုန် ငရုတ်သီး၊ ကြက်သွန်၊ မြေပဲ၊ နှမ်း၊ သတ္တုမျိုးစုံ၊ ကျွဲ၊ နွား တိရစ္ဆာန်များက အစ လူသုံးကုန်ပစ္စည်းများကို မယ် စဲ့လမ်းကြောင်းမှ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချလျက် ရှိပါသည်။ ကယားပြည်နယ်သည် ထိုင်းနိုင်ငံမှ စားသောက်ကုန်၊ အထည်အလိပ်၊ လူသုံးကုန်ပစ္စည်း ၊ လျှပ်စစ်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း များကို မယ်စဲ့လမ်းကြောင်းမှ တင်သွင်းလျက်ရှိပါသဖြင့် ရှိနှင့်ပြီးသောကုန်သွယ်ရေး လမ်းကြောင်းကို တရားဝင် လုပ်ပေးခြင်းအားဖြင့် ဒေသခံများ တရားဝင် ဝင်ငွေအကျိုးစီးပွား တိုးတက်ရရှိစေမှာ ဖြစ်ပါတယ်။ ဝင်ငွေတိုးတက်ပါက ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်စေပါမည်။ ယခင်ကုန်သွယ်ရေး စခန်းမရှိခဲ့တဲ့အချိန် တရားမဝင် သစ်သယ်ထုတ်ရောင်းချခြင်းအပေါ် တစ်ဘက်နိုင်ငံမှ ဈေးနှိမ်ခြင်းခံခဲ့ရမှု၊ တစ်ဖန် မိမိတို့ နိုင်ငံ အတွင်းသို့ ထိုင်းနိုင်ငံမှ ကုန်စည်များကို ပြန်လည်တင်သွင်းရာတွင် တရားမဝင် မှောင်ခို တင်သွင်းရခြင်း ဖြစ်၍ဈေးနှုန်းနှင့် သယ်ယူ ပို့ဆောင်မှုစရိတ်စက ကြီးမြ င့်ခြင်းတို့ကြောင့် မိမိတို့ တိုင်းရင်းသားလူမျိုးများ နစ်နာ မှုများကို ကာကွယ်ပေးပြီးသားလည်း ဖြစ်စေပါတယ်။ ယခင်က တရားမဝင် ကုန်သွယ်မှုဖြစ်၍ ဥပဒေနှင့် မလွတ်ကင်းဘဲ စွန့်စား လုပ်ကိုင်နေရသည့်ဘဝမှ ဥပဒေနှင့်အညီ ဝ င့်ထည်စွာ လုပ်ကိုင်စားသောက်လာနိုင်မည် ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံ များနှင့် တိုက်ရိုက်နယ်စပ် ကုန်သွယ်ရေးရှိသည့် တိုင်းနှင့်ပြည်နယ်များသာမက ယင်းတိုင်း နှင့် ပြည်နယ်များနှင့် ဆက်စပ် လျက်ရှိသော ပြည်နယ်များသည်လည်း စီးပွားရေးကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးရလဒ် များကို မျှဝေခံစားနိုင်ကြမည် ဖြစ်ပါတယ် ။ ယခင်က မဖွံ့ဖြိုးသေးသော တိုင်းနဲ့ပြည်နယ်များ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်များကြောင့် အကျိုးစီးပွား

ကောင်းမွန်လာပါလျှင် တိုင်းရင်းသားများ မျှော်မှန်းမျှော်လင့်ထားသည့်အတိုင်း တောင်ပေါ် မြေပြန့် အတူတကွ ဖွံ့ဖြိုးတိုးတက်ပြီး တန်းတူ ရည်တူ တန်းတူညီမျှ အခွင့်အလမ်းကို ခံစားနိုင်ရေးကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရာ ရောက်စေပါမည်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် ရေခံမြေခံကောင်း ၍ ကောက်ပဲသီးနှံအထွက်ကောင်းသော မြေပေါ် မြေအောက် သံယံဇာတပေါကြွယ်ဝသော ထူးခြား သောကယားပြည်နယ် ပြည်သူလူထုများ နိုင်ငံတကာနှင့်ယှဉ်တွဲပြီး ရင်ဘောင်တန်းနိုင်ပြီး အကျိုးစီးပွားဖြစ်ထွန်း၍ ဘက်စုံတိုးတက်ပြီး နိုင်ငံတော်အခွန်ဘဏ္ဍာ တိုးတက်ရရှိ၍ အကျိုးများစွာဖြစ်နေတဲ့အတွက် ဦးဘိုးရယ် တင်ပြသော ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကယားပြည်နယ်တွင် နယ်စပ်ကုန်သွယ်ရေးစခန်း အသစ်တစ်ခုကို ဦးစားပေးဖွင့်လှ စ်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော့် အနေနဲ့ လေးလေးနက်နက် ကြိုဆို ထောက်ခံပါကြောင်း တင်ပြထောက်ခံရင်းနဲ့ နိဂုံးချုပ် အပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၃း၁၃။**

**ဥက္ကဋ္ဌ၊** ။ဆက်လက်ပြီး ကရင်ပြည်နယ်ဆဲန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၁၃။**

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ပဏာမ ကျွန်တော် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ ကျွန်တော် ထောက်ခံဆွေးနွေးမယ့် ခေါင်းစဉ်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်မြေအမှတ်(၃)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဘိုးရယ် တင်သွင်းသည့် ဒေသဖွံ့ဖြိုးရေးအတွက် နယ်စပ် ကုန်သွယ်ရေးစခန်းတစ်ခု ဖွင့်လှစ်ပေးဖို့ တင်သွ င်းသည့်အဆိုကို ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော နာယကကြီး ခင်ဗျား။ ကယားပြည်နယ်ဟာ ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၄)ခုအနက်မှာ ဖွံ့ဖြိုးမှုအနည်းဆုံး ပြည်နယ် တစ်ခုဖြစ်ပြီး နိုင်ငံတော်မှ

ပံ့ပိုးပေးမှုအများဆုံး ပြည်နယ်တစ်ခု ဖြစ်ပါတယ်။ အဲဒီ ပြည်နယ်ဟာသူရဲ့ အဓိကလုပ်ငန်းတွေ အနေနဲ့ကတော့ တောင်ယာ လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ သတ္တုရှာဖွေရေးလုပ်ငန်း ဖြစ်ပါတယ်။အဓိကထွက်ကုန်တွေအနေနဲ့ကတော့ ဆန် စပါး၊ မြေပဲ၊ ပြောင်း၊ ငရုတ်၊ ကျွဲ ၊ နွား၊ လှည်းဘီးအဟောင်းဖြစ်ပါတယ်။ အဲဒီတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် ကို မေးတယ်။ မင်း လှည်းဘီးက တစ်ကယ်ရော ထွက်ရဲ့လား။ မဟုတ်ဘူးလို့ ကျွန်တော်တို့ အညာဒေသသွားဝယ်ပြီး၊ အဲဒါကို ကျွန်တော်တို့ မယ်စဲ့ကနေပြီး သွားရောင်းပါတယ်။ အဲဒါ ဘယ်လောက်ရလဲ ဆိုရင် မဟုတ်ဘူးတဲ့ လှည်းဘီး တစ်ခုကို ကျွန်တော်တို့အနည်းဆုံး အမေရိကန်ဒေါ်လာ (၅၀) ရပါတယ်။ အဲဒီတော့ (၈၀၀) ပေါက်ဈေးနဲ့ တွက်ရင် ရှစ်ငါးလီ လေးဆယ်၊ လေးသောင်းလောက် ရတယ်။ အဲဒီတော့ ဒါဆိုရင် မင်းပြည်နယ်မှာ မင်း လှည်းဘီး အဓိကရောင်းတဲ့ပြည်နယ် ဖြစ်နေမှာပေ့ါ။ မဟုတ်ပါဘူး။ တကယ်ရောင်းတာပါ။ အဲဒီတော့ အဲလိုအနေအထားမျိုးဟာ ဆိုရင် ဒါဟာလည်း သူတို့ နယ်စပ်ကုန်သွယ်ရေးစနစ်မျိုး မဟုတ်ဘဲနဲ့ အဆင်ပြေသလို ကျွန်တော်တို့ ကိုယ့်နည်း ကိုယ့်ဟန်နဲ့ ကိုယ်ပို့ရတဲ့လုပ်ငန်းဖြစ်သလို နိုင်ငံတော်အတွက်ရော၊ ပြည်နယ်အတွက်ရော အခွန် မရရှိခဲ့ပါဘူး။

နောက်ပြီးတော့ အဲဒီနယ်စပ်မှာရှိတဲ့ မယ်စဲ့မြို့ဟာဆိုရင် ကျွန်တော်တို့ သူရဲ့ ဘေးနားမှာ မယ်ဆရင်းမြို့ ရှိတယ်။ နောက်တစ်ခုက မယ်ဟောင်ဆောင်နဲ့ နီးတယ်။ နီးတဲ့ အတွက်ကြောင့် ဒါဟာ ကျွန်တော်တို့တွေ Border Trade လုပ်လို့ရှိရင် အ လိုလိုအဆင်ပြေတဲ့ နေရာလေး ဖြစ်ပါတယ်။ နောက်ပြီးတော့ လမ်းပန်းဆက်သွယ်ရေး အနေနဲ့ ပြောရမယ်ဆိုရင် ဖာဆောင်းနဲ့ ကျွန်တော်တို့ လွိုင်ကော်ဟာဆိုရင် (၇၅)မိုင်၊ နောက်ဖာ ဆောင်းကနေ ဇက်ကူးလို့ရှိရင် ဇက်ကဆိုရင် မိုင်(၄၀) ကျွန်တော်တို့ မယ်စဲ့ ရောက်ပါတယ်။ ဒါကြောင့်မို့လို့ လမ်းပန်း ဆက်သွယ်ရေးနဲ့လည်း အဆင်ပြေပါတယ်။ နောက်တစ်ခု က မယ်စဲ့ -ဖာဆောင်း- လွိုင်ကော်၊ ပြီးလို့ရှိရင် ပင်လောင်း-နေပြည်တော်ဟာဆိုရင် အလွန်ဆုံး မိုင်(၂၀၀) နီးပါးလောက် ရှိပါတယ်။ ဒါဟာ တစ်ရက်တည်းနဲ့ ခုနကလို ကိုနေဝင်းထွန်း ပြောသလို ဒါတစ်ရက်တည်းနဲ့ ရောက်နိုင်တဲ့ လမ်းခရီး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်နယ်တစ်ခု၊ မြို့ပြ တစ်ခု၊ ကျေးရွာတစ်ရွာ ဖွံ့ဖြိုးဖို့ ဆိုတာမှာ ရောင်းဝယ်ရေးဆိုတာ အဓိက ဖြစ်ပါတယ်။ ရောင်း / ဝယ်လုပ်တဲ့ အိမ်တစ်အိမ်ဟာ ကု န်သွယ်ရေးလုပ်တဲ့ အိမ်တစ်အိမ် ဟာဆိုရင် ကျန်တဲ့ မိသားစုနဲ့ မတူပါဘူး။ ထို့အတူပဲ ပြည်နယ်ဟာလည်း နယ်စပ်ရောင်းဝယ်ရေးသွက်လက်တဲ့ မြို့ / ပြည်နယ်

ဟာဆိုရင် ဒါ အခြားပြည်နယ်နဲ့ ပိုပြီးတော့ တိုးတက်ပါတယ်။ နောက်ပြီးတော့ အဓိကလိုအပ်ချက်က လုံခြုံရေးပေါ့။ လုံခြုံရေးဟာဆိုရင်လည်း အခု ကယားပြည်နယ်မှာဆိုရင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး သဘောတူ လက်မှတ်ထိုးဖို့အတွက် ဒါ စတင်ဆောင်ရွက်နေပါပြီ။ ဒါဟာလည်း လုံခြုံရေးအပြည့်အဝ ရှိလာမှာ ဖြစ်ပါတယ်။ ထို့ အတူ သူနဲ့ တစ်ဆက်တည်းပဲ ဒါဟာ လျှပ်စစ်လုပ်ငန်းကလည်း ဒါ အဓိက လိုအပ်ပါတယ်။ ယခု ကယားပြည်နယ်မှာဆိုလို့ရှိရင် သံလွင်မြစ် ဗှမ်းကို တိုင်းတာတဲ့ ရေအားလျှပ်စစ်လုပ်ငန်းအသစ် ရွာသစ်ရဲ့ မြောက်ဘက် မိုင် (၂၀) လောက်မှာ စတင်လုပ်ကိုင်သလို၊ ကွန်ချောင်းမှာလည်း စတင်ပြီးတော့ ခုနလိုပဲ တိုင်းတာနေတာ ဖြစ်တယ်။ အဲဒီတော့ ကျွန်တော်က ပြောတယ်။ မင်းတို့ငါပြောမယ်။ ကယားပြည်နယ်ဖွံ့ဖြိုးဖို့အတွက် နိုင်ငံတော်အစိုးရက ရေ အားလျှပ်စစ်တွေ ဆောက်ပေးဖို့ လုပ်တယ်။ မင်းတို့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်တယ် ဆိုပြီးတော့ ထ မအော်ကြနဲ့။ မင်း ကယားပြည်နယ် ထပ်ပြီးတော့ ဒီထက် နောက်ထပ် အနှစ် (၅၀) ခေတ်နောက် ကျနေမယ်လို့ ကျွန်တော် ဆွေးနွေးခဲ့ပါတယ်။ ဒါကြောင့်မို့ သူဟာလည်း ပြောပြပါတယ်။ ဒါကလည်း ကျွန်တော်တို့ဘက်ကတော့ ကျွန်တော်တို့ ပြည်နယ်ကတော့ ပတ်ဝန်းကျင်ထိခိုက်ဖို့ ဘယ်တော့မှ မပြောပါဘူး။ ဖွံ့ဖြိုးမှုသာ အဓိကပါပဲလို့ ပြောပါတယ်။ ဒါကြောင့်မို့လို့ အေး အဓိကအချက်အနေနဲ့ ကတော့ ပြည်နယ်တစ်ခု၊ မြို့နယ်တစ်ခု ဖွံ့ဖြိုးဖို့ ဆိုတာ လျှပ်စစ်စွမ်းအား ဒါ အဓိက ဖြစ်ပါတယ်။

နောက်တစ်ခုအနေနဲ့ ကျွန်တော် တင်ပြလိုတာကတော့ လျှပ်စစ်စွမ်းအားတွေနဲ့ ပတ်သက်ပြီးတော့ ကမ္ဘာ့နိုင်ငံတွေမှာ လျှ ပ်စစ်စွမ်းအားနဲ့ ပတ်သက်ပြီးတော့ လုပ်ဆောင်သွားတာတွေကို ကျွန်တော် တစ်ခု တင်ပြလိုပါတယ်။ အဲဒါကတော့ ဘာလဲဆိုတော့ ကျွန်တော်တို့ နိုင်ငံနဲ့ ဆက်စပ်ပြီးတော့ ကျောက်မီးသွေးလျှပ်စစ်လုပ်ငန်းလေး၊ ဒါကတော့ ကျွန်တော်တို့ ကမ္ဘာကသာ ကျွန်တော်တို့ မြန်မာနိုင်ငံကို လျှပ်စစ်တွေ၊ ရေအားလျှပ်စစ်တွေ သဘာဝ ထိခိုက်တယ်၊ ကျောက်မီးသွေး စက်ရုံတွေ သဘာဝ ထိခိုက်တယ် ပြောပေပြောသော်လည်း ကမ္ဘာ့(၁၀)နိုင်ငံမှာ ဒီကျောက်မီး သွေးနဲ့ ထုတ်တဲ့ လျှပ်စစ်အား ဘယ်လောက်လုပ်တယ်ဆိုတာ ကျွန်တော် အနည်းငယ် တင်ပြလိုပါတယ်။ ဒါက ကျွန်တော်တို့ ၁၇-၁-၂၀၁၂ မှာ ထုတ်တဲ့ Weekly စာစောင်မှာ ဒီကျောက်မီးသွေးကို ထုတ်တဲ့ နိုင်ငံတွေဟာ ဆိုလို့ရှိရင် ဒီ People Republic of China, U,S,A, India, Russia, Japan, South Africa, Germany, Korea,

Poland, Tipai china ဒီနိုင်ငံတွေကနေပြီးတော့ ကျောက်မီးသွေးစနစ်ကို စတင်ပြီးတော့ သုံးပါတယ်။ သုံး ပြီးတော့ ဘာတွေ လုပ်သလဲဆိုတော့ Clean Coal Technology အဆင့်မြင့်၊ ထွက်လာတဲ့ ခုနလို့ပေါ့။ ဒီ ဓာတ်ငွေ့တွေကို မီး ခိုးတွေကို သိပ္ပံနည်းစနစ်နဲ့ ပြောင်းလဲပြီးတော့ ဓာတ်မြေဩဇာ တွေကို ပြန်ပြီးတော့ထုတ်တဲ့စ နစ် ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ သဘာဝပတ် ဝန်းကျင်ကို ဘာမှ မထိခိုက်ပါဘူး ။ နိုင်ငံကြီးကတောင် ဒါ လုပ်နေတာပဲ အဲဒါဆိုလို့ ရှိရင် အဲဒီစနစ်ကို ကျွန်တော်တို့ အ မေရိကန်နိုင်ငံ ဂျီ အီးကုမ္ပဏီ ကနေပြီးတော့ Clean Coal Technology နည်းနဲ့ ကိုရီးယားနိုင်ငံမှာ မီဂါဝပ် ၃၀၀ ရှိတဲ့ ကျောက်မီးသွေးစက်ရုံ တစ်ရုံ တည်ဆောက်ခဲ့ ပါတယ်။ ဒါကတော့ သူတို့ အောင်မြင်နေပါပြီ။ နောက်တစ်ဖန် ပြန်ကြည့်မယ်ဆိုလို့ရှိရင် ကမ္ဘာ့လျှပ်စစ်ရဲ့ လိုအပ်ချက်က ၄၂ ရာခိုင်နှုန်းကို ကျောက်မီးသွေးမှ ထုတ်လုပ်နိုင်တဲ့ အကြောင်းကို World Coal Association Website မှာ ကျွန်တော်တို့ ရှာဖွေတွေ့ရှိခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ကြားခဲ့ရတာတော့ ဟို တလောက တနင်္သာရီတိုင်းဒေသကြီးမှာ ကျောက်မီးသွေး စက်ရုံ ဆောက်မယ်ဆိုပြီး လုပ်တဲ့ အခါမှာ ကျွန်တော်တို့ ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ကန့်ကွက်တာတွေ အများကြီး တွေ့ခဲ့ ရပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ တနင်္သာရီတိုင်း အမတ်များအနေနဲ့ ဒါကိုတော့ ပြန်လည် ပြီးတော့ ဒါကို သုံးသပ်သင့်ပြီးတော့ ဒါကို ပြည်သူနယ်သူ/သားတွေကို ခုနကလိုပေါ့၊ ပြန်ပြီးတော့ ရှင်းလင်း ပြစေလိုပါတယ်။

နောက်တစ်ခုက အဲဒီလို ဒေသဖွံ့ဖြိုး ရေးအတွက် လိုအပ်တဲ့လျှပ်စစ် လုပ်သလို ကျွန်တော်တို့ဆီမှာ စည်းကမ်းပြည့်ဝတဲ့ နယ်စပ်ဒေသ Border Trade ဒါက အရေးကြီး ပါတယ်။ အဲဒီလို ဘာလို့အရေးကြီးလဲ ဆိုတော့ အမိမြန်မာနိုင်ငံတော်ကို ကျွန်တော်တို့တွေ ယခင် နိုင်ငံတော်အကြီးအကဲများ ဒီမိုကရေစီ လမ်းခင်းပေးသွားတာကို နည်းလမ်းတကျ၊ စည်းကမ်းတကျ လျှောက်တတ်ဖို့ လိုပါတယ်။ အဲဒီတော့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီတည်ဆောက်တဲ့နေရာမှာ နည်းလမ်းတကျ၊ စည်းကမ်း တကျနဲ့ လျှောက် နိုင်မှလည်း ကျွန်တော်တို့ နယ်စပ်ကုန်သွယ်ရေး နဲ့ ပတ်သက်ပြီးတော့ စည်းကမ်း တကျ၊ နည်းလမ်းတကျနဲ့ ပြည်နယ်အစိုးရ အတွက် အခွန်၊ နိုင်ငံတော်အတွက် အခွန်ကို အပြည့် အဝရမှာ ဖြစ်ပါတယ်။ အဲလို စည်းကမ်းတကျ၊ နည်းလမ်းတကျနဲ့ မလုပ်ဘူးဆိုရင် တော့ ဒါပြည်နယ်အတွက် နိုင်ငံအတွက် အပြည့်အဝမရရှိဘဲ အမြဲတစေ နိုင်ငံတော်ကနေပြီး တော့ ကယားပြည်ကို အမြဲတ စေ ထောက်ပံ့နေရမှာ ဖြစ်တယ်။

အဲတော့ စည်းကမ်းပြည့်ဝတဲ့ အခွန်အကောက်စနစ် ရရှိလို့ရှိရင် ကယားပြည်နယ်ဟာ အလျှံအပယ် အခွန်တွေရရှိပြီးတော့ နိုင်ငံတော်ကလည်း ပံ့ပိုးမှုနည်းသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုကယားပြည်နယ်မှာ ရေအားလျှပ်စစ်နိုင်ငံတော်က တိုင်းတာပြီးပေးနေပါတယ်။ နောက်တစ်ခုက သံလွင်မြစ်ကို တံတားဆောက်ဖို့အတွက် တိုင်းတာနေ ပါတယ်။ ဒါတွေကိုလည်း နယ်သူနယ်သားတွေကနေပြီးတော့ ဒါ အပြည့်အဝ ထောက်ခံကြဖို့ အရေးကြီးပါတယ်။ နောက်တစ်ခုက ကယားပြည်နယ် အနေနဲ့ ဆိုလို့ရှိရင်ဒေသဖွံ့ဖြိုးရေးတွေနဲ့ လျှပ်စစ်၊ ကျွန်တော်တို့ လွိုင်ကော်လျှပ်စစ်ရေအားလျှပ်စစ်ကနေပြီးတော့ ထုတ်လုပ်တဲ့နိုင်ငံ အမိနိုင်ငံကို အကျိုးပြုနေပါတယ်။ အကျိုးပြုနေတဲ့အတွက်ကြောင့် တစ်ဖက် တစ်လမ်းကလည်း နောက်ထပ် ရေအားလျှပ်စစ်တို့ နောက်သံလွင်တံတားတို့ ကိုလည်း မြန်မြန်တိုင်းတာပြီးလို့ရှိရင် မြန်မြန် ဆောက်လုပ်ပေးနိုင်ဖို့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် နိုင်ငံတော် အစိုးရကို တင်ပြလိုပါတယ်။

ဒါကြောင့်မို့လို့ နိဂုံးချုပ်အနေနဲ့ တင်ပြရ မယ်ဆိုရင် နောင်တစ်ချိန်မှာ မြန်မာနိုင်ငံဟာ အာဆီယံ Free Trade ဇုံအဖြစ် စတင်အသုံးပြုလာတဲ့ အခါမှာ ကယားပြည်နယ် ဟာလည်း Free Trade ဇုန်မှာ နောက်ကျ မကျန်ရစ်ပဲ အမျှားနည်းတူ ဖွံ့ဖြိုးရေးဇုန် ၊ စက်မှုလက်မှုဇုန် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီးပွားရေးလုပ်ငန်း ဒေသတစ်ခုအဖြစ် ကယားပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဘိုးရယ် တင်သွင်းတဲ့ အဆိုကို လှိုက်လှိုက်လှဲလှဲ လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။(သြဘာသံများ)

**အချိန်၊ ၁၃:၂၃။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးဌေးမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃:၂၃။**

**ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ကြွရောက်လာသော ပြည်ထောင်စုအ ဖွဲ့ဝင်ဝန်ကြီးများ စိတ်၏ချမ်းသာခြင်း ၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာ ပို့အပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်

ဦးဘိုးရယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကယားပြည်နယ် မယ်စဲ့ မြို့နယ်မှာ နယ်စပ် ကုန်သွယ်ရေးစခန်းတစ်ခုအား ဦးစားပေး ဖွင့်လှစ်ပေးပါရန် အဆိုကိုထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား ။ ကယားပြည်နယ်သို့ မြန်မာနိုင်ငံ အလယ်ပိုင်းက တင်ပို့တဲ့ ကုန်စည်တွေထဲမှာ ကြက်သွန်နှင့်ငရုတ်က အဓိကပါဝင်နေတယ်လို့ သိရှိရပါတယ်။ ကြက်သွန်ဟာ မိတ္ထီလာဝန်းကျင်မှာရှိတဲ့ တောင်သာမြို့နယ်၊ မလှိုင်မြို့နယ်၊ ကူမဲမြို့နယ်၊ မိတ္ထီလာ၊ သာစည်၊ ပျော်ဘွယ်နယ်များမှ များပြားစွာ ထွက်ရှိလျက် ရှိပါတယ်။ ငရုတ်ဆိုရင်လည်း ဝမ်းတွင်း မြို့နယ်၊ သာစည်မြို့နယ် ပျော်ဘွယ်မြို့နယ်မှာ များပြားစွာထွက် ရှိသည်ဟု သိရှိရပါတယ်။ ထိုငရုတ်၊ ကြက်သွန်တို့မှာ ပွဲရုံများမှတစ်ဆင့် ရန်ကုန်၊ ကယားပြည်နယ် လွိုင်ကော် ဘက်ဆီသို့ စီးဆင်းသည်ဟု သိရှိရပါ တယ်။ ကုန်စည် စီးဆင်းမှုကို မိတ္ထီလာကို အခြေပြုပြီးတင်ပြရလျှင် မိတ္ထီလာကားဂိတ်မှ ကယားပြည်နယ် ၊ လွိုင်ကော်ဘက်သို့ ကြက်သွန်၊ ငရုတ်သီး ခြောက်၊ ငရုတ်သီးစိမ်း၊ ထန်းလျက်၊ ဆန်၊ စပျစ်သီးများ တင်ပို့ပါတယ်။ အ ပြန်မှာတော့ ပဲ စင်းငုံ၊ ပြောင်း၊ ပြောင်းဖူးစေ့၊ နှမ်းဖြူ၊ စားအုန်းဆီ ၊ ကုန်သည်များက မှာယူတဲ့ လူသုံးကုန်ပစ္စည်းများ တင်လာ တယ်လို့ သိရှိရပါတယ်။ မြန်မာပြည်ဘက်မှ နွားလှည်းဘီး ဟောင်းများကိုလည်း ထိုင်းနို င်ငံ ဘက်က ဝယ်ယူသည်ဟု သိရှိရပါတယ် ။ ထိုင်း နိုင်ငံဘက်မှာ ပါကေး များ ပြုလုပ်ပြီးတော့မှ ပြန်လည်ရောင်းချတယ်လို့ သိရှိရပါတယ်။ ထို့အပြင် မြန်မာပြည်ဘက်မှ အမဲခြောက်များ ကိုလည်း ရံဖန်ရံခါ တင်ပို့တယ်လို့ သိရှိရပါတယ်။ အဲ ဒီတော့ မြန်မာပြည် ဘက်က ကယား ပြည်နယ်ဘက်ကို ကုန်စည်စီးဆင်းမှု ပမာဏကို တင်ပြရမယ်ဆိုရင် တစ်နေ့မှာ ကုန်တင်ကားကြီး (၁)စီး၊ ခြောက်ဘီးကား ဒါမှမဟုတ် (၁၀)ဘီးကား သို့မဟုတ် (၁၂)ဘီးကား (၁)စီး တင်သွင်း ပါတယ်။ တင်ပို့မည့်ကုန်ဟာ နည်းပါး နေခဲ့လို့ရှိရင် (၆)ဘီးကား ထွက်ရှိပါတယ်။ (၆) ဘီးကား တစ်စီးမှာ ကုန်ချိန်ဟာ ပိသာ ၅၅၀၀ခန့် (၉)တန်ခန့် ပါရှိတယ်လို့ သိရှိရပါတယ်။ ဒီထက် ကုန်ချိန်များတဲ့နေ့တွေမှာ ဆိုလို့ရှိရင်တော့ (၁၀)ဘီးကားနဲ့ (၁၂)ဘီးကား ထွက်တဲ့အခါမှာ ကုန်ချိန်က ဒီထက်ပိုပြီး ပါသွားတယ်လို့ သိရှိရပါတယ်။ နောက်ပြီးတော့ လူစီး မှန်လုံကား တစ်စီးလည်း နေ့စဉ် ထွက်ပါတယ်။ ကိန္နရာ ရှမ်းကား တစ်စီးလည်း ထွက်ပါ တယ်။ ဒီကားပေါ်မှာတော့ လူရော ၊ ကုန်ရော ပါပါတယ်။ သန်မြန်သူ ကားတစ်စီးလည်း လူရော၊ ကုန်ရောပါပြီး နေ့စဉ်ထွက်ရှိတယ်လို့ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကုန်စည်စီးဆင်း တင်ပို့မှု ခရီးအကွာအဝေးကို အကြမ်းဖျင်း တင်ပြရမယ်ဆိုရင် ထိုကုန်စည်များဟာ မိတ္ထီလာမှ က ယားပြည်နယ်၊ လွိုင်ကော်အထိဆိုလျှင် (၂၁၃)မိုင်ခန့် ရှိပါတယ်။ မန္တလေးမှ ဒီကုန်စည်တွေကို တင်ပို့မယ်ဆိုရင် (၃၀၆)မိုင်ခန့် ရှိပါတယ်။ တစ်ကယ်လို့ ကယားပြည်နယ် ၊ လွိုင်ကော် ဘက်ကိုမတင်ဘဲ မိတ္ထီလာမှ တာချီလိ တ်ကို တင်မယ်ဆိုရင် (၄၉၉) မိုင်ရှည်ပါတယ်။ မန္တလေးကနေ တာချီလိ တ်ကို တင်မယ်ဆိုရင်တော့ (၅၉၃)မိုင်ခန့် ရှိပါတယ်။ တဖန် ထိုကုန်များကို မိတ္ထီလာမှ တစ်ဆင့် ဘားအံ၊ မြဝတီဘက် ကို တင်မယ်ဆိုရင်တော့ မိတ္ထီလာကနေပြီတော့မှ ဘားအံ ဘက်ကို မိုင် (၃၉၀)ကျော်(၄၀၀)နီးပါး ခန့်ရှိပါတယ်။ မန္တလေးက နေပြီးတော့မှ ထိုခရီး အကွာအဝေးကတော့ (၄၈၆)မိုင်ခန့်ရှိတာကို သိရှိရပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား ။ ထိုခရီး အကွာအဝေးများကိုကြည့်ပါလျှင် မြန်မာပြည် အလယ်ပိုင်းမှ ကုန်စည်များကို ထိုင်းနိုင်ငံ ဘက်သို့ စီးဆင်း မည်ဆိုပါက လွိုင်ကော် -မယ်စဲ့ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းသည် အခြား လမ်းကြောင်းများထက် ထက်ဝက် တိုတောင်း နေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ထိုနယ်စပ်ကုန်သွယ်ရေးလမ်း ကြောင်းကို ဖွင့်ပေးမယ် ဆိုလျှင် အချိန်တို အတွင်း သယ်ယူပို့ဆောင်ရေးစရိတ် သက်သာပြီး ဈေးကွက် ယှဉ်ပြိုင်နိုင်မှု ပိုမိုရရှိလာမှာ ဖြစ်ပါတယ်။ ကယားပြည်နယ်သာမက မြန်မာပြည်အလယ်ပိုင်းမှာ ကုန်စည်စီးဆင်းမှု မြန် ဆန်ရုံ မျှမက တိုင်းပြည်လည်း စီးပွားဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်တဲ့အတွက်ကြောင့် ကယားပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘိုးရယ် ၏ အဆိုကိုထောက်ခံ ဆွေးနွေးတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဦးစံပြည့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၈။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးနဲ့ အားလုံး ကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ် ။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံပြည့် ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော့် အနေနဲ့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘိုးရယ် အဆိုတင်သွင်းတဲ့ ဒေသဖွံ့ဖြိုးရေးအတွက် ကယားပြည်နယ်တွင် နယ်စပ်ကုန်သွယ်ရေး

စခန်းတစ်ခု ဖွင့်လှစ်ပေးသင့်ပါကြောင်း အဆိုအား ထောက်ခံတင်ပြ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ဟာ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာနမှာ ညွှန်ကြားရေးမှူးချုပ် ရာထူးတာဝန်နဲ့ ၂၀၀၅ ခုနှစ်ကနေ ၂၀၁၀ ခုနှစ်အထိ (၅)နှစ်တာမျှ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ပြီးရင် ကျွန်တော် တပ်မတော်သားဘဝက ကယားပြည်နယ်မှာ နယ်စပ်အစွန်အဖျားတွေမှာ တာဝန်ထမ်းဆောင်ခဲ့ ဖူးတဲ့ အတွက်ကြောင့်မို့ ကယားပြည်နယ်ရဲ့ အခြေအနေနဲ့ နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ဖို့ သင့် /မသင့် အခြေအနေကို ကျွန်တော့် အနေနဲ့ သိရှိတဲ့ အတွက်ကြောင့်မို့လို့ ဒါထောက်ခံတင်ပြ ဆွေးနွေးသွားတာ ဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ကျွန်တော် နိုင်ငံခြားနဲ့ ကုန်သွယ်တဲ့အခါမှာ ကုန်သွ ယ်မှုအနေအထား လေးကို အကျဉ်း ချုံးပြီးတော့ တင်ပြဆွေးနွေးပါရစေ ။ ကျွ န်တော်တို့နိုင်ငံဟာ နိုင်ငံရပ်ခြားနဲ့ ကုန်သွယ်တဲ့အခါမှာ ကျွန်တော်တို့ ကု န်သွယ်မှု နှစ်မျိုးနှစ်စား ရှိပါတယ်။ ပထမကုန်သွယ်မှု ကတော့ ပင်လယ်ရေကြောင်းကနေပြီးတော့ ပင်လယ်ကူးသင်္ဘောတွေ နဲ့ ကုန်စည်တွေကို တင်ဆောင်ပြီးတော့ နိုင်ငံရပ်ခြားကို ပို့ကုန်သွင်းကုန် ဆောင်ရွက်တဲ့လုပ်ငန်း၊ တစ်နည်းအားဖြင့် ဆိုလို့ရှိရင် ဒါကို Over Sea ကုန်သွယ်မှုလို့ ခေါ်ပါတယ်။ ဒါကိုတော့ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနရဲ့ လက်အောက်မှာရှိတဲ့ ကုန်သွယ်ရေးနဲ့ ညွှန်ကြား မှုဦးစီးဌာနကနေ ပြီးတော့ တာဝန် ယူဆောင်ရွက်ပါတယ်။ နောက် ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ နယ်စပ်ချင်းထိစပ် နေတဲ့ (၅)နိုင်ငံ တရုတ်၊ ထိုင်း၊ လာအို၊ ဘင်္ဂလားဒေ့ရှ်နဲ့ အိန္ဒိယ၊ အဲဒီနိုင်ငံတွေကို နယ်စပ် စခန်းတွေ ဖွင့်လှစ်ပြီးတော့ အဲဒီစခန်းကနေပြီးတော့ သွင်းကုန်၊ ပို့ကုန်လိုင်စင်တွေကို ပေးပြီးတော့ တစ်ဖက်နိုင်ငံနဲ့ ကုန်သွယ်မှုလုပ်တဲ့ နယ်စပ်ကုန်သွယ်ရေးကိုတော့ နယ်စပ် ကုန်သွယ်ရေးဦးစီးဌာကနေ တာဝန်ယူဆောင်ရွက်ရတာ ဖြစ်ပါတယ်။ အဲ ဒီတော့ ကျွန်တော်တို့ နိုင်ငံမှာ နယ်စပ်ကုန်သွယ်ရေး စခန်း ပေါင်းအားလုံး စုစုပေါင်း (၁၂)ခု ဖွင့်ထားပြီး ဖြစ်ပါတယ်။ အဲဒါတွေကတော့ နိုင်ငံရဲ့အနေနဲ့ပြောရလို့ရှိရင် တရုတ်နဲ့ (၄)နေရာ၊ ထိုင်းနဲ့ (၄)နေရာ၊ ဘင်္ဂလားဒေ့ရှ်နဲ့(၂)နေရာနဲ့ အိန္ဒိယနဲ့ (၂)နေရာ ဖြ စ်ပါတယ်။ အဲဒီတော့ တိုင်းဒေသကြီး ပြည်နယ်အလိုက်ပြောရမယ်ဆိုလို့ရှိရင် ကချင်ပြည်နယ်မှာ တရုတ်နဲ့ကုန်သွယ်တဲ့ လွယ်ဂျယ်စခန်း ကန်ပတ်ကြီး စခန်း (၂)ခု ရှိပါတယ်။ ရှမ်းပြည်နယ်မှာ တရုတ်နဲ့ ကုန်သွယ်တဲ့ မူဆယ်စခန်း၊ ချင်းရွှေဟော်စခန်း(၂)ခုနဲ့ ထိုင်းနဲ့ကုန်သွယ်တဲ့ တာချီလိတ်စ ခန်း ရှိပါတယ်။ ကရင်ပြည်နယ်မှာ

ထိုင်းနဲ့ကုန်သွယ်တဲ့ မူဆယ်နယ်စပ်ကုန်သွယ်စခန်း (၁)ခု ရှိပါတယ်။ တနင်္သာရီတိုင်းဒေသမှာ ထိုင်းနဲ့ကုန်သွယ်တဲ့ မြိတ်စခန်းနဲ့ ကော့သောင်းစခန်း ရှိပါတယ်။ နောက် ရခိုင်ပြည်နယ်မှာ ဘင်္ဂလားဒေ့ရှ်နဲ့ ကုန်သွယ်တဲ့စစ်တွေစခန်းနဲ့ မောင်တောစခန်း ရှိ ပါတယ်။ နောက် ချင်းပြည်နယ်မှာ အိန္ဒိယနဲ့ကုန်သွယ်တဲ့ ရိဒ်စခန်း ရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာ အိန္ဒိယနဲ့ကုန်သွယ်တဲ့ တမူးစခန်း (၁)ခု ရှိပါတယ်။ စုစုပေါင်း စခန်း(၁၂)ခု ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ကယားပြည်နယ်မှာတော့ ဆက်သွယ်ဖို့ ကုန်သွယ်ရေးစခန်း မရှိသေးဘူး။ အဲဒီတော့ ကယားပြည်နယ်နယ်စပ် အခုဦးဘိုးရယ် တင်ပြတဲ့ မယ်စဲ့၊ မယ်စဲနန် မယ်စဲ့၊ မယ်စဲနန် ဒေသဟာ သူက တာချီလိတ်နဲ့ မြဝတီရဲ့ အလျားအကွာအဝေးရဲ့ တစ်ဝက်ခရီးမှာ ရှိပါတယ်ဆိုတဲ့ အခါ ကျတော့ အဲဒီခရီးဟာ ကျွန်တော်တို့ မြန်မာနိုင်ငံပြည်မနဲ့ တွက်ကြည့်လို့ရှိရင်လည်း(ထမ်းပိုးတန်း) လို ရှိနေတဲ့အနေအထား ဖြစ်ပါတယ်။ အလားတူပဲ ထိုင်းဘက်က ပြန်ကြည့်မယ်ဆိုရင်လည်း အဲဒီမယ်စဲနန်ရဲ့ ထိုင်းဘက်က မယ်ဟောင်ဆောင် ရှိတယ်။ နောက် ဇင်းမယ်လို့ ခေါ်တဲ့ ချင်းမိုင် ရှိပါတယ်။ နောက် ဘန်ကောက် ရှိပါတယ်။ ဒါတွေကလည်း ခုနတုန်းက ပြည်မလိုပဲ ထမ်းပိုးတန်းရှိနေတဲ့ အနေအထား ဖြစ်ပါတယ်။ အဲ ဒီတော့ မယ်စဲနန်ရဲ့ လမ်းခရီးဟာလည်း ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပြည်မနဲ့ ဆက်သွယ်ဖို့ အတိုဆုံးလို့ ကျွန်တော်တို့ ပြောလို့ရပါ တယ်။ ပြည်မနဲ့ မိုင် ၂၀၀ လောက်ပဲရှိတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ကယား ပြည်နယ်မှာ နယ်စ ပ်ကုန်သွယ်ရေး စခန်းအသစ်တစ်ခု ဖွင့်လှစ်သင့်တယ်လို့ ကျွန်တော်တော့ ယူဆပါတယ်။

အဲဒီတော့ နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ဖို့ အဓိကအချက်ကတော့ အချက် (၄)ချက် ရှိပါတယ်။ အဲဒီအချက် (၄)ချက်ကတော့ ပထမတစ်ချက်ကတော့ နယ်မြေအေးချမ်း တည်ငြိမ်မှု ရှိရမှာ ဖြစ်ပါတယ်။ ဒုတိယတစ်ချက်ကတော့ ကုန်စည်တွေ သယ်ဆောင်၊ သယ်ယူဖို့အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဖို့ လိုအပ် ပါတယ်။ တတိယတစ်ချက် ကတော့ ထိုက်သင့်တဲ့ ကုန်သွယ်မှုပမာဏရှိဖို့ လိုအပ်ပါတယ်။ နောက်ဆုံးအချက်ကတော့ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး စခန်း ဖွင့်ဖို့အတွက် နှစ်နိုင်ငံသဘောတူ ညီမှု M.O.U ဒါထိုးပြီး ဖြစ်ရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနဟာ တစ်နှစ်တာ ကုန်သွယ်မှု လျာထားချက် ရှိပါတယ်။ အဲဒီ ကုန်သွယ်မှု လျာထားချက် ပြည့်မီအောင် ကျွန်တော်တို့က တစ်နှစ်ပတ်လုံး ကြိုးစားဆောင်ရွက် ရတဲ့အနေအထားမှာ ရှိပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က

တစ်ဖက်နိုင်ငံများနဲ့လည်း နှစ်နိုင်ငံကုန်သွယ်ရေးတိုးမြှင့်ရေး အစည်းအဝေးတွေကို ကျွန်တော်တို့က အခါအားလျော်စွာ လုပ်ပါတယ်။ လုပ်တဲ့အခါတိုင်းမှာ လည်း တစ်ဖက်နိုင်ငံမှာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များဟာ ဒီန ယ်စပ်ကုန်သွယ်ရေး တိုးမြှင့်ဖို့ အတွက် ဒီနယ်စပ် စခန်းတွေ အသစ်ထပ်မံ ဖွင့်လှစ်ဖို့ အမြဲတမ်းလို တင်ပြဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော် ဆိုလိုတာက M.O.U ထိုးဖို့ဆိုတာက ဘာမှမခက်ခဲပါဘူး။ ကျွန်တော်တို့က ဖွင့်ဖို့ ကမ်းလှမ်းတယ်ဆိုလို့ရှိရင် တစ်ဖက်နိုင်ငံက ဘယ်နိုင်ငံမဆို ဖွင့်လှစ်ချင်ကြတဲ့ ပုဂ္ဂို လ်ကြီးများ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကျန်တဲ့အချက်(၃)ချက်ကိုသာ ကျွန်တော်တို့က ပြည့်စုံအောင် ကျွန်တော်တို့အပိုင်းက ဆောင်ရွက်ရမှာ ဖြစ် ပါတယ်။ အခု ကျွန်တော်တို့ မယ်စဲ့ ၊ မယ်စဲနန်ကို ကျွန်တော်တို့က မဖွင့်လှစ်ခဲ့ရတဲ့ အကြောင်းရင်းကလည်း အဓိကကတော့ လုံခြုံရေး ပါပဲခင်ဗျ။ လုံခြုံရေး မကောင်းရင် ကျွန်တော်တို့က ဖွင့်လှစ်လို့ မရပါဘူး။ ဘာလို့လဲဆိုတဲ့ အခါကျတော့ ကျွန်တော်တို့ ကချင်ပြည်နယ်မှာရှိတဲ့ လိုင်ဇာ၊ လိုင်ဇာစခန်းကတော့ ကျွန်တော်တို့ တရားဝင်ကုန်သွယ်မှု ဖွင့်ပြီးတဲ့စခန်း ဖြစ်ပါတယ်။ အဲဒီဟာကို အဲဒီဖွင့်ပြီးပေမယ့်လည်း ကျွန်တော်တို့ရဲ့ ဝန်ထမ်းတွေ၊ ဌာန (၆)ခု က ဝန်ထမ်းတွေ One Stop Service ဆိုတဲ့ ဌာန (၆)ခုက ဝန်ထမ်းတွေကို အဲဒီမှာ သွားထားရတယ်။ သွားထားပေမယ့်လည်း တစ်နှစ်မှာ တစ်ကြိမ်မျှ ကုန်သွယ်မှုလုပ်တာ မရှိပါဘူး။ ကုန်သွယ်မှုတွေ သွားနေတာ ရှိတယ်။ ဒါပေမယ့် တရားဝင်ဆောင်ရွက်ခြင်း မရှိဘူး။ အဲဒီတော့ ဒါက ဘာလဲဆိုတော့ တရားဥပဒေစိုးမိုးမှု မရှိဘူး။ အဲဒီလိုင်ဇာစခန်းမှာတင်ကို သူတို့ရဲ့ KIA ဌာနချုပ်က ရှိနေတယ်ဆိုတဲ့ အခါကျတော့ ကျွန်တော်တို့က ကိုယ့်ရဲ့ ဝန်ထမ်းတွေကိုတောင်မှ သူတို့ရဲ့ အသက်အိုးအိမ်အတွက်၊ သူတို့ရဲ့ အသက်အန္တရာယ်အတွက် စိုးရိမ်ရတဲ့အနေအထားမှာ ရှိပါတယ်။ ဒါကြောင့်မို့ တရားဝင် ဖွင့်သော် ဖွင့်ငြားသော်လည်းပဲ အဲဒီမှာ ကုန်သွယ်မှုက မရှိဘူး။ မရှိတဲ့အတွ က်ကြောင့်မို့လို့ ၂၀၀၆ ခုနှစ် မှာပြန်ပြီးတော့ ရပ်ဆိုင်းခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီမယ်စဲ့၊ မယ်စဲနန်မှာလည်း နယ်စပ် ကုန်သွယ်ရေးစခန်း ဖွင့်သင့် တဲ့ အနေအထားမှာ ရှိပါတယ်။ သို့သော်လည်းပဲ ခုနတုန်းကလို နယ်မြေအေးချမ်းမှု အပြည့်အဝမရဘူးဆိုရင် ဒါဖွင့်နိုင်တဲ့ အနေအထားမှာ မရှိသေးပါဘူး။ သို့သော်လည်းပဲ အခုကတော့ ပြည်နယ်ဒေသအနှံ့ တစ်နိုင်ငံလုံး လို ဒါငြိမ်းချမ်းရေး တွေ ကလည်း ဆောင်ရွက်နေကြပြီ ဖြစ်ပါတယ်။ အဲဒီတော့အခု ကယား ပြည်နယ်မှာရှိတဲ့ ကရင်နီ လက်နက်ကိုင်အဖွဲ့အစည်းနဲ့လည်း မနေ့တုန်းကပဲ လွိုင်ကော်မှာပဲ ပြည်ထောင်စုအဆင့်

လက်မှတ်ထိုးပြီးပြီလို့ အကြမ်းအားဖြင့် ကျွန်တော် သိရှိရပါတယ်။ ဒါဆိုလို့ရှိရင် မကြာမြင့် တော့မယ့် အချိန်မှာ ဒီနယ်မြေဟာ အေးချမ်းတည်ငြိမ်လာတော့မယ့် အနေအထားမှာ ရှိပါတယ်။ ဒါဆိုရင်တော့ ကျွန်တော်တို့က ဒီနယ်စပ်ကုန်သွယ်ရေး စခန်းဟာ ဖွင့်ဖို့လိုအပ်နေပြီ။ ဖွင့်ဖို့ အချိန်တန်နေပြီလို့ ပြောလို့ရပါတယ်။ အဲဒီတော့ ခုန ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း ကျွန်တော်တို့ ပြည်မနဲ့ကလည်း သိပ်ပြီးတော့ လမ်းကြောင်းက အဆင်သင့်တဲ့အခါကျတော့ ဒီအချိန် လည်း ကြန့်ကြာမှုလျော့ပါးသွားမယ်။ ငွေကြေး ကုန်ကျမှုလည်း နည်းပါးသွားမယ်။ ပြီးလို့ရှိရင် အခု အချိန်မှာ တာချီလိတ်နဲ့ ရှမ်းပြည်တောင်ပိုင်းမှာရှိတဲ့ အထူးသဖြင့် ကြက်သွန်နီပေါ့။ အဲဒီဟာ တွေကို တာချီလိတ်ကနေတစ်ဆင့် ထိုင်းနိုင်ငံကို တင်ပို့ ရနေတာရှိပါတယ်။ အဲဒီခရီးဟာ ခုနတုန်းက ကျွန်တော်လွှတ်တော်ကိုယ်စားလှ ယ်ကြီးများ တင်ပြသွားပြီး တဲ့အတိုင်း ဖြစ်ပါတယ်။ သူ့ရဲ့ မိုင်ပေါင်းဟာ ၅၀၀ နီးပါးလောက် ရှိပါတယ်။ ဒီခရီးအကွာအဝေးက ဒီကနေ ကျွန်တော်တို့က ဘော်လခဲ၊ ဖာဆောင်း၊ မယ်စဲ့၊ မယ်စဲနန် က နေတင်မယ်ဆိုရင် သူဟာ မိုင် ၂၀၀ ပတ်ဝန်းကျင်လောက်ပဲ ရှိပါတယ်။ ဒါ တစ်ဆနီးပါးလောက် သက်သာသွားတာ ဖြစ်ပါတယ်။

နောက်တစ်ခုကလည်း ကယားပြည်နယ်ဟာ တိုင်းနဲ့ပြည်နယ် တွေကို ပြန်ယှဉ်လို့ရှိရင် ချင်းပြီးလို့ ရှိရင် တိုးတက်မှုအနိမ့်ဆုံးလို့ ကျွန်တော် တို့က ပြောလို့ရတဲ့ပြည်နယ် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တစ်တိုင်းပြည်လုံး ပြည်နယ်တစ်ပြည်နယ်လုံးက တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာဖို့ အတွက် နိုင်ငံရေးနည်းအားဖြင့် ကြည့်မယ်ဆိုရင်လည်း ဒါနယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်ပေး သင့်တဲ့နေရာ ဖြစ်တယ်လို့ ကျွန်တော့် အနေနဲ့ ေ ဆွးနွေးလိုပါတယ်။ ဒါကျွန်တော်တို့ တာဝန် ထမ်းဆောင်စဉ် ကာလမှာလည်း ကျွန်တော်တို့ တောင်ငူ၊ ပျဉ်းမနား၊ သာစည်ဘက်ကနေပြီးတော့ နွားအုပ်တွေကို အတန်းလိုက်မောင်းပြီးတော့ တောလမ်းအတိုင်းမောင်း၊ မောင်းပြီးတော့ လမ်းတစ်ဝက်ကျမှ ကားကြီးပေါ် တင်ပြီးတော့ ဖားဆောင်း၊ မယ်စဲ့၊ မယ်စဲနန်ကနေတစ်ဆင့် တစ်ဖက်နိုင်ငံကို တင်ပို့တာ ကျွန်တော်တို့ တာဝန်ထမ်းဆောင်နေစဉ်ကာလ ည်း တွေ့ခဲ့ပါတယ်။ အခုလည်းပဲ ဒါတွေရှိတယ်လို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးချက်အရ သိရှိရပါတယ်။ အလားတူပဲ သစ်တွေကိုလည်း ဒီအတိုင်းပဲ တရားမဝင်တင်ပို့နေတာ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒီမှာနယ်စပ်စခန်း၊ ကုန်သွယ်ရေးစခန်းတွေ ဖွင့်ပေးနိုင်မယ် ဆိုရင်တော့ ဒါတွေဟာ တရားဝင်ဖြစ်သွားပြီးတော့ နိုင်ငံတော်ကလည်း အခွန်အခတွေ ရမယ်။ အဲဒီတော့ လုပ်တဲ့လုပ်ငန်းရှင် ကုန်သည်တွေက လည်း ခုနက ဦးနေဝင်းထွန်းတင်ပြသလို

မူဘောင်ထဲက နေပြီးတော့ ဝင့်ဝင့်ထည်ထည် ဆောင်ရွက်နိုင်မယ့် အနေအထားမှာ ဖြစ်သွားတဲ့ အတွက်ကြောင့်မို့လို့ တိုင်းပြည်အတွက်လည်းကောင်း၊ ပြည်သူလူထုအတွ က်လည်းကောင်း၊ နယ်မြေခံဒေသအတွက်လည်း ကောင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမယ်စဲ့၊ မယ်စဲနန်စခန်းကို တော့ဖြင့် ငြိမ်းချမ်းမှု ရလာတဲ့အခါမှာ ကျွန်တော်တို့ အမြန် နယ်စပ်ကုန်သွယ်ရေးစခန်း တစ်ခု ဖွင့်လှစ်ပေးဖို့ လိုအပ်ပြီ ဆိုတာကို ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေး တင်ပြလိုပါတယ်။

နောက်ဆုံးအချက် တစ်ခုအနေနဲ့ကတော့ ဒါကိုတော့ ကျွန်တော်ရဲ့ အတွေ့အကြုံအရ ကျွန်တော်ရဲ့ ကိုယ်ပိုင်အမြင် ပေါ့။ ဒါလေးကို ကျွန်တော့်အမြင်အရ ဆိုရင်တော့ ကျွန်တော်တို့ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနများ ကျွန်တော် တာဝန်ယူစဥ်ကာလက မလုပ်ခဲ့နိုင်တဲ့ အချက်လေး ပါ။ ဒါလေး လုပ်ပေးနိုင်မယ်ဆို လို့ရှိရင်တော့ အ လုံးစုံပြည့်စုံတဲ့ နယ်စပ်ကုန်သွယ်ရေး ဆောင်ရွက်မှုလို့ ကျွန်တော့် အနေနဲ့ တင်ပြမှာ ဖြစ်ပါတယ်။ ဒါလေးကို ကျွန်တော် နည်းနည်း ဆွေးနွေးပါရစေ။ အဲဒီတော့ ကျွန်တော်တို့ နယ်စပ်ဒေသ ကုန်သွယ်ရေးစခန်းတစ်ခု ဖွင့်လှစ်ပြီ ဆိုတာနဲ့ ဒီပို့ကုန်၊ သွင်းကုန်လုပ်တဲ့ လုပ်ငန်းရှင်များဟာ ကုမ္ပဏီထူထောင်ပြီးသားဖြစ်ရမှာ ဖြစ်ပါတယ်။ ကုမ္ပဏီရှိမှ ဒါ လုပ်လို့ရမှာ ဖြစ်ပါတယ်။ ကုမ္ပဏီ မရှိရင် ဒါ လုပ်လို့ မရပါဘူး။ ဒါကြောင့်မို့လို့ အခုအချိန်မှာလည်း အဲဒီနယ်စပ်တွေ မှာနေကြတဲ့ ဒေသခံပြည်သူတွေက နေပြီးတော့ ခုနတုန်းက တင်ပြသွားတဲ့အတိုင်းပဲ သူတို့နည်းသူတို့ဟန်နဲ့ တပိုင် တနိုင်လေးတွေ သူတို့ တင်ပို့နေကြတာ ရှိတယ်။ ရှေးယခင်က ပြုလုပ်တဲ့အတိုင်း ကိုယ့်ပစ္စည်းကို တစ်ဖက် နိုင်ငံသွား၊ ဘယ်နေရာကမဆို ဖြတ်သန်းကူးသန်းလို့ ရတဲ့နေရာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ သူတို့သွားရောင်းနေကြ၊ ဝယ်နေကြ ဒါလေးတွေ ရှိပါတ ယ်။ အဲတော့ ကျွန်တော်တို့ နယ်စပ် ကုန်သွယ်ရေးစခန်း တစ်ခု ဖွင့်လိုက်ပြီဆိုတာနဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းမှာပဲ ပို့ကုန်၊ သွင်းကုန်တွေကို အကုန်လုံးလုပ်ကြရမှာ ဖြစ်ပါတယ်။ အဲဒီတော့ လုပ်တဲ့ပုဂ္ဂိုလ်များကလည်း ကုမ္ပဏီထူထောင်ပြီးတဲ့ လူ ပဲဖြစ်ရမှာ ဖြစ်ပါတယ်။ တခြား လူ ကုမ္ပဏီမရှိရင် လုပ်ခွင့် မရှိပါဘူး။ အဲဒီလိုဆိုတဲ့အခါကျတော့ အဲဒီမှာ အခုလိုလုပ်နေတဲ့ကိုင်နေတဲ့ ဒေသခံ ပြည်သူများက ကုမ္ပဏီ မထောင်နိုင်တဲ့အခါကျတော့ သူတို့ရဲ့ လုပ်ကွက်အခွင့်အလမ်းတွေ ဆုံး ရှုံးသွားတာ ဆုံးရှုံးသွားတဲ့ အခါကျတော့ သူတို့က ဘယ်လိုလုပ်ရလဲဆိုတော့ သူတို့က ကိုယ်တိုင်လည်း လုပ်ခွင့်မရှိတဲ့ အခါကျတော့အဲဒီမှာရှိတဲ့ကုမ္ပဏီတွေကို သူ့ပစ္စည်းတွေကို သွားပြီးတော့ တစ်ဆင့်ရောင်းရတယ်။ ကုမ္ပဏီတွေကပဲ လုပ်ခွင့်ရှိတယ်။

အဲဒီတော့ ဟိုကနေ တင်သွင်းတဲ့အခါကျတော့လည်း ကုမ္ပဏီကပဲ တင်သွင်းခွင့်ရှိတဲ့ အတွက်ကြောင့်မို့လို့ သူတို့လိုချင်တဲ့ အစားအသောက်၊ ပစ္စည်းတွေ လူသုံးကုန်ပစ္စည်းတွေ တစ်ဆင့်ပြန် ရောင်းချတဲ့ဟာတွေကို ကုမ္ပဏီဆီကပဲ ဝယ်ရ တယ်။ အဲဒီလို အနေအထား။ အဲဒီတော့ ကုမ္ပဏီများကလည်း ဟိုကနေလာကတည်းက ကားကြီးကို တစ်ခါတည်း ပါကင် လိုက်သူတို့က လုပ်လာတာ။ လုပ်လာ တဲ့အခါကျတော့ နယ်စပ်စခန်းမှာ အစစ်ဆေးခံပြီးပြီ ဆိုတာနဲ့ ဖား ဆောင်းတို့လို ဘော်လခဲ ၊ ဒီမောဆိုးတို့လောက် သူ တို့က မချချင်တော့ဘူး။ အဲဒီပစ္စည်းတွေကို ကားပေါ်က မလှန်ချင်တော့ဘူး။ မချချင်တော့ဘူး။ အဲဒီတော့ သူရည်မှန်းတဲ့ မန္တလေးတို့၊ ရန်ကုန်တို့ တစ်ခါတည်း တောက်လျှောက်သယ်ချင်တာ၊ သယ်ချင်တဲ့အခါကျတော့ ဟိုမှာသူ့ပြည်နယ်၊ မြို့နယ်လေးတွေ မှာ ရောင်းချတဲ့သူတွေဟာ အဲဒီကလည်း ဝယ်ဖို့က အခက်အခဲ ရှိတယ်။ အဲဒီလို အနေအထား ရှိတယ် ဆိုတဲ့အခါကျတော့ လု ပ်ကွက်အခွင့်အလမ်း ပျောက်သွားတဲ့အခါကျတော့ သူတို့က ဘာလုပ်လဲဆိုတဲ့အခါကျတော့ သူတို့က တရားမဝင်မှောင်ခို ဆက်ပြီးတော့ လုပ်ကြတယ်။ တရားမဝင်မှောင်ခို လုပ်တဲ့ဟာကိုလည်း သူတို့ တပိုင်တနိုင် လုပ်တာပဲ။ အဲဒီဟာကို သွားပြီးတော့ မထိန်းချုပ်နဲ့ပေါ့။ နယ် စပ် ကုန်သွယ်ရေးက သွားပြီးတော့ မထိန်းချုပ်နဲ့ပေါ့။ မတားမြစ်နဲ့ပေါ့။ ဒီလိုပြောလို့လည်း ရပါတယ်။ ဒါပေမဲ့ ရတယ်ဆိုပေမယ့် လည်း အဲဒီဟာက လမ်းပန်းဆက်သွယ်ရေး မကောင်းစ ဥ်ကာလက သူတို့ အဲဒီဒေသမှာရှိတဲ့ လူတွေလောက်ပဲ လုပ်ကြတာ၊ လမ်းပန်းဆက်သွယ်ရေးက ကောင်းလာပြီဆိုတာနဲ့ အဲဒီမှာ ကုန်သွယ်ရေးစခန်းတွေ ဖွင့်လာပြီ။ လမ်းပန်းဆက်သွယ်ရေး ကောင်းလာပြီဆိုတာနဲ့ သူတို့ဟာ သူတို့ အဲဒီနားလေးတင် စားဖို့သောက်ဖို့၊ သုံးဖို့စွဲဖို့ လောက်သာ မကတော့ဘူး။ သူတို့က လောဘတက်ပြီးတော့ သူတို့ကလည်း တစ်ခါ အဲဒီကနေပြီးတော့ တရားမဝင်ကနေသွင်း၊ သွင်းပြီးတော့ လမ်းတစ်ဝက် လောက်ကျရင် ကားပေါ်ပြန်တင်၊ တင်ပြီးတဲ့ အခါကျရင် ပြည်မကို တောက်လျှောက်ပို့ အဲဒီလိုစနစ် လုပ်ပါတယ်။ ပြီးရင် အဲဒီမှာသာမကပဲနဲ့ ကျန်တဲ့ပြည်နယ်မှာ ရှိတဲ့ ဒီလိုလုပ်ငန်းကို လုပ်ချင်တဲ့ပုဂ္ဂိုလ်များကလည်း အဲဒီလုပ်ငန်းကုမ္ပဏီနဲ့ တွဲပြီးတော့ အဲဒီဟာကို တရားမဝင် လုပ်ကြတယ်။ အဲဒီတော့ ကုမ္ပဏီတွေကလည်း သူတို့ကလည်း လောဘတွေ တချို့ကုမ္ပဏီတွေပါ။ အားလုံးကို မဆိုလိုပါဘူး။

တချို့သောကုမ္ပဏီများဟာ အကျိုး အမြတ်များများ ရရှိစေချင်တဲ့ အတွက်ကြောင့် မို့လို့ အဲဒီ တရားမဝင်လုပ်တဲ့ပုဂ္ဂိုလ်များနဲ့ ပေါင်း ပြီးတော့ လမ်းတစ်ဝက်မှာ သူ့ကားပေါ်

ပြန်တင်တယ်။ တင်ပြီးတော့ ဒီလိုသွင်းတဲ့ဟာတွေ ရှိပါတယ်။ အဲဒီဟာတွေ ရှိနေတယ်။ ရှိနေတဲ့ အခါကျတော့ ကျွန်တော်တို့က ဒီဟာတွေခွင့်ပြုထားတာ ရှိခဲ့တဲ့အခါကျတော့ ကျွန်တော်တို့က ဒီဟာတွေ ခွင့်ပြုထားမယ် ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ရဲ့ ကုန် သွယ်မှုလမ်းကြောင်းဟာ တိုးတက်မှု မရှိဘဲနဲ့ ဒါကျွန်တော်တို့ မှောင်ခိုလမ်းကြောင်းကိုပဲ သွားနေကြမယ့် အနေအထားမျိုး ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က တစ်ပိုင်တစ်နိုင်လည်း ခွင့်ပြုလို့ မရဘူး။ အဲဒီဟာတွေကို မှောင်ခိုတွေကို ကျွန်တော်တို့ နယ်စပ်ကုန်သွယ်ရေးကနေပြီးတော့ တားရတယ်၊ ထိန်းရတယ်၊ ဖမ်းဆီးရတယ်၊ သတိပေးရတယ်၊ သတိပေးလို့မရရင် ပစ္စည်းတွေသိမ်းပြီးတော့ လူကို အရေးယူရတဲ့ အဆင့်ထိ လုပ်ရပါတယ်။ အဲဒီလို လု ပ်တဲ့အခါမှာလည်း အဲဒီတုန်းကရှိ တဲ့ တ .ယ.က၊ ပ .ယ.က များက သူတို့ ကလည်း သူ့ပြည်နယ်၊ သူ့တိုင်းဒေသမှာ ရှိတဲ့ နယ်မြေကလူတွေ လုပ် ကိုင် စားသောက်ဖို့ အဆင်ပြေဖို့အတွက် ဒါကိုရည်ရွယ်ပြီးတော့ မဖမ်းနဲ့၊ မဆီးနဲ့၊ မတားနဲ့ ဒီလိုဟာတွေ ရှိတယ်။ အဲဒီတော့ ကျွန်တော် တို့ရဲ့ တစ်ဖက်ကလည်း ကုန်သွယ်မှု တိုးတက်လာ ချင်တဲ့အခါကျတော့ နိုင်ငံတော်ကို ငွေအခွန်အခ အပြည့်အဝ ရချင်တဲ့အခါကျတော့ ဖမ်းရမယ်၊ ဆီးရမယ်၊ တစ်ဖက်က ပြည်နယ်မှာရှိတဲ့ အာဏာပိုင်များကလည်း မဖမ်းရဘူးဆိုတဲ့အခါကျတော့ အဲဒီမှာ လုပ်ရကိုင်ရအတော် ခက်ပါတယ်။ ပြောရဆိုရ ပြဿနာလေးတွေကလည်း တစ်ဖက်နဲ့ တစ်ဖက်၊ တစ်ယောက်နဲ့ တစ်ယောက် အမြင်မကြည်လင်မှု ဒါလေးတွေလည်း ကျွန်တော်တို့ ရင်ဆိုင်ရပါတယ်။ အဲဒီလို အနေအထား ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီလို ဖြစ်နေတဲ့အခါကျတော့ ဒီဟာကို ကျွန်တော်တို့က ရှင်းမှရမယ် ။ မရှင်းရင် ဒီအတိုင်းပဲ ဆက်ဖြစ် နေအုံးမှာပဲ။ မှောင်ခိုသည် ဒီအတိုင်းပဲ ဆက်သွားနေအုံးမှာပဲ။ အဲဒီတော့ ကျွန်တော်တို့က ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် လုပ်ငန်း ရှင်ကုန်သည်တွေ၊ နယ်မြေဒေသခံတွေ ၊ ကုမ္ပဏီတွေ ကျွန်တော်တို့ကခေါ်ပြီးတော့ မူဘောင်ထဲက အတိုင်းပဲလုပ်ဖို့ မှောင်ခိုမလုပ်ဖို့ ကျွန်တော်တို့က ဆွေးနွေးတယ်၊ စည်းရုံးတယ်၊ ပညာပေးတယ်၊ ဒါပေမဲ့လည်း မရဘူး။ သူတို့ရဲ့အဖြေက ဘာလဲဆို လို့ရှိရင် အဲဒီတော့ ဒီဟာက ဘာလို့လုပ်ရသလဲဆိုတဲ့အခါကျတော့ သူတို့လည်း မလုပ်ချင်ဘူး။ အမှန်အတိုင်းပြောရရင် သူတို့လည်း မူဘောင်ထဲကနေပြီးတော့ ဝင့်ဝင့်ထည်ထည်လုပ်ချင်တယ်။ ဒါပေမဲ့ အခြေအနေက ဘာဖြစ်နေလဲဆိုတော့ သူတို့က ကုမ္ပဏီမထောင်နိုင်ဘူး၊ (၁) အချက်က (၂)အချက်က ကုမ္ပဏီထောင်နိုင်တဲ့ပုဂ္ဂိုလ်များကလည်း အဲဒီဟာလုပ်ဖို့ အတွက်ကို လို င်စင် လျှောက်ရတယ်။ ပြီးတော့ ရန်ကုန်မှာ သွားလျှောက်ရတယ်။ နေပြည်တော် သွားလျှောက်ရတယ်

စသဖြင့် ဒီဟာတွေက ကြန့်ကြာတယ်။ ကြန့်ကြာနေတဲ့အခါကျတော့ ကြန့်ကြာတယ်။အဆင့်တွေက များတော့ ရှုပ်ထွေးတယ်ဆိုတဲ့အခါကျတော့ နောက်ဆုံးကျတော့ လွယ်ကူတဲ့မှောင်ခိုလမ်းကို ရောက်ကြတာ ဖြစ်ပါတ ယ်။ အဲ ဒီတော့ သူတို့အကြောင်းပြတာကတော့ တို့က သက်ဆိုင်ရာ တစ်ဌာနပေါ့။ နယ်စပ်ကုန်သွယ်ရေးဦးစီး ဌာနပေါ့။ အစိုးရပေါ့။ အဲဒီကနေပြီးတော့ ရှင်းရှင်း လင်းလင်းဖြစ်အောင် မလုပ်တတ်ဘူး။ သူတို့အမြင်က ပြဿနာက လုပ်နည်းစနစ်ကို ရှင်းရှင်း လင်းလင်းဖြစ်အောင် မလုပ်တတ်ဘူး။ အဲဒီလိုသူ တို့ မြင်တယ်။ မလုပ်တတ်ဘူးဆိုရင် တို့က မှောင်ခိုပဲ လုပ်မှာပဲ။ သူတို့က ဒီလိုဟာမျိုးတွေလည်း ရှိပါတယ်။ အဲတော့ ဒီလို ဆက်လုပ် နေမယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့က ဒီကတရားဝင်နယ်စပ်ကုန်သွယ်ရေး ခုနတုန်းက ပြောတဲ့ ၂၀၁၅ ခုနှစ်မှာရှိမယ့် Asean Free Trade Area ပေါ့။ ဒါခုနတုန်းက အဲဒီမှာ ကျွန်တော်တို့က ဘယ်လိုမှ ဆွေးနွေးဖို့ သူတို့နဲ့ ယှဉ်ပြိုင်ပြီးတော့ ဆောင်ရွက်ဖို့ဆိုတာ မ ဖြစ်နိုင်ပါဘူး ဆိုတဲ့အခါကျတော့ ကျွန်တော် တို့က ကျွန်တော်အမြင်နဲ့ သုံးသပ် ရမယ်ဆိုလို့ရှိရင် ခု နတုန်းက တရားမဝင်လုပ်နေတဲ့ အဲဒီပုဂ္ဂိုလ်တွေ ကုန်သွယ်မှု လုပ်ချင်တယ်။ ကုမ္ပဏီ မထောင်နိုင်ဘူး။ မထောင်နိုင်တဲ့ ပုဂ္ဂိုလ်များကို ဒေသမှာရှိတဲ့ လူများကိုသာ အဲ ဒီတော့ သူတို့ကို ပစ္စည်း အမျိုးအစားကိုဖြစ်စေ၊ အဲ ဒီတော့ တန်ဖိုးပမာဏကိုဖြစ်စေ၊ သူတို့ကို အကန့်အသတ်နဲ့ သတ်မှတ်ပြီးတော့ နယ်စပ်စခန်းမှာပဲ သူတို့ အခွန်ဆောင်ပြီးတော့ တစ်ဖက်နိုင်ငံကို တင်ပို့ပါစေ။ တစ်ဖက်နိုင်ငံက တင်သွင်းတာကိုလည်း အဲဒီအတိုင်းပဲ အကန့်အသတ်နဲ့ တင်သွင်းပါစေ။ ဒီလိုဆိုလို့ရှိရင်တော့ ခုနတုန်းကသူတို့ပြောတဲ့ ခက်ခဲလို့ တို့ကမှောင်ခိုလုပ်ရတယ် ဆိုတဲ့ဟာမျိုး အဲဒီဟာမျိုးကို ကျွန်တော်က ဖြေရှင်းနိုင်မယ်လို့ ကျွန်တော့် အနေနဲ့ ယူဆပါတယ်။ အဲလို လုပ်တာပဲဖြစ်ဖြစ် ဒါမှမဟုတ်လို့ရှိရင်လည်း ပီပီပြင်ပြင်နဲ့ သမဝါယမစနစ်နဲ့ အဲဒီဟာကို လုပ်မယ်ဆိုရင်လည်း ရပါတယ်။ ဒါလည်း ကျွန်တော် တို့ နယ်စပ်ကုန်သွယ်ရေး ညွှန်ကြားရေးမှူးချုပ် တာဝန်ထမ်းဆောင်စဥ်က ကျွန်တော်ဆွေးနွေးချက်၊ ဆုံးဖြတ်ချက် အထဲမှာ သမဝါယမနည်းစနစ်နဲ့ လုပ်ရမယ်လို့ ဒီလိုပဲ ပါပါတယ်။ ဒါပေမဲ့လည်း အဲဒီအချိန် ကာလမှာ ကျွန်တော်တို့ ဒါကို ထဲထဲဝင်ဝင် ဆောင်ရွက်နိုင်ခြင်း မရှိသေးတဲ့ အတွက်ကြောင့် မို့လို့ အခုအချိန်မှာလည်း နယ်စပ်ကုန်သွယ်ရေးစခန်းတိုင်းမှာ တရားမဝင်မှောင်ခိုတွေ သွားနေ တာရှိပါတယ်။ အဲလို သွားနေတဲ့အတွက်ကြောင့်မို့ နိုင်ငံတော်ကလည်း အခွန်အခတွေ ဆုံးရှုံးတာ ရှိတယ်။ ပြီးရင် စာရင်းဇယားတွေကလည်း ဘယ်လိုမှ စာရင်းဇယားတွေက မှန်မှန်ကန် ကန်

မရနိုင်ပါဘူး။ စာရင်းဇယားတွေ မှန်မှန်ကန်ကန်မရနိုင်တဲ့ ကျွန်တော်တို့ရဲ့ ဘတ်ဂျက်ရေးဆွဲတာ ဒါတွေက လည်း ကျွန်တော်တို့ မှန်မှန်ကန်ကန်ဖြ စ်နိုင်မယ့် အနေအထားမှာ မရှိ ပါဘူး။ ဒါကြောင့်မို့လို့ ဒီဟာလေးကိုလည်း အရင်တုန်းက ကျွန်တော်တို့က တာဝန်ထမ်းဆောင်စဥ် ကာလက ဒီဟာလေး ကို လုပ်ချင်တယ်။ လုပ်ချင်ပေမယ့် အခြေအ နေအရ အထက်ကိုတင်ပြဖို့ အခွင့်အလမ်းက မပေး ဘူး။ မရှိဘူး။ အခုအချိန်ဆိုရင် ဒါတွေကို ဥပဒေပြဋ္ဌာန်းလို့ပဲ ဖြစ်ဖြစ် ဒါမှမဟုတ်ဘဲနဲ့ သက်ဆိုင်ရာဌာနကို အကြီးအကဲ တွေကို တင်ပြပြီးတော့ အမိန့်ညွှန်ကြားချက်ကို ထုတ်လို့ပဲဖြစ်ဖြစ် အမိန့်နဲ့ ဒါစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ အမိန့် ညွှန်ကြားချက်တွေနဲ့ ထုတ်ပေးလို့ ရနိုင်တယ်လို့ ကျွန်တော့် အနေနဲ့ ဒီလိုပဲ မျှော်လင့်ပါတယ်။ ရပြီဆိုရင် အခွန်ကောက်တာကတော့ ဒါ Custom က ကောက်ရမှာပါ။ ဒါက Custom အပိုင်းပါ။ အဖြေရှာလို့ရဖို့ တင်ပြတဲ့ ကျွန်တော့်ရဲ့ အကြံပြုချက် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဦးစံပြည့်၊ ကချ င်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)**။ ။ဒီထက်မက ကောင်းတဲ့ အကြံဉာဏ်များရှိလို့ရှိရင်လည်း ဆောင်ရွက်ပေးသွားနိုင်ဖို့ ကျွန်တော့် အနေနဲ့ ဒါတင်ပြ ဆွေးနွေးရင်းနဲ့ပဲ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဘိုးရယ် ရဲ့ နယ်စပ်ကုန်သွယ်ရေး စခန်း ဖွင့်လှစ်ပေးဖို့အဆိုကို ထောက်ခံတင်ပြရ င်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင် ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၉။**

**ဦးလှမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေလို့ ဆုတောင်းမေတ္တာ ပို့သဂါရဝပြုအပ် ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘိုးရယ် တင်ပြတဲ့ ဒေသဖွံ့ဖြိုးရေးအတွက် ကယား

ပြည်နယ်မှာ နယ်စပ်ကုန်သွယ်ရေးစခန်း တစ်ခုအား ဦးစားပေးဖွင့်လှစ်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်၏ ထောက်ခံချက်ကို ဖတ်ကြားခွင့်ပြုပါရန် တောင်းခံအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ကယားပြည်နယ်ဟာ အခြားသော တိုင်းဒေသကြီး/ပြည်နယ်များနဲ့ နှိုင်းယှဉ်ရင် စီးပွားရေးဖွံ့ဖြိုးမှု နည်းပါးပါတယ်။ ဒါကြောင့် စီးပွားရေးဖွံ့ဖြိုးမှု တိုးတက်လာစေရန် ကယားပြည်နယ်မှာ နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခု ဖွင့်လှစ်စေလိုတဲ့ဆန္ဒဟာ ကယားပြည်နယ်တွင် နေထိုင်ကြတဲ့ ဒေသခံပြည်သူများရဲ့ အဓိက ဆန္ဒ ဖြစ်ပါတယ်။ လွှတ်တော်ရပ်နားတဲ့ကာလတွေမှာ ကျွန်တော်တို့ ကိုယ်စားလှယ်များ ကွင်းဆင်း တဲ့အခါ ပြည်သူများအား ထိတွေ့တဲ့နေရာမှာလည်း နယ်စပ်ကုန်သွယ်ရေး စခန်းတစ်ခု ဖွင့်လှစ်ပေးစေလိုတဲ့ဆန္ဒဟာ အဓိက မျှော်လင့်တောင့် တနေတဲ့ ဆန္ဒဖြစ်ကြောင်း တင်ပြကြပါတယ်။ ဒါကြောင့် ကယားပြည်နယ်တွင် ပြည်သူများဆန္ဒ မျှော်လင့်ချက်နဲ့အညီ ဒေသဖွံ့ဖြိုးရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်း တစ်ခု ဖွင့်လှစ်သင့် ပါကြောင်း ထောက်ခံအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ကယားပြည်နယ်၊ ပြည်သူများဟာ သမားရိုးကျ စိုက်ပျိုးရေးလုပ်ငန်းမှာပဲ အများစုအသက်မွေး ကြောင်း တွေ့နေကြပါတယ်။ လယ်ယာမြေများကလည်း လွိုင်ကော်မြို့နယ် ဒီမောဆိုးမြို့နယ်၊ နယ်စပ်မြို့နယ်အချို့မှာပဲရှိလို့ ကျန်တဲ့မြို့နယ်မှာ ရွှေ့ပြောင်းတောင်ယာလုပ်ငန်းနဲ့ ကျပန်း အလုပ်အကိုင်များကိုသာ လုပ်ကိုင်နေကြပါတယ်။ အလုပ်အကိုင်ရှားပါးနေတဲ့အတွက် ခေတ်ပညာတတ် လူငယ်အများစုဟာ ထိုင်း၊ မလေးရှား၊ စင်္ကာပူစတဲ့နိုင်ငံများသို့ သွားရောက် လုပ်ကိုင်နေကြပါတယ်။ ပြည်နယ်အတွင်းမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်၊ ကုန်သည်ပွဲစား အနည်းစုကလည်း လွိုင်ကော်-မယ်စဲ့ ပြည်ထောင်စုလမ်းမကြီးကိုပဲ အဓိက အားထားပြီး အရောင်းအဝယ် ဖောက်ကားလျက် ရှိကြပါတယ်။ ပြီးခဲ့တဲ့ ဆယ်စုနှစ်က ကျွန်တော်တို့ ကယားပြည်နယ်ဟာ မြန်မာနိုင်ငံအလယ်ပိုင်းနဲ့ ရှမ်းပြည်နယ် (တောင်ပိုင်း ) ဒေသအချို့ ကုန်သွယ်မှုကောင်းမွန်ခဲ့လို့ လွိုင်ကော်-မယ်စဲ့ ပြည်ထောင်စုလမ်းမကြီးပေါ်မှာ တည်ရှိတဲ့ ကျွန်တော်တို့ ဖားဆောင်းမြို့ကစလို့ ဘော်လခဲမြို့၊ မဲစဲ့မြို့တွေဟာ အထူးစည်ကားပြီး

ကုန်သည်ပွဲစားများ၊ ကားပိုင်ရှင်များ ကျပန်းအလုပ်သမားများဝင်ငွေ ဖြောင့်ဖြူးခဲ့ပါတယ်။ ပြည်သူများအလုပ်အကိုင် အခွင့်အလမ်းရရှိပြီး ဝင်ငွေကောင်းလာတာနဲ့အမျှ လူနေမှု အဆင့်အတန်းလည်း အထိုက်အလျောက် မြင့် ့မားလာခဲ့ပါတယ်။ သို့သော်လည်း လက်ရှိ ကုန်သွယ်မှု နည်းပါးလာသည်နှင့်ႇ အမျှ ဒေသခံပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်း နည်းလာလို့ ဖားကန့်၊ မိုင်းရှူး၊ ရွှေတော တို့ သွားရောက်တာတို့ အချို့က ပြည်ပနိုင်ငံကို တရားဝင်လမ်းကြောင်းကဖြစ်ဖြစ်၊ တရားမဝင်လမ်းကြောင်းကဖြစ်ဖြစ် သွားရောက် အလုပ် လုပ်ကိုင်နေကြရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကယားပြည်နယ် အတွင်း နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့် ့လှစ်ပေးခြင်းဖြင့် ဒေသခံပြည်သူများ အတွက် တစ်ဖက်နိုင်ငံက တင်သွင်းတဲ့ကုန်စည်များကို မူဆယ်၊ မြဝတီ၊ တာချီလိတ် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှတစ်ဆင့် ဈေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူသုံးစွဲနေရာက ဈေးနှုန်းသက်သာစွာနဲ့ အချိန်တိုအတွင်း ဝယ်ယူသုံးစွဲလာနိုင်မှာ ဖြစ်ပါတယ်။ အလုပ်လက်မဲ့ လျော့ချရေး၊ ကျေးလက် ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျော့ချရေး လုပ်ငန်းစဥ်များအပြည့်အဝ အကောင်အထည် ဖော်လာနိုင်မှာ ဖြစ်ပါတယ်။ အလုပ်အကိုင်များ ကို များစွာ ဖန်တီးပေး တဲ့လုပ်ငန်းဖြစ်တဲ့အတွက် ကယားပြည်နယ်ပြည်သူများ ပြည်ပအလုပ်အကိုင်များကို တစ်ဖက်နိုင်ငံသို့ သွားရောက် အလုပ် လုပ်ကိုင်မှု လျော့နည်းသွားမှာ ဖြစ်ပါတယ်။ နယ်စပ် ကုန်သွယ်ရေးကြောင့် ဒေသခံ ပြည်သူများ စီးပွားရေးဖွံ့ဖြိုးလာသည်နှင့်အမျှ ဒေသတွင်းတည်ငြိမ်အေးချမ်းခိုင်မာစွာ တည်ဆောက် နိုင်မှာ ဖြစ်သလို၊ နိုင်ငံတော်နဲ့ ပြည်နယ် အစိုးရအဖွဲ့အတွက် အခွန်ဘဏ္ဍာငွေများ ရရှိလာ မှာ ဖြစ်ပါ တယ်။ အမျိုး သားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ အိမ်နီးချင်းနိုင်ငံများနဲ့ နယ်နိမိတ်ချင်း ထိစပ်နေတဲ့ ပြည်နယ်၊ တိုင်းဒေသကြီး နဲ့ ကယားပြည်နယ်မှအပ ကျန်ပြည်နယ် တိုင်းဒေသကြီးများမှာ နယ်စပ်ကုန်သွယ်ရေးစခန်းများ အသီးသီး ဖွင့် ့လှစ်ပေးပြီး ဖြစ်ပါတယ်။ ဒါကြောင့် စီးပွားရေး ဖွံ့ဖြိုးမှုနည်းပါးနေတဲ့ ကယားပြည်နယ်ကို အခြားပြည်နယ် တိုင်းဒေသကြီး နည်းတူ ဖွံ့ဖြိုး တိုးတက်လာစေရန် အဓိက အထောက်အကူပြုနိုင်တဲ့ နယ်စပ်ကုန်သွယ်ရေး စခန်းကြီးကို ဦးစားပေး ဖွင့်လှစ်ပေးပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကယားပြည်နယ် အတွင်း နယ်စပ်ကုန်သွယ်ရေး စခန်း ဖွင့်လှစ်သင့်သည့် မယ်စဲ့ မြို့နယ်မှာ နယ်စပ်ကုန်သွယ်ရေး စခန်းဖွင့်လှစ်ရန် လိုအပ်သောအခြေခံအချက်များ ပြည့်စုံမှုရှိကြောင်း တင်ပြလိုပါတယ်။ နယ်စပ်မြို့နယ်မှာ တပ်မတော်အပြင် နယ်ခြားစောင့်တပ်တို့မှ အခြေပြု ပြီး လုံခြုံရေး ဆောင်ရွက် လျက်ရှိပါတယ်။ ဒါ့အပြင် ၇-၃-၂၀၁၂ ရက်နေ့မှာ ကယားပြည်နယ်မှာ ကျန်ရှိနေတဲ့ တစ်ဖွဲ့တည်းသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်တဲ့ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)နဲ့လည်း အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးပြီး ဖြစ်ပါတယ်။ ဒါကြောင့် လုံခြုံရေးကောင်းမွန်နေပြီ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးမှာလည်း ရာသီမရွေး သွားလာ နိုင်တဲ့ လမ်းအဆင့်ဖြစ်နေပြီ ဖြစ်ပါတယ်။ အခြားတိုင်းဒေသကြီး /ပြည်နယ်များနဲ့လည်း ချိတ်ဆက်၍ ကုန်သွယ်မှုပြုလုပ်နိုင်တဲ့အချက်အချာ ပြည်နယ်လည်း ဖြစ်ပါတယ်။ ထိုင်းနိုင်ငံဖက် မှလည်း နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ပေးဖို့ လိုလားစွာနဲ့ တောင်းဆိုမှု ရှိနေပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာကတော့ ဒေသခံပြည်သူ များလိုလားချက် မျှော်လင့်တောင့် တကြီးစွာဖြင့် ကျွန်တော် တင်ပြတဲ့အချက်အလက်များအရ နိုင်ငံတော်နဲ့ ကယား ပြည်နယ်ကို ရေရှည် အကျိုးစီးပွား ဖြစ်ထွန်းစေနိုင်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်များအကြား အချိုးမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရန် ကယားပြည်နယ်မှာ နယ်စပ်ကုန်သွယ်ရေးစခန်းသစ်အား မဖြစ်မနေ ဖွင့်လှစ်ပေးနိုင်ရေးအတွက် ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘိုးရယ် တင်သွင်းသွားတဲ့ ဒေသဖွံ့ဖြိုးရေးအတွက် ကယားပြည်နယ်မှာ နယ်စပ်ကုန်သွယ်ရေးစခန်းသစ် တစ်ခုအား ဦးစား ပေးဖွင့်လှစ်ပေးပါရန် အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက် လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးနှင်းဝေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၅။**

**ဦးနှင်းဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)**။ ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာပါလို့ ဂါရဝပြုပါတယ်။ ကျွန်တော် ကတော့ ကယားပြည်နယ်

အမှတ်(၁၂) မယ်စဲ့မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနှင်းဝေ ဖြစ်ပါတယ်။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ အမျိုး သားလွှတ်တော်ကိုယ်စားလှယ် ဦးဘိုးရယ် တင်သွင်းသွားတဲ့ ကယားပြည်နယ်မှာ နယ်စပ်ကုန်သွယ်ရေးစခန်း တစ်ခု ဖွင့် လှစ်ပေးသင့်ကြောင်းအဆိုနှင့် စပ်လျဉ်းပြီးတော့မှ ကျွန်တော် ထောက်ခံဆွေးနွေးသွားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ် (၇)မြို့နယ်နဲ့ မြို့နယ်ခွဲ တစ်ခု ရှိသည့်အနက် ရှားတော၊ ရွာသစ်၊ မော်ချီး မှလွဲပြီး မြို့နယ်အားလုံးဟာ မယ် စဲ့-လွိုင်ကော်လမ်းကို အမှီပြုနေကြပါတယ်။ ပြည်နယ်အတွင်းရှိ ပြည်သူများ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အားကိုးအားထားပြုနေတဲ့ ထိုင်း-မြန်မာကုန်သွယ်ရေးလမ်းကြောင်းတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် အခြားပြည်နယ်များလို ဆင်းရဲ တယ်၊ ချမ်းသာတယ်ဆိုတာကို ကိန်းကဏ န်းနဲ့ မဖော်ပြလိုတော့ပါဘူး။ ကျွန်တော်တို့ ကယားပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားပြည်သူအများစုဟာ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးဖွံ့ဖြိုးမှု ဘယ်လောက်အားနည်းနေတယ်ဆို တာ အခြားတိုင်းနဲ့ ပြည်နယ်များနှင့်ယှဉ်လျှင် နှစ် (၃၀)လောက် ခေတ်နောက်ကျမယ်လို့ ဆိုနိုင်ပါတယ်။ အဲဒီလို ခေတ်နောက်ကျနေတာဟာလည်း စီးပွားရေးနဲ့ လမ်းပန်းဆက်သွယ်ရေးဟာ ပြည်နယ်ဖွံ့ဖြိုးမှု အဓိကအားနည်းတဲ့အချက်မှာ ပါဝင်ပါတယ်။ ဒီအချက်တွေဟာလည်း ကျွန်တော်တို့ နယ်စပ်ဒေသတွေမှာ နိုင်ငံ့တာဝန်ထမ်းဆောင်ဖူးတဲ့ ဝန်ထမ်းတိုင်း သိကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်အတွင်း နေထိုင်သူပြည်သူအားလုံးဟာ လွိုင်ကော်၊ မယ်စဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကို အမှီပြုပြီး စီးပွားကူးသန်းသွားလာရေးလုပ်ငန်း လုပ်ကိုင်လိုကြခြင်းကြောင့် ကျွန်တော်ဒီအဆိုကို ထောက်ခံရခြင်း ဖြစ်ပါတယ်။ လွိုင်ကော်မယ်စဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကို အမှီပြုပြီး ပြည်နယ်အတွင်းရှိ မြို့နယ်များ၊ ရှမ်းပြည်နယ် (တောင်ပိုင်း ) မြန်မာပြည် အလယ်ပိုင်းဖြစ်တဲ့ မန္တလေး၊ မိတ္ထီလာ၊ သာစည်၊ ရမည်းသင်း၊ ပျော်ဘွယ်တို့မှ ထွက်ရှိတဲ့ ပစ္စည်းများ တင်ပို့ နေတာကို တွေ့ရှိရပါတယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ်အတွင်း မြန်မာပြည်ပို့ကုန် အနေဖြင့် ကုန်သွယ်မှုအနေအထားအရ အဓိက ကုန်ပစ္စည်းများအဖြစ် ကယားပြည်နယ်၊ ရှမ်း(တောင်)၊ မြန်မာပြ ည်အလယ်ပိုင်းမှ ထွက်ရှိတဲ့ ငရုတ် ၊ တစ်နှစ်လျှင် တန်ချိန် (၅၀၀၀)ကျော်၊ မြန်မာပြည်အလယ်ပိုင်းမှထွက်ရှိသော ကြက်သွန် ၊ တစ်နှစ်လျှင် တန်ချိန် (၁၆၀၀) မှ (၂၀၀၀) အထိ၊ ရှမ်း (တောင်)မှ ထွက်ရှိသော ရွှေလိပ်ပြာတံ ဆိပ်ပါ (လှကျော်)ဆေးပေါ့လိပ် တစ်နှစ်လျှင် အိတ်ပေါင်း(၁၈၀၀၀)ကျော်၊ မြန်မာအမဲဆီသွပ်ဗူး ဖာ တစ်နှစ်လျှင် (၁၂၀၀၀)ကျော်၊ ကယား

ပြည်နယ်အတွင်းမှ ထွက်ရှိတဲ့ နှမ်း၊ မြေပဲ တစ်နှစ်လျှင် တန် (၃၀၀)ကျော် တင်ပို့နေတာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် မြန်မာပြည်အလယ်ပိုင်းမှ ကျွဲ၊ နွားများကိုလည်း တင်ပို့နေတာကို တွေ့ရှိရပါတယ်။ ကယားပြည်နယ်၊ ရှမ်းပြည်နယ် မန္တလေးတိုင်းတို့ မှ သယ်ဆောင်လာတဲ့ ဟောင်းနွမ်းအသုံးမပြုလိုတဲ့ နွားလှည်းဘီးပေါင်း များစွာကိုလည်း တင်ပို့နေတာကို တွေ့ရှိရပါတယ်။ ဒ ါ့အပြင် စားသောက်ကုန်ပစ္စည်းများ ကိုလည်း နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ထိုင်းနိုင်ငံသို့ တင်ပို့နေတာကို တွေ့ရှိရပါတယ်။ ထိုင်းနိုင်ငံမှ သွင်းကုန်အ နေဖြင့် အလှကုန်၊ ဖိနပ်၊ အထည်အလိပ် ၊ ဖျာ၊ စား ကုန်ဖျော်ရည်၊ ဆီပုံး၊ လျှပ်စစ်ပစ္စည်း၊ ဘိလပ် မြေ၊ စက်ပစ္စည်း၊ စက်ဘီးများ တင်သွင်းခြင်းကို တွေ့ရှိရပါတယ် ။ ကူးသန်းသွားလာရာမှာ ကုန်တင်ကားများ (၂၀၀၀)ခုနှစ်မှ (၂၀၀၈)ခုနှစ်အထိ ခြောက်ဘီး ကား၊ ဆယ်ဘီးကား၊ ပျမ်းမျှ တစ်လလျှ င် အစီး(၃၀၀) အဝင်/အထွက် ရှိခဲ့ ပါတယ်။ ဒီအချက် တွေဟာလည်း မယ်စဲ့ မြို့ အဝင်/အထွက် ဂိတ်နဲ့ မြို့ဝင်ဘီး အကောက်အခွန်တို့မှ သိရှိရပါတယ်။

အဲဒီလို ကူးသန်းရောင်းဝယ်ရေးအတွက် နယ်မြေအနေအထားအရ တရားဝင် မဟုတ်သော်လည်း နားလည်မှုဖြင့် ခွင့်ပြုထားတယ်လို့ အများပြည်သူများက သဘောပေါက် ထားကြပါတယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ်တုန်းက မယ်စဲ့ကုန်သွယ်ရေးဟာ အထူးစည်ကားခဲ့ပါတယ်။ ဒါပေမဲ့ နိုင်ငံတော်ရဲ့ တရားဝင်ကုန်သွယ်ရေးလမ်းကြောင်း မဟုတ်တဲ့အတွက်ကြောင့် နိုင်ငံတော်၏ နိုင်ငံခြားကုန်သွယ်ခွန် ဆုံးရှုံးရတဲ့အပြင် ပြည်နယ် /မြို့နယ်ဒေသဖွံ့ဖြိုးရေးအတွက် ဘာမှ အကျိုး မဖြစ်ထွန်းခဲ့ပါဘူး။ တကယ်လို့ တရားဝ င်နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ပေး မယ်ဆိုရင် ကုန်ပစ္စည်းအဆပေါင်းများစွာ ကုန်သွယ်မှုပြုနိုင်သလို နိုင်ငံတော်နှင့် ပြည်နယ် အတွက် အခွန်ဘဏ္ဍာငွေများစွာ ရရှိလာမှာ ဖြစ်ပါတယ်။ ပြည်နယ်ပြည်သူများအနေနဲ့လည်း အစိုးရသစ်၏ လုပ်ဆောင်ချက်များကို ကြိုဆိုတဲ့အပြင် ပြည် နယ်အဆင့် လက်မှတ်ရေးထိုး ထားပြီးဖြစ်တဲ့ ထာဝရငြိမ်းချမ်းရေး စီးပွားရေးအဖွဲ့အတွက် စီး ပွားရေးကို အကျိုးပြုနိုင်မယ့် လမ်းကြောင်း တစ်ခု ဖြစ်လာနိုင်ပါတယ်။ ကျွ န်တော့်အနေဖြင့် အခွန် ဝင်ငွေရ၊ နိုင်ငံတော် အနေဖြင့် အခွန်ဝင်ငွေရ၊ ပြည်နယ်မြို့နယ်ဖွံ့ဖြိုးရေး လုပ်ငန်းများစွာ လုပ်ကိုင်နိုင်မှာဖြစ်ပြီး ပြည်ထောင်စုကြီးလည်း သာယာဝပြောလာမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ ကယားပြည်နယ်၊ မယ်စဲ့ ကုန်သွယ်ရေးလမ်းကြောင်းဟာ ဖွင့်လှစ်သင့်တဲ့ လမ်းကြောင်း တစ်ခုလို့ ယူဆရပါတယ်။ ဒါကြောင့် ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း အပါအဝင် မြန်မာ နိုင်ငံအလယ်ပိုင်းနှင့်

အလယ်ပိုင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး တို့တွင် အကျိုးရှိနိုင်မယ့် မယ်စဲ့မြို့နယ်မှာ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတစ်ခု နိုင်ငံတော်မှ တရားဝင်ဖွင့်လှစ်ပေးနိုင်ပါရန် စဉ်းစား ပေးသင့်ပါကြောင်းနှင့် ကယားပြည်နယ် မဲဆန္ဒနယ် အမှတ် (၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘိုးရယ် ၏ အဆိုအား အလေးအနက် ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အစည်းအဝေး ကို မိနစ် ၃၀ ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၄း၀၀ နာရီတွင် ခေတ္တရပ်နား ပြီး ၁၄း၃၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၄း၃၀။**

**အခမ်းအနားမှူး** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၄း၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦး ဇော်နိုင်ဦး ဆွေးနွေးနိုင်ပါပြီ။ ဦးဇော်နိုင်ဦး ရှိပါလား။

**အချိန်၊ ၁၄း၃၀။**

**ဦးဇော်နိုင်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ့ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ် တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦး ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမယ့်အဆိုကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ ကိုယ်စားလှယ်တော်ကြီး ဦးဘိုးရယ် ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကယားပြည် နယ်တွင် နယ်စပ်ကုန်သွယ်ရေးစခန်းအသစ် တစ်ခုအား ဦးစားပေး ဖွင့်လှစ်ပေးရန် အဆိုနဲ့ ပတ်သက် လို့ ဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး ဦးဘိုးရယ် ၏ အဆိုကို လေ့လာကြည့်ရာမှာ ကျွန်တော် အပိုင်း(၂)ပိုင်း တွေ့ရပါတယ်။ တစ်ပိုင်းကတော့ ဒေသဖွံ့ဖြိုးရေးပါ။ တစ်ပိုင်းကတော့ နယ်စပ်ကုန်သွယ်ရေးစခန်းအဖြစ် ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ နယ်စပ်ကုန်သွ ယ်ရေးအပိုင်းကို ဆွေးနွေးရရင် ကိုယ်စားလှယ်တော်ကြီး ဦးဘိုးရယ် ၏ အပိုင်း မှာ ဒေသဖွံ့ဖြိုးရေးဆိုတာ အရှေ့ကတင်ထားတဲ့အတွက် သူတို့ကယားပြည်နယ်ရဲ့ ဒေသ ဖွံ့ဖြိုးရေးအတွက် ဒီစခန်းဖွင့်ပေးမှ သူတို့ကယားပြည်နယ် ဖွံ့ ဖြိုးမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို ရဲရဲဝံ့ဝံ့ ချမှတ်ပြီး တော့ အဆိုတင်သွင်းခြင်းဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်တို့ ပြည်နယ်နဲ့ တိုင်းအားလုံးမှာ ကယားပြည်နယ်ရဲ့ အောက်မှာ ဖွံ့ဖြိုးတိုးတက်မှုအရချင်းပြည်နယ်ပဲ ရှိပ ါတယ်။ ကယားပြည်နယ်မှာရှိတဲ့ ကယားတိုင်းရင်းသားတွေရဲ့ သူတို့ဒေသ ဖွံ့ဖြိုးတိုးတက်ဖို့ ကယားပြည်နယ်မှာရှိတဲ့ မယ်စဲ့ ဒေသမှာ နယ်စပ်ဒေသ ကုန်သွယ်ရေးစခန်း ဆောင်ရွက်ပေးဖို့ တောင်းဆိုတဲ့အပိုင်းမှာ ကျွန်တော်တို့ သေချာသုံးသပ် ကြည့်ရရင် နယ်စပ်ကုန်သွယ်ရေးဆိုတဲ့အပိုင်းမှာ ခုန ကိုယ်စားလှယ်တော်ကြီး ဦးစံပြည့် တင်ပြဆွေးနွေးတဲ့ အတိုင်းပေါ့။ အဓိက ကုန်သွယ်နေတာ ရေကြောင်းကို အသုံးပြုပြီးတော့ ကုန်သွယ်နေတဲ့ အပိုင်းကို တွေ့ရပါတယ်။ ရေကြောင်းကို အသုံးပြုပြီး ကုန်သွယ်တဲ့အတွက် ဆိ ပ်ကမ်းမြို့တွေ၊ ဆိပ်ကမ်းကြီးတွေရှိတဲ့ ဒီမြို့တွေဟာ ဖွံ့ဖြိုးတိုးတက်မှုတွေကို ခံစားရတာကို တွေ့ရပါတယ်။ တချို့ ကျွန်တော်တို့ ကုန်း တွင်းပိုင်းပေါ့။ ပင်လယ်ထွက်ပေါက်ပိတ် ဒေသတွေမှာ ကျွန်တော်တို့ အဓိက

နယ်စပ်ကုန်သွယ်ရေးကို အားကိုးနေရတာ ဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်ရေးနဲ့ ပတ်သက်လို့ ကျွန်တော်တို့ သမိုင်းကို ပြန်ပြီးတော့ သုံးသပ်ရရင် တစ်ချိန်က ပိုးလမ်းမကြီးဆိုတာ ရှိပါတယ်။ အနောက်ဥရောပရဲ့ ကုန်ပစ္စည်းတွေနဲ့ တရုတ်ပြည်က ကြွေထည်တွေ၊ ပိုးထည်တွေကို အဓိ က ကုန်သွယ်တဲ့ ပိုးလမ်းမကြီးကို သွားပြီးတော့ သတိရပါတယ်။ ပိုးလမ်းမကြီးက ဘယ်လိုဖြစ်လာလဲ ကျွန်တော်တို့ အ ရှေ့အလယ်ပိုင်းမှာရှိတဲ့ ကစ္စတန်တို့၊ နစ္စ တန်တို့ နောက်ကပါတဲ့ ကုန်းတွင်း ပိတ်ဒေသတွေကိုဖြတ်ပြီးတော့ နယ်စပ်ကုန်သွယ်ရေးစခန်းတွေကနေ တစ်ဆင့်ပြီးတစ်ဆင့် တစ်နိုင်ငံပြီး တစ်နိုင်ငံ ဖြတ်သန်းပြီးတော့ ကုန်သွယ်တဲ့လမ်းကြောင်းကြီးအဖြစ် ကျွန်တော်တို့ ကမ္ဘာ့သမိုင်းမှာ ထင်ရှားခဲ့တဲ့ သမိုင်းမှတ်တိုင် တစ်ခုကို ပြန် လည်တွေ့ရပါတယ်။ အခု အချိန်အခ ါမှာ ကျွန်တော်တို့ ကုန်းတွင်း ပိတ်ဒေသတွေရဲ့ ဒေသဖွံ့ဖြိုးရေးအတွက် ကုန်သွယ်ရေးနဲ့ ပတ်သက်လို့ လမ်းပန်းဆက်သွယ်ရေး၊ ကုန်သွယ်ရေးအတွက် ကျွန်တော်တို့နိုင်ငံတွေဟာ အားလုံးပေါ့။ ကျွန်တော်တို့ အသိစိတ်ဓာတ်တွေ နိုးကြားပြီးတော့ ဒီလို ပိုးလမ်းမကြီးကို ပြန်လည်ဖော်ထုတ် အသက်သွင်းပြီးတော့ သမိုင်းတ စ်ပတ် ပြန်လည်ပြီးတော့ ဆောင်ရွက်မယ့် အစိတ်အပိုင်းများ ကိုလည်း ကျွန်တော်တို့ တွေ့ရှိရပါတယ်။ လက်ရှိ ကျွန်တော်တို့ နယ်စပ်ကုန်သွယ်ရေးနဲ့ ပတ်သက်လို့ ကျွန်တော်တို့ သိရသည်မှာကတော့ တပ်မတော်အစိုးရလက်ထက်မှာ ဈေးကွက် စီးပွားရေးနှင့်အတူ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းတွေ အကောင်အထည်ဖော် အောင်မြင်ခဲ့ တာကို တွေ့ရှိရပါတယ်။ ဒါကတော့ ကျွန်တော်တို့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကဆိုရင် ဆိုရှယ်လစ်စီမံကိန်း စီးပွားရေးစနစ် တံခါးပိတ်စနစ်အောက်မှာ နယ်စပ်ဒေသများမှာ တရားမ ဝင် မှောင်ခိုစီးပွားရေးလုပ်ငန်းများကို ကျွန်တော်တို့ ဒီ စခန်းများမှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ကြီးစိုးရာနယ်မြေဒေသကို ကျွန်တော်တို့ ဖြတ်သန်းပြီးတော့ တောလမ်းခရီးကို လူနှင့်လွယ်၍လည်းကောင်း၊ လားနဲ့တင်ပို့၍လည်းကောင်း ကျွန်တော်တို့ ရောင်းဝယ်ဖောက်ကား တာတွေ တွေ့ရှိရ ပါတယ်။ ကျွန်တော်တို့ တပ်မတော် အစိုးရတ က်လာပြီး ဈေးကွက်စီးပွားရေး စနစ်အရ နယ်စပ်ကုန်သွယ်ရေး စခန်းတွေ ဖွင့်လှစ်ဆောင်ရွက်ခဲ့တာကြောင့် ကျွန်တော်တို့ အဲဒီ အချိန်အခါမှာ အရမ်းကိုကြီးထွားနေတဲ့ မှောင်ခိုတရားမ ဝင် ကုန်သွယ်ရေးလုပ်ငန်းတွေ လျော့နည်းကျဆင်းခဲ့တာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခု ကာလမှာလည်း ကျွန်တော်တို့ မှောင်ခိုတရားမ ဝင် တင်ပို့ရောင်းချမှုတွေကို ပြန်လည်တွေ့ရှိရပါတယ်။ ဘာတွေလဲ ဆိုတော့ ယခု ထိုင်းနိုင်ငံရဲ့ ကျွဲ၊

နွား ဈေးကွက်လိုအပ်ချက်အရ ကျွဲ၊ နွားမှောင်ခိုလုပ်ငန်းများ ပြန်လည် ဦးမော့လာတာကို တွေ့ရှိရပါတယ်။ မြန်မာ့ကျွဲ၊ နွားများကို ကယားပြည်နယ်၊ ကရင်ပြည်နယ်နဲ့ ထိစပ်နေသော တရားမဝင် ရောင်းဝယ်ရေးစခန်းများပေါ့။ မဲလထထတို့၊ တောလထထတို့၊ မယ်စဲ့တို့၊ ဒါကွင်းတို့၊ ကျောက်ညှပ်တို့ပေါ့။ ဒီဒေသတွေမှာ ကျွဲ၊ နွားတွေကို ရောင်းဝယ်ဖောက်ကားနေတာကို တွေ့ရှိရပါတယ်။ ထိုင်းနိုင်ငံရဲ့ အမဲသား၊ ကျွဲသားလိုအပ်ချက်မှာ တစ်နှစ်မှာ အကောင်ရေ ငါးသိန်းကျော် လိုအပ်ကြောင်းကို ထိုင်းနိုင်ငံမွေးမြူရေးဦးစီးဌာနက စာရင်းအရ သိရှိရပါတယ်။ ထိုင်းနိုင်ငံ အနေဖြင့် တစ်နှစ်ကို အကောင်ရေ တစ်သိန်း သာ ထုတ်လုပ်နိုင်ပြီးတော့ ကျန်တဲ့ လေးသိန်းကို မြန်မာနိုင်ငံက အဓိက ထားပြီးတော့ လာအိုက အနည်းငယ်ပေါ့။ ဝယ်ယူတင်သွင်းခြင်းများကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ကမ္ဘောဒီးယား၊ မလေးရှား၊ ဗီယက်နမ်တို့ရဲ့ ကျွန်တော် တို့ ဝယ်လက် ဈေးကောင်းပေး ဝယ်လက်များကြောင့် ထိုင်းနိုင်ငံဟာ ၎င်းနိုင်ငံများ ကို ပြန်လည် တင်ပို့ရောင်းချပြီး ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ နယ်စပ်ဒေသစခန်းများမှာ တရားမ ဝင် ဈေးကွက်ကြီးတွေဖြစ်နေပြီး တစ်လလျှင် ဘတ် သန်းရာနဲ့ချီပြီးတော့ ရောင်း ဝယ်ဖောက်ကားမှု တွေကို ကျွန်တော်တို့ တွေ့ရှိ နေရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး ဦးဘိုးရယ် ရဲ့ အဆိုပြု တင်ပြချက်အရ ကယားပြည်နယ်၊ မယ်စဲ့ ဒေသ ကုန်သွယ်ရေးစခန်း အကောင်အထည်ဖော်ပေးပါက ကယားပြည်နယ်၊ ရှမ်းပြည်နယ် မြန်မာနိုင်ငံ အလယ်ပိုင်း ဒေသများမှာ ဒေသထွက်ကုန်များ သဘာ ဝသယံဇာတ အရင်းအမြစ်များကို တရားမဝင် ရောင်းချခြင်းများ လျော့နည်းကျဆင်းလာပြီး တရားမ ဝင်တင်ပို့ရောင်းချခြင်းများဖြင့် ကျွန်တော်၏ အခွန်ဘဏ္ဍာတွေရရှိမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးတင်ပြထားသော ဒေသဖွံ့ဖြိုးရေးနဲ့ပတ်သက်၍ ဆွေးနွေးရရင် ကိုယ်စားလှယ်တော်ကြီးအဆိုမှာ ဒေသဖွံ့ဖြိုးရေး အတွက် ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ပေးပါလို့ တောင်းဆို ထားပါတယ်။ ဒေသဖွံ့ဖြိုးရေး ကို ဒီကုန်သွယ်ရေးစခန်းကြီး ဖြစ် လာမယ်ဆိုရင် ကယား ပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု တွေကို တွေ့ရမယ်ဆိုပြီး ယုံယုံကြည်ကြည် ရဲရဲဝင့်ဝင့် တင်ပြ ထားတာကို ကျွန်တော်တို့ တွေ့ရှိပါတယ်။ အဲဒီ ကိစ္စနဲ့ဆွေး နွေးရရင် ကျွန် တော်တို့နိုင်ငံမှာ နယ်စပ်ကုန် သွယ်ရေး ကျွန်တော်တို့ Boder Trade လို့ခေါ်တဲ့ နယ်စပ်ကုန်သွယ်ရေးနဲ့ စပါတယ်။ Boder Trade ဆိုတာ ကျွန်တော်တို့ ခုနက Boder Trade ကနေ တစ်ဆင့် တက်လာရင် ကျွန်တော်တို့ normal Trade ပေါ့။

ကျွန်တော်တို့ ပုံမှန်ကုန်သွယ်ရေးကို ဆောင်ရွက်ရပါတယ်။ Boder Trade အဆင့်မှ ကျွန်တော်တို့က သာမန် ကျွ န်တော် အငယ်စားဒေသခံ ကုန်သည်လေး တွေလည်း ဆောင်ရွက်ခွင့်ရပါတယ်။ normal Trade ကျတော့ ကျွန်တော်တို့ ကုန်သွယ်ရေးမှာ တရား ဝင်ကုမ္ပဏီမှတ်ပုံတင်ပြီးတော့ ဆောင်ရွက်မှ တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လာမှ normal Trade လို့ ပြောင်းလဲကျင့်သုံးတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ကျွန်တော်တို့ လောလောဆယ်ပေါ့။ အောင်မြင်ခဲ့တဲ့ နယ်စပ် ကုန်သွယ်ရေးစခန်းတွေကတော့ မူဆယ်၊ တာချီလိတ်၊ တမူး၊ မောင်တော၊ မြဝတီ၊ ကော့သောင်း စတဲ့ ကုန်သွယ်ရေးစခန်းများ ပုံမှန် ကုန်သွယ်ရေးလမ်းကြောင်းပေါ် ရောက်ရှိနေပြီး ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီး ပွားရေးသာမက နိုင်ငံတော်ရဲ့ စီးပွားရေးကို အဓိက အထောက်အကူပြုနေတာကို ကျွန်တော်တို့ တွေ့ရှိရမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ ကုန်သွယ်ရေးအရ မဟာဗျူဟာအရ ကျွန်တော်တို့ တရုတ်ပြည် ကုန်းတွင်းပိတ်ဒေသ ယူနန်နှင့် အိန္ဒိယနှင့် တောင်အာရှနို ငံငံများ အင်ဒိုချိုင်းနား ဒေသကြီးများနဲ့ ကူးလူးဆက်သွယ် ရေးအတွက် အရေးပါသောနေရာမှာ ရှိ တာကို တွေ့ ရှိရပါတယ်။ ကုန်သွယ်ရေးဈေးကွက်အရ လူဦးရေထူထပ်ပြီး ဝယ်လိုစွမ်းအား မြင့်မားသော ဈေးကွက်ကြီးများဖြစ်ပါတယ်။ ကုန်းဘောင်ခေတ် မင်းအဆက်ဆ က်မှာ ယိုးဒယားနိုင်ငံသို့ စစ်ချီရာမှာ ကျွန်တော်တို့ ဒေါနတောင်ကြား ခရီးလမ်း၊ မြ ဝတီကုန်သွယ်ရေး စခန်းဟာ အေဒီ(၂၁) ရာစု ယနေ့မှာ အင်ဒိုချိုင်းနား ကျွန်းဆွယ် မဟာမဲခေါင်ဒေသ၏ မိုင် (၉၀၀)ကျော် အရှည်ရှိ အလားအလာ အကောင်းဆုံး ကုန်သွယ်ရေးလမ်းမကြီး ဖြစ်နေတာကို တွေ့ရှိရပါတယ်။ အင်ဒိုချိုင်းနားဒေသနိုင်ငံများနဲ့ တောင်အာရှနိုင်ငံများ တရုတ်ပြည် ကုန်းတွင်းပိတ်ဒေသကြီးများ ချိတ်ဆက်နိုင်သော ကုန်သွယ်ရေးလမ်းမကြီးတွေဖြစ်ပါတယ်။ မော်လမြိုင်မြို့နဲ့ ဗီယက်နမ် အရှေ့ပိုင်းပင်လယ်ကမ်းခြေဖြစ်တဲ့ ဒါးနန်းမြို့ကို ဆက်သွယ်ပေးတဲ့ လမ်းမကြီးကို ဆောင်ရွက်တဲ့ ဖိလစ်ပိုင်နိုင်ငံရဲ့ အခြေစိုက်အာရှဖွံ့ဖြိုးရေးဘဏ်မှ ဆောင်ရွက်နေတာကိုလည်း ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒေါနတောင်ကြားလမ်းမှလွဲ၍ ကျန်လမ်းအပိုင်းများ ဆောင်ရွက်ပြီးစီးနေတာကို ကျွန်တော်တို့ သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒေါနတောင်ကြား လမ်းမှာ ကျဥ်းမြောင်းပြီး အတက် တစ်ရက်၊ အဆင်း တစ် ရက်နဲ့ သွားလာနေရပါသဖြင့် ထိုင်းနိုင်ငံ၊ မြ ဝတီ၊ ကော့သောင်းလမ်း၊ ကော့ကရိတ်လမ်းကို စံချိန်မီ အမေရိကန်ဒေါ်လာ သန်း (၄၀)အကုန်ကျခံပြီး

လမ်းအူကြောင်း အသစ်တစ်ခုကို ဆောင်ရွက်ဖော်ထုတ်နေတာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနောက်ဘက် အိန္ဒိယနိုင်ငံ ကုန်းတွင်းပိတ်ဒေသများနဲ့ ဆက်စပ်လျက်ရှိသော ကုလားတန်မြစ်ကြောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဟာ ချင်းပြည်နယ်၊ ပလက် ဂမြို့ဒေသများနှင့် ရခိုင်ပြည်နယ်တို့အတွက် ကုန်သွယ်ရေးနဲ့ သယ်ယူပို့ဆောင်ရေးအတွက် ဖွံ့ဖြိုးတိုးတက်လာပြီး လူမှုစီးပွားရေးများ တိုးတက် လာမှာ ဖြစ်ပါတယ်။ ၎င်း စီမံကိန်းကို အမေရိကန်ဒေါ်လာ (၂၁၄)သန်း သုံးစွဲတာကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကိုယ်စားလှယ်တော် ကြီး ဦးဘိုးရယ် တင်ပြသော မယ်စဲ့ ဒေသမှာ နယ် စပ်ကုန်သွယ်ရေးစခန်း ဖွင့်ပေးပါက လွို င်ကော်၊ အောင်ပန်းမှ ရှမ်းပြည်နယ်သို့ ဆက်ကြောင်းအထက် ပေါင်းလောင်း လွိုင်ကော် နေပြည်တော် ဆက်ကြောင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသ မြို့ကြီးများနှင့် ဆက်သွယ်ရေးဟာ အရမ်းကောင်းပြီး ခရီးမိုင် လည်း နီးတာကို တွေ့ရှိရပါတယ်။ ဒေသထွက်ကုန်များတင်ပို့ပါက အဆင်ပြေသော အနေအထား မှာ တွေ့ရှိရပါတယ်။ မယ်စဲ့ ဒေသနှင့်ကပ်လျက်ရှိသော ထိုင်းနိုင်ငံအထက်ပိုင်းနှင့် အလယ်ပိုင်း ဒေသရှိ မြို့ကြီးများ နှင့် ကူးသန်းရောင်းဝယ်ဖောက်ကားနိုင်မှာ ဖြစ်ပါတယ်။ မဟာမဲခေါင် ဒေသကြီး ကွန်ယက် လမ်းများနဲ့ ချိ တ်ဆက်နိုင်မှာ ဖြ စ်ပါတယ်။ မယ်စဲ့ ဒေသနှင့် ဆက်စပ်လျက် ရှိသော ထိုင်းနိုင်ငံ ဘက် မယ်ဟောင်ဆောင် ဒေသများမှာ ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတဲ့ ဒေသများ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံအတွင်း နေထိုင်ကြသော ကယန်းခေါ် ပဒေါင်တိုင်းရင်းသား ကျေးရွာများကို လာရောက်သောခရီးသွား လုပ်ငန်းများ ရှိပ ါတယ်။ ၎င်းဒေသများ မှာ Toursim လုပ်ငန်းတွေ အရမ်းကို ဖွံ့ဖြိုးတာ တွေ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ နိုင်ငံရဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရာဒေသဖြစ်သော လွိုင်ကော်၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ပုဂံ၊ နေပြည်တော်၊ မန္တလေး၊ တောင်ငူစသော မြို့ကြီးများနဲ့နီးစပ်ပြီး ဆက်သွယ်ရေးကွန်ယက်လမ်းများရှိတာကြောင့် ၎င်း လုပ်ငန်းဖွံ့ဖြိုး ရေး နိုင်ငံတော်နဲ့ ဒေသအကျိုးစီးပွားကောင်းမွန်လာမှာကို တွေ့ရမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ပထ ဝီနိုင်ငံရေး၊ ကုန်သွယ်ရေးအရ မဟာဗျူဟာကျ တဲ့ ကျွန်တော်တို့နိုင်ငံတွေနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနဲ့ ရရှိပြီးကြတော့ ငြိမ်းချ မ်းရေးအသီး၊ အပွင့်များကို ဆုပ် ကိုင်၍ ၎င်းဒေသများ

ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကယားပြည်နယ်နယ်စပ် တွင် နယ်စပ်ကုန်သွယ်ရေးစခန်း အသစ် တစ်ခုအား ဦးစားပေး ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ကိုယ်စားလှယ်တော်ကြီး ဦးဘိုးရယ် ရဲ့ အဆိုအား အ လေးအနက် ထောက်ခံရင်း နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၄း၄၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ ဦးခင်မောင် (ခ)ဦးအောင်ကျော်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၄၂။**

**ဦးခင်မောင် (ခ)ဦးအောင်ကျော်ဦး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ကြွရောက်လာကြသော ပြည်ထောင်စု အဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံးကို ကျွန်တော် ဒီနေရာက မင်္ဂလာပါလို့ ပြောရင်းနဲ့ ဂါရ ဝပြုနှုတ်ခွန်းဆက်ရပါတယ်။ ကျွန်တော့်အနေနဲ့တော့ များများစားစား ပြောစရာမရှိပါဘူး။ ကျွန်တော်တို့ တိုင်းရင်းသားညီ တော် အစ်ကိုတော် ဖြစ်တဲ့ ကယားပြည်နယ် ကိုယ်စားလှယ်ဖြစ်တဲ့ ဦးဘိုးရယ် ရဲ့ သူ့ ဒေသမှာ ဖွံ့ဖြိုး ချင်တဲ့ စိ တ်ဆန္ဒကို ကျွန်တော့်အနေနဲ့ ကိုယ်ချင်းစာပြီးတော့ မေတ္တာ၊ စေတနာအပြည့်အ ဝနဲ့ ထောက်ခံပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်ဟာလည်းပဲ ပြည်ထောင်စုတိုင်းရင်းသား တစ်ယောက်ဖြစ်တဲ့ အပြင် ကျွန်တော်ကြီးပြင်းလာရတဲ့ဒေသကလည်း နယ်စပ်ဒေသဖြစ်တဲ့ ရခိုင်မောင်တောဒေသမှာ ကြီးပြင်းလာရတဲ့အတွက် ဒီကိစ္စကို ကျွ န်တော်ရဲ့ ဘဝ ခံစားမှုနဲ့ တစ်ထော င့်တစ်နေရာက နေပြီးတော့ ထောက်ခံဆွေးနွေး ပြောချင်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုဟာ မြန်မာပြည်ကို ကြည့်လိုက်လို့ရှိရင် ကျွန်တော်တို့ဟာ နိုင်ငံပေါင်းများစွာ နဲ့ နယ်နိမိတ်ချင်းဆက်စပ်ပြီးတော့နေတာကို တွေ့ရပါမယ်။ ကျွန်တော်တို့နဲ့ ထိစပ်တဲ့ ဘင်္ဂလားဒေ့ရှ် အိန္ဒိယ၊ တရုတ်၊ ယိုးဒယား၊ လာအိုစသည်အားဖြင့် ကျွန်တော်တို့ နိုင် ငံပေါင်းများစွာနဲ့ ထိတွေ့ဆက်ဆံတဲ့ ကမ္ဘာမှာရှားပါးတဲ့နိုင်ငံဟာ ကျွန်တော်တို့ တစ်နိုင်ငံ ပဲ ရှိမယ် ထင်ပါတယ်။ အာရှတိုက် ကုန်းတွင်းနိုင်ငံထဲမှာ ဆိုလို့ရှိရင် မြန်မာနိုင်ငံဟာ အကြီးဆုံးကုန်းတွင်းနိုင်ငံ ဖြစ်ပါတယ်။ ဒီလို ထိစပ်နေတဲ့ နိုင်ငံပေါင်းများစွာနဲ့ ကျွန်တော်တို့ဟာ ငြိမ်းချမ်းစွာအတူတကွ နေထိုင်တဲ့မူဝါဒကို လက်စွဲပြီးတော့ ကျွန်တော်တို့ဟာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေလာခဲ့ပါတယ်။

ကံအကြောင်းမလှလို့ ကျွန်တော်တို့ စီးပွားရေးတွေကို နယ်စပ်ကိုအသုံးချပြီးတော့ မပြုလုပ်နိုင်ပါဘူး။ ဒီနယ်စပ်ဒေသမှာ ကျွန်တော်တို့ ကုန်ကူးသန်း စီးပွားရေးစခန်းတွေ ကုန်သွယ်ရေးစခန်းသစ်တွေ ဖွင့်ပြီးတော့ လုပ်ကိုင်နိုင်မယ်ဆိုလို့ ရှိရင် ကျွန်တော်တို့နိုင်ငံဟာ အဖက်ဖ က်ကတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။ ဒီလိုလုပ်နိုင်ဖို့အတွက်လည်း ကျွန်တော်တို့ တိုင်းရင်းသားပေါင်းစုံစည်းလုံးညီညွတ်ခြင်း၊ ကျွန်တော်တို့ ပြည်ထောင်စုတောင့်တင်းခိုင်မာခြင်း၊ ကျွန်တော်တို့အချင်းချင်း ချစ်ခင်ခြင်းဟာ အရေးကြီးပါတယ်။ ယခုအခါမှာ ဆိုလို့ရှိရင် ကျွန်တော်တို့ နိုင်ငံဟာသောင်းကျန်းသူလက်နက်စွဲကိုင်ပြီး တော့ ကျွန်တော် တို့ လှုပ်ရှားနေကြတဲ့ အဖက်ဖ က်ကတိုင်းရင်းသားတွေနဲ့ ကျွန်တော်တို့ဟာ ယခုအချိ န်မှာ ငြိမ်းချမ်းမှုရရှိနေပါပြီ။ ဒီအခွင် ့အခါကိုယူပြီးတော့ ကျွန်တော်တို့၏ စီးပွားရေးကို ထူထောင်ဖို့လည်းလိုအပ်ပါတယ်။ မကြာခင် မှာဆိုလို့ရှိရင် ကျွန်တော်တို့ အာဆီယံအသိုင်းအဝိုင်း ကနေပြီးတော့ AFTER ဆိုတဲ့ သဘောတူစာချုပ်နဲ့အတူ ကျွန်တော်တို့ဟာ အာရှ မှာစီးပွားရေး ကွန်ယက်ကိုဖြန့်ချိ ဖို့ လိုအပ်လာပါပြီ။ ဒီ လိုလုပ်တဲ့အခါမှာ ကျွန်တော်တို့ အနေနဲ့ အဆင်သင့်ဖြစ်နေမှ ကျွန်တော်တို့ဟာ နိုင်ငံတကာနဲ့ မီလာနိုင်မယ်။ ကျွန်တော်တို့ အဆင့်လည်းမြင့်လာမယ် ဆိုတာကို ယုံကြည်ပါတယ်။ ကယားဒေသနဲ့ပတ်သက်လို့ ကျွန်တော်သိတာကတော့ ကျွန်တော်တစ်ခါမှ မရောက်ဖူးပါဘူး။ ရိုးရိုးသားသားပြောရလို့ရှိရင် ကျွန်တော်ကြားဖူးတာပဲ ရှိပါတယ်။ ကယားတောင်ကွဲစေတီ။ လောပိတလျှပ်စစ်ဓာတ်အား မိုးဗြဲရေကာတာ နော က်ပြီးတော့ မော်ချီးမိုင်း ၊ လွိုင်ကော်ကျောက်ပဒေါင်လူမျိုး၊ ကမ္ဘာမှာရှားပါးတဲ့ လည်ပင်းမှာ ကွင်းတွေ စွပ်ထားတဲ့ ပဒေါင် လူမျိုးတွေ အဲလိုဟာလောက်ပဲ အသိစိတ်ထဲမှာ ကယားပြည်နယ်ကို သိရှိပါတယ်။ အင်မတန်မှလည်း သွားရောက်ဖို့ခက်ခဲတယ်လို့လည်း ကျွန်တော် ယူဆပါတယ်။ တော်တော်များများဟာ မရောက်ဘူးဖူးထင်ပါတယ်၊ ကယားဒေသကို၊ ကယားပြည်နယ်ကို မရောက်ဖူးဘူးလို့ ကျွန်တော် ထင်ပါတယ်။ ကျွန်တော်ဟာ ဒီ Tourism လောကမှာ အနှစ် (၃၀)လောက် ကျင်လည်ခဲ့ပါတယ်။ အဲဒီဒေသကိုစိတ်ဝင်စားတဲ့ ပဒေါင် လူမျိုးကို စိတ် ဝင်တစားနဲ့ သွားကြည့်ချင်တဲ့ လူတွေဟာ အမြဲတမ်းမေးကြပါတယ်။ မေးတဲ့အခါမှာ ဒီဒေသကို ကျွန်တော်တို့ဟာ Marketing တစ်ခုအနေနဲ့မဖွင့်လှစ်နိုင်ပါဘူး။ နောက်ဆုံးသွားနိုင်တာက လွိုင်ကော်လောက်ပဲ သူတို့ဖွင့်ပေးပါတယ်။ ဒီဒေသကိုသွားရောက် ကြည့်ရှုဖို့ အခွင့်အရေးဟာ မရခဲ့ပါဘူး။

နောက်တစ်ချက်ကလည်း ကျွန်တော်တို့ မြန်မာ့ဆိုရှယ်လစ်လမ်းစဥ်ခေတ်မှာ ဒီ ပဒေါင်ကိစ္စကို သူတို့ ဆွေးနွေးခဲ့ကြပါတယ်။ လူတစ်ရပ်စာလောက်ရှိတဲ့ ပန်းချီကားတစ်ချပ် ဆွဲပြီးတော့မှ ရုံးခန်းထဲမှာ ချိတ် ထားပါတယ်။ နောက်ဆုံးသူတို့ ဆွေးနွေးပြီးတဲ့အခါကျတော့ ဘာဖြစ်လဲဆိုတော့ ဒီမြန်မာတိုင်းရင်းသားတွေကို နိုင်ငံခြား သားတွေကိုခေါ်ပြီးပြရမယ်ဆိုတဲ့ အလုပ်ကိုသူတို့အနေနဲ့ ဒါ Conscious အနေနဲ့ Clear မဖြစ်ပါဘူးဆိုပြီးတော့ မူအရကို လက်မခံခဲ့ပါဘူး။ ဒါပေမဲ့ ကံ အကြောင်းမလှလို့ ဒီ ပဒေါင်လူမျိုးတွေဟာ နယ်စပ်ကို ဖြတ်သန်းပြီးတော့ ယိုးဒယားမှာသွားပြီးတော့ တရားမဝင် အလုပ် လုပ်နေကြပါတယ်။ ဘာပြုလို့လဲဆိုတော့ ဟိုဘက်ကလည်း သူတို့ကို လက်ခံတယ်။ Tourism ရှိတဲ့အတွက် အသုံးချတယ်။ သူတို့တွေ ကို နိုင်ငံခြားသားတွေကို အခကြေးငွေ ယူပြီးတော့ ပြစားနေကြတယ်။ ဘာဖြစ်လို့ ကျွန်တော်တို့ လူတွေ နိုင်ငံခြားကို ထွက်သွားကြရတာလည်းဆိုတော့ ဒီဘက်မှာ လုပ်ကိုင်စားသောက်ရတာ မလွယ်လို့ ကိုယ့်ဒေသဟာ မဖွံ့ဖြိုးလို့ အကြောင်းရင်းခံတစ်ချက် ဖြစ်ပါတယ်။ ကျွန်တော် ဒါကြောင့်မို့ လို့ ဒီကယားဒေသဟာဖြင့် သူ့ မှာ ဖွံ့ဖြိုးနိုင်တဲ့ အလားအလာတွေ အများ ကြီး ရှိပါတယ်။ ကျွန်တော်တို့ လွို င်ကော်ကျောက် ဆိုတာလည်း တော်တော်ကိုလှပတဲ့ကျောက် အင်မတန်မှ အသုံးချနို င်တဲ့ ရောင်းလို့လည်းကောင်းမယ်။ နောက်ပြီးတော့ သူတို့ရဲ့ သဘာ ဝ ရေခံ၊ မြေခံတွေနဲ့ထိစပ်နေတဲ့ ယိုးဒယားနဲ့ဆိုတာကလည်း သူတို့က မိုင်ပေါင်း (၂၀၀)လောက်ပဲ ရှိတဲ့အတွက် အင်မတန်မှ သွားလို့လာလို့ ကောင်းတယ်။ အတွင်းပိုင်းမှာ ဒီလို Tourism တွေသာ ဖွင့်ပေးမယ်ဆိုလို့ရှိရင်ဖြင့် ဒီဒေသဟာ တစ် ဖက်တစ်လမ်းကနေပြီးတော့ ဖွံ့ ဖြိုးလာမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ကျွန်တော်တို့ ငယ်စဥ်ဘဝက မောင်တောဒေသမှာ နေခဲ့စဥ် တုန်းက ဆိုလို့ရှိရင် ဒီဒေသဟာ လည်း နယ်စပ်ဒေသ တစ်ခု ဖြစ်ပါတယ်။ နယ်စပ်ဒေသဆိုတဲ့ဥစ္စာဟာ ကုန်ပစ္စည်းတွေဟာဆိုလို့ရှိရင် တရားဝင်သော မဝင်သော ကုန်ပစ္စည်းဆိုတာဟာ လိုအပ်တဲ့ နေရာကို ဈေးကောင်းရတဲ့နေရာကို သွား တဲ့ထုံးစံ ရှိပါတယ်။ အဲဒီအချိန်အ ခါတုန်းက ဘင်္ဂလားဒေ့ရှ် မဟုတ်သေးပါဘူး။ ပါကစ္စတန် ပဲ ရှိ ပါသေးတယ်။ ဟိုခေတ်တုန်းက ၁၉၆၀ ပတ်ဝန်းကျင်လောက်က ဆန်စပါး အင်မတန်မှ ခက်ခဲတယ်။ လူဦးရေကလည်း များတယ်။ အဲဒီဒေသကို ကျွန်တော့်ဆီက ဆန်စပါးတွေဟာ မှောင်ခိုပစ္စည်းအနေနဲ့ အများ ကြီး ထွက်နေကြပါတယ်။ တချို့လှေတွေ ဟာဆိုလို့ရှိရင် လမ်းမှာပဲ နစ်မြုပ်သွားကြပါတယ်။ အဲဒီမှောင်ခိုကဏ္ဍနဲ့ပတ်သက်လို့ ဝန်ထမ်းတွေကလည်း ကျွန်တော်တို့ဒေသကို လာဖို့ ဝန်မလေးကြပါဘူး။

မှောင်ခိုရှိတဲ့နေရာမှာ စီးပွား ရေးအခွင့်အလမ်း များတယ်။ ချောင်လည် တယ်။ ဝန်ထမ်းတွေ အနေနဲ့ တစ်ဖက်တစ်လမ်းက ဝင်ငွေရတယ် ဆိုပြီးတော့ လာချင်သူက မနှေးပါဘူး ။ အခု အချိန်အခါမှာတော့ အဲဒီဒေသမှာ ကျွန်တော်တို့ ဒီမိုကရေစီခေတ်မှာတော့ တရားဝင် ကျွန်တော်တို့ ကုန်သွယ်ရေးစခန်းတွေဖွင့်ပြီးတော့ တရားဝင်လှုပ်ရှား နေတဲ့ အခါမှာ ဆိုလို့ရှိရင် ကျွန်တော်တို့ဘက်က ရောင်း အားက ကောင်းပြီးတော့ စီးပွားရေးဘက်မှာ ကျွန်တော်တို့က အလေးသာနေပါတယ်။ ဒီနမူနာလေး တွေကိုယူပြီးတော့ ကျွန်တော်တို့ နယ်စပ် ဒေသတိုင်းမှာ အပေါက်တိုင်းမှာ ကျွန်တော်တို့ဟာ ကုန်သွယ်ရေးကို အပြည့်အဝ လှုပ်ရှားမယ် ဆိုလို့ရှိရင်ဖြင့် ကျွန်တော်တို့ဟာ နိုင်ငံတိုင်းနဲ့ ဆက်စပ်မှုရှိလာပြီးတော့ တိုင်းပြည်ဟာ တိုး တက်လာမယ်။ ကျွန်တော်တို့ ဝင်ငွေတွေဟာ တိုးတက်လာမယ်ဆိုတာ ကို ယုံကြည်ပြီးတော့ ထောက်ခံ အားပေးရင်းနဲ့ ကျွန်တော် နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၄း၅၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို သတိပေးစရာ ရှိပါ တယ်။ ပြည်ပနိုင်ငံတွေကိုခေါ်တဲ့အခါမှာ သူတို့ ပြဋ္ဌာန်းထားတဲ့ တရားဝင်နာမည်ပဲ သုံးဖို့။ ဥပမာ ထိုင်းဆိုလည်း ထိုင်းလို့ ပဲသုံးပေါ့။ ကျွန်တော်တို့ ငယ်ငယ်တုန်းက အရိုးစွဲလာတဲ့ ယိုးဒယားလို့ သုံးလို့ရှိရင် ဒါမသင့်လျော်တဲ့ အနေအထား ဖြစ်ပါတယ်။ ဥပမာ လာအိုဆိုလို့ရှိရင် လောလို့ သွားခေါ်ရင် စိတ်ဆိုးတာရှိပါတယ်။ ကျွ န်တော်တို့ သိပ်ကို တပ်မတော်ထဲမှာ Junior ကျတဲ့ အချိန်တုန်းက ဦးစခု န်တိန့်ယိန်း တို့ဒေသကို ကျွန်တော် စစ်ဆင်ရေးဝင် ခဲ့ရတဲ့အခါမှာ ချိတ်ရွာလေးမှာ တည်းတော့ အဲဒီအိမ်က အိမ်ရှင်အဖွားကြီးကို ချစ်စနိုးနဲ့ ရဲဘော်တွေက ငါ့မြေး၊ ငါ့မြေးနဲ့ ခေါ်တယ်။ ဒီဘာသာစကားမှာ သူက ငါ့မြေး ဆိုတာ ငါ့မယား၊ ငါ့မြီးဆိုတာ အမေ၊ ငါ့မြီး နဲ့ ငါ့မြေး မှားမှားခေါ်နေတာ တော်တော်ကြာတဲ့အခါမှာ တစ်ရက်ကျတော့ အဖွားကြီးက ဗမာလို ကလည်း တတ်တဲ့အခါကျတော့ ဘာလဲ ငါ့လင်၊ ဘာလဲ ငါ့လင် ဆိုပြီးတော့ ဒီလိုဖြစ်တယ်။ စကားက နောက်တစ်ခုက သောင်းကျန်းသူဆိုတဲ့ အခေါ်အဝေါ်ပေါ့။ သောင်းကျန်းတယ်ဆိုတာ လွှတ်တော်ထဲမှာ မသုံးသင့်ပါဘူး။ ဘယ်သူက ဘယ်လိုပဲခေါ်ခေါ် Propaganda လုပ်တဲ့ စကားလုံးတွေ လက်နက်ကိုင်ဆန့်ကျင်တဲ့ အဖွဲ့ အစည်းဆိုလို့ရှိရင် တစ်ဖက်က ခံသာ နားခံသာ တာပေါ့။ ဘာပြုလို့လဲဆိုတော့ ကျွန်တော်တို့ လွှတ်တော်ထဲပြောတဲ့ စကားတွေဟာ လုံးကောက် အကုန်မှတ်တမ်းတင်ထားဖြစ်တဲ့အတွက်ကြောင့် နောင်လာနောက်သားတွေ လည်း ဖတ်ရှုမှာ

ဖြစ်တဲ့အတွက် ဒီလို စကားရပ်မျိုးလေးတွေကို ပြောတဲ့ဆိုတဲ့အခါကျရင် အားလုံးပါပဲ။ ဒါ အားလုံး ရင်ထဲက ပြောဖို့ကိစ္စရှိပါတယ်။ ယိုးဒယား၊ ယိုးဒယား သုံး သွားတာ အရင်ကလည်း ရှိပါ တယ်။ မပြောဖြစ် လိုက်ဘူးပေါ့။ အခုတော့ ဆက်စပ်ပြီးတော့ ပြောတာ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၅၂။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှ တ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် မမှားအောင် ဆွေးနွေးပါနော်။

**အချိန်၊ ၁၄း၅၂။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ့ ကြွရောက်လာသော ပြည်ထောင်စုအဆင် ့ ပုဂ္ဂိုလ်များနှင့် လွှတ်တော်ကိုယ်စား လှယ်တော်ကြီးများ ရှင်။ ကျွန်မတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ဖြစ်ပြီး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဘိုးရယ် အဆိုပြုထားတဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် ကယားပြည်နယ်တွင် နယ်စပ် ကုန်သွယ်ရေးစခန်းသစ်တစ်ခုအား ဦးစားပေး ဖွင ့်လှစ် ပေးပါရန် ပြည်ထော င်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဲဒီအဆိုကို ထောက်ခံဆွေး နွေးတဲ့အခါမှာ ကျွန်မကတော့ ကျန် တဲ့လူတွေ ဆွေးနွေး သလို မဟုတ်ဘဲနဲ့ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေနဲ့ မူဝါဒ သဘောတရားလောက်ပဲ အတိုချုပ် ပြီးတော့ ကျွန်မက ဆွေးနွေးမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ အကြောင်းကြောင်းကြောင့် တိုးတက်ဖွံ့ဖြိုးမှု အစစနောက်ကျ ကျန်ရစ်ခဲ့သော နယ်စပ်ဒေသ များအား နိုင်ငံတော်မှ လိုအပ်သလို ဆောင်ရွက်ပေးမည့်အကြောင်း ဥပဒေမှာလည်း ပြ ဋ္ဌာန်း ပေးထားပြီးဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တာဝန်ကိုယ်စီ ရှိကြတဲ့အခါမှာ အခုလို ကျွန်မ တတ်နိုင်တဲ့ဖ က်ကနေပြီးတော့ ပြည်ထောင်စုစိတ်ဓာတ်အပြည့်နဲ့ ဆွေးနွေးတင်ပြခွင့်ရတဲ့အတွက် အလွန်ပဲ ဂုဏ်ယူဝမ်းသာပါတယ်။ ငြိမ်းချမ်းမှုဟာ တိုးတက် ဖွံ့ဖြိုးမှုများနဲ့ သာယာအေးချမ်း မှုများကို ဆောင်ကျဉ်းပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတ ယ်။ နယ်မြေအေးချမ်းတည်ငြိမ်လာတဲ့အခါမှာ စီးပွားကုန်သွယ်မှု၊ လမ်းပန်းဆက်သွယ်ရေးအားလုံး အပြန်အလှန် အမှီသဟဲ ပြုပြီးတော့ လွယ်ကူချောမွေ့ လာမယ်ဆိုတာ ကျွန်မကတော့ ယုံ ပါတယ်။

စီးပွားရေးအဆင်ပြေ ချောမွေ့ လာရင် လူမှုဘဝများလည်း ဆင့်ပွား ဖွံ့ဖြိုးတိုးတက်လာနိုင်မယ် ဖြစ်တဲ့အတွက် ဦးဘိုးရယ် တင်ပြတဲ့ နယ်စပ်ဒေသ ကုန်သွယ်ရေးစခန်းသစ် တစ်ခု ဖွင့်လှစ်ထားခြင်းသည် ဖွံ့ဖြိုးမှုနောက်ကျနေသော ဒေသ၏ တိုးတက်မှုအစ အလင်းရောင်ခြည်ပင် ဖြစ်ပါတယ်လို့ တင်ပြပါရစေ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ရှင်။ နိုင်ငံတော်မှ ချမှတ်ထားသော စီးပွားရေး ဦးတည်ချက်(၄)ရပ်အနက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေး လို့ အချက် ပါဝင်ပါတယ်။ နောက် စီးပွားရေး ဦးတည်ချက်(၄)ရပ် ထဲကလည်း နိုင်ငံတော်၏ စီးပွား ရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေးလို့ ပါရှိပါတယ်။ နိုင်ငံတော်၏ ကဏ္ဍကြီး (၃)ခု ဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှု ရေး အဲဒီ အရေး(၃)ပါး တစ်ခု နှင့် တစ်ခု အပြန်အလှန် အမှီသဟဲပြုလျက်ရှိတယ်ဆိုတာလေ့လာတွေ့ရှိရပါတယ်။ နိုင်ငံရေးမတည်ငြိမ်ရင် စီးပွားရေးလည်း မတည်ငြိမ်၊ စီးပွားရေး မတည်ငြိမ်ရင် လူမှုရေးလည်း မတည်ငြိမ်၊ လူမှုရေးလည်း မတည်ငြိမ်ရင် နိုင်ငံရေးလည်း မတည်ငြိမ် စသဖြင့် တည်မှီပြီးတော့ ဖြစ်ပွားနေတာကို တွေ့ရှိရပါတယ်။ နိုင်ငံတော်သမ္မတကြီးက မိန့်ကြားဖူးပါတယ်။ နိုင်ငံတော်အတွက် လိုအပ်နေတဲ့ အင်အား (၃)ရပ် ရှိတဲ့အနက်က နိုင်ငံရေးအင်အား တောင့်တင်းကောင်းမွန်စေချင်ရင် စည်းလုံးညီညွတ်ကြရ မယ်လို့ မိန့်ကြားဖူးပါတယ်။ အခုလို ခေတ်စနစ်ပြောင်းလဲတိုးတက်လာတဲ့ နို င်ငံတော်ကြီးမှာ ငြိမ်းချမ်းရေးအခြေအနေတွေ တစ်စထက်တစ်စ တိုးတက်ပြောင်းလဲလာတာကို မြင်ရကြားရသိရတဲ့ အတွက် သက်ဆိုင်ရာ နယ်မြေဒေသခံ ပြည်သူလူထုများအတွက်ရော နိုင်ငံတော်အတွက်ပါ ကျွန်မ လွန်စွာ ဝမ်းမြောက်ဂုဏ်ယူ ကြိုဆိုအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ရှင်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ (ဂ)အရ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် ဒေသများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပါဝင်သော လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် ကူညီဆောင်ရွက်မည်လို့ ပြဋ္ဌာန်း ထားတဲ့အပြင် ပုဒ်မ ၃၆ ပုဒ်မခွဲ(ဂ)မှာလည်း နိုင်ငံတော်သည် အများပြည်သူတို့၏ နေထိုင်မှုအဆင့်အတန်း မြှင့်တင်ရေး နှင့် အထွေထွေအရင်း အနှီးများ ဖွံ့ဖြိုး တိုးတက်ရေးတို့ကို ရှေးရှုဆောင်ရွက်သည်လို့ ပြဋ္ဌာန်း

ထားပါတယ်။ ပုဒ်မ ၃၄၉ ပုဒ်မခွဲ (ခ) ( ဂ) ( ဃ) တို့မှာလည်း နိုင်ငံသားများသည် အလုပ်လုပ်ကိုင်မှု၊ ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု၊ စီးပွားရေးလုပ်ကိုင်မှုတို့ တွင် တူညီသော အခွင့်အလမ်း ရရှိစေမည်လို့ ထပ်မံပြီးတော့ ပြဋ္ဌာန်းထားပါသေးတယ်။ အဲဒီအတိုင်းပဲ ပုဒ်မ ၃၇၀၊ ၃၇၁ ၊ ၃၇၂ တွေဟာလည်း နိုင်ငံတော်မှာ စီးပွားရေးလုပ်မယ့်သူတွေအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးမှာတွေကို ပြဋ္ဌာန်းထားတဲ့ ဥပဒေများဖြစ်ပါတယ်။ ဒီဥပဒေတွေကို ပြဋ္ဌာန်းထားတဲ့အတွက်လည်း နိုင်ငံတော်က ဖွံ့ဖြိုး တိုးတက်မှု နှောင့်နှေးနေတဲ့ ဒေသတွေကို အေးချမ်းတည်ငြိမ်လာပြီဖြစ်တဲ့ အခြေအနေ ရောက်တဲ့အခါ အသင့်လျော်ဆုံး ဆောင်ရွက်ပေးမယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ရှင်။ ထပ်မံပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်သစ်ရဲ့ အမျိုးသားစီမံကိန်းဥပဒေကြမ်းကို လေ့လာကြည့်တဲ့အခါမှာလည်း နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ ရည်မှန်းချက် (၉)ချက်အနက် နံပါတ် (၁)က နယ်စ ပ်ဒေသရှိ တိုင်းရင်းသား လူမျိုးများ၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်လို့ တွေ့ရ ပြီးတော့ နံပါတ် (၅)မှာတော့ နယ်စပ်ဒေသ၏ လုံခြုံရေး၊ တရားဥပ ဒေစိုးမိုးရေးနှင့် နယ်မြေ အေးချမ်းသာယာရေးတို့ကို ထိန်းသိမ်းရန်လို့ ပါရှိတဲ့အတွက် ဦးဘိုးရယ် တို့လို နယ်စပ်ဒေသတွေ အတွက် အားတက်စရာတွေမို့ ပီတိ ဖြစ်မိပါတယ်။ နောက်ထပ် လေ့လာတွေ့ရှိရတာက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ မူဝါဒများနဲ့ ရည် မှန်းချက်များ ဖြစ်ပါတယ်။ မူဝါဒနံပါတ်(၂)မှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုသာမက နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်ရန်လို့ တွေ့ရပြီး နံပါတ် (၄)မှာတော့ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ရန်လို့ ပါတာကို တွေ့ ရပါတယ်။ တစ်ခါ ရည်မှန်းချက်(၁)မှာ ကုန်သွယ်မှု ကဏ္ဍ၏ ပြည်ပကုန်သွယ်မှုပမာဏကို ကာလတို (၅)နှစ် စီမံကိန်း၏ ဒုတိယနှစ် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပင်လယ်ရေကြောင်းနှင့် နယ်စ ပ် ပါဝင်မှု ရာခိုင်နှုန်းကို (၇၈ အချိုး ၂၂)ဖြစ်အောင် ရွက်ဆောင်ရန်လို့ စီမံရေးဆွဲထားတာ လေ့လာတွေ့ရှိရပါတယ်။ ဘာပဲဖြစ်ဖြစ် နိုင်ငံတော်ရဲ့ နိုင်ငံရေးနဲ့ စီးပွားရေး ဦးတည်ချ က်များအရရော၊ ဖွဲ့စည်းပုံအခြေခံဥပဒေများရဲ့ ပြဋ္ဌာန်းချက်များအရရော၊ နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ချမှတ်ထားသော ရည်မှန်းချက်များ၊ မူဝါဒများအရရော အခြေအနေအရပ်ရပ်နဲ့ လျော်ကန်သင့်မြတ်ကြောင်း လေ့လာတွေ့ရှိရတဲ့အပြင် နယ်မြေဒေသ အေးချမ်းလာတာနဲ့အမျှ လမ်းပန်း

ဆက်သွယ်ရေး၊ လုံခြုံရေးတွေလည်း စိတ်ချရတော့မှာမို့ မဖွံ့ ဖြိုးသေးတဲ့ဒေသ တစ်ခု ဖွံ့ဖြိုး တိုးတက်လာဖို့ ပြည်ထောင်စုစိတ်ဓာတ်နဲ့ အားလုံး ဝိုင်းဝန်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ရှင်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၇ နဲ့ ၃၈၈ တို့အရ ကျွန်မ ပြည်သူ့ကိုယ်စားလှယ်တစ်ဦးရဲ့ အမျိုးသားရေးတာဝန် ကျေပွန်စွာနဲ့ပဲ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘိုးရယ် ရဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကယားပြည်နယ်တွ င် နယ်စပ်ကုန်သွယ်ရေးစခန်းသစ် တစ်ခု အား ဦးစားပေး ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

(သြဘာသံများ)

**အချိန်၊ ၁၅း၀၀။**

**ဥက္ကဋ္ဌ**။ ။အဆိုနဲ့ စပ်လျဉ်းပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ပြန်လည်ရှင်းလင်းဆွေးနွေးရန်ရှိက ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၅း၀၀။**

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့် တက်ရောက်လာ ကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ ခင်ဗျား။ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်း အပ်ပါတယ်။ ကျွန်တော်ကတော့ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘိုးရယ် မှ အဆိုတင်သွင်းမှုနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကို ယ်စားလှယ် ဦးဘိုးရယ် ရဲ့ အဆိုတင်သွင်းချက်အရ ဒေသ ၏လုံခြုံရေး အခြေအနေ၊ လမ်းပန်းဆက်သွယ်မှု အခြေအနေ၊ ဒေသတွင်း ကုန်သွယ်မှုအခြေအနေ၊ နှစ်နိုင်ငံကုန်သွယ်မှု အခြေအနေများအပါအဝင် ကုန်သွယ်မှုစခန်းသစ် ဖွင့်လှစ်ရန် လိုအပ်ချက်များနှင့် ပတ်သက်၍ ကယားပြ ည်နယ်

အစိုးရအဖွဲ့နဲ့ ညှိနှိုင်းဆွေးနွေးချက်အရ တင်ပြရမယ်ဆိုရင် အဆိုပါဒေသတွင်း လုံခြုံမှု အခြေအနေနှင့် ပတ်သက်၍ လက်ရှိကာလမှာ လုံခြုံစိတ်ချမှု အပြည့်မရှိသေးသော်လည်း ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုလုပ်ငန်းများ စတင်ဆောင်ရွက်လျက် ရှိသဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုပြီးစီး ပါက ဒေသတွင်း လုံခြုံမှု ကောင်းမွန်လာမှာ ဖြစ်ပါတယ်။ မယ်စဲ့ မြို့နယ်ရဲ့ လမ်းပန်းဆက်သွယ်မှု အခြေအနေဟာ ကုန်သွယ်မှုချောမွေ့စွာ ဆောင်ရွက်နိုင်သည့် အဆင့် ရှိ /မရှိ နှင့် ပတ်သက်၍ လွိုင်ကော်၊ ဘော်လ ခဲ ဖာ ဆောင်းလမ်းသည် ကတ္တရာလမ်း ဖြစ်ပြီး (၁၃)တန်အောက် (၁၀)ဘီးယာဥ်အထိ ရာ သီမရွေးသွားလာနိုင်တဲ့ လမ်းကြောင်း ဖြစ်ပါတယ်။ ၎င်း ဖာ ဆောင်းမှတစ်ဆင့် သံလွင်မြစ်အား တန် (၂၀)အောက် တင် ဆောင်နိုင်တဲ့ ဇက်ရေယာဥ်ဖြင့် ဖြတ်ကူးရပါ တယ်။ ဖာ ဆောင်းရဲ့ သံလွင်မြစ်တစ်ဖက်ကမ်းမှ မယ်စဲ့လမ်းဟာ (၁)မိုင်အထိ ကတ္တရာလမ်းဖြစ်ပြီးတော့ ကျန်အပိုင်းဟာ ကျောက်ချောအမာခံလမ်းအပိုင်းဖြစ်ကာ (၁၃)တန်နှင့်အောက် (၁၀)ဘီး ယာဥ်များအထိ သွားလာနိုင်သော လမ်းဖြစ်ကြောင်း တွေ့ရှိရ ပါတယ်။ နှစ်နိုင်ငံ ပို့ကုန်/ သွင်းကုန် အပြန်အလှန်မျှတစွာ ကုန်သွယ်နိုင်သော ပမာဏ ရှိ/မရှိ နှင့် ပတ်သက်၍ လက်တွေ့လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိသေးသော်လည်း နှစ်နိုင်ငံ ပို့ကုန် /သွင်းကုန် မျှတစွာ ကုန်သွယ်နိုင်တဲ့ အလားအလာရှိကြောင်း သိရှိရပါတယ်။ အခြားတိုင်းဒေသကြီး များ/ ပြည်နယ်များနှင့် ချိတ်ဆက်ကုန်သွယ်မှုပြုနိုင်သော အခြေအနေမှာ အဆိုပြုနေရသည့် တစ်ဖက် နိုင်ငံနှင့် ဆက်သွယ်ရေးတွင် အနီးဆုံးနေရာဖြစ်ခြင်း၊ ငြိမ်းချမ်း ရေးဖော်ဆောင်ပြီးလျှင် ချိတ်ဆက် ကုန်သွယ်မှု ကောင်းလာနိုင်ခြင်း၊ လွိုင်ကော်မှ နေပြည်တော် လမ်းကြောင်းမှာ မိုင် (၁၅၀)ခန့်ရှိပြီး ယာဥ်မောင်းချိန် (၆)နာရီခန့်၊ လွိုင်ကော်မှ မိတ္ထီလာလမ်းကြောင်းမှာ မိုင် (၁၇၀)၊ ယာဥ်မောင်းချိန် (၇)နာရီခန့်၊ လွိုင်ကော်မှ တောင်ကြီး လမ်းကြောင်းမှာ မိုင် (၁၄၀)ခန့်ရှိပြီး၊ ယာဥ်မောင်းချိန် (၅)နာရီခန့်ဖြင့် သွားလာနိုင်ကြောင်း သိရပါတယ်။ ဒါကြောင့် မယ်စဲ့၊ ဖာဆောင်း၊ လွိုင်ကော်၊ နေပြည်တော် လမ်းကြောင်းဟာ (၂၅၄)မိုင်ခန့် ရှိကြောင်း သိရပါတယ်။ နှစ်နိုင်ငံ ချစ်ကြည်ရေးရှိခြင်း၊ နယ်စပ်ကုန်သွယ်မှု လုပ်ငန်းများ ပြုနိုင်ရန် ညှိနှိုင်းသဘော တူညီချက်ရရှိပြီးဖြစ်ရန် လိုအပ်ခြင်းနှင့်ပတ်သက်၍ နှစ်ဖက် နယ်ခြားကော်မတီ ဖွဲ့စည်းထားပြီး သားလည်း ဖြစ်ပါတယ်။ ထိုင်းနိုင်ငံဘက်မှလည်း ကုန်သွယ်မှုစခန်းသစ်ဖွင့်လှစ်ရန် လိုလားလျက် ရှိပြီး မကြာခဏလည်း ကမ်းလှမ်းမှုများ ပြုလုပ်လျက်ရှိ ကြောင်း သိရှိရပါတယ်။ နှစ်နို င်ငံ နယ်စပ်ဂိတ်များမှာ ကုန်သွယ် လုပ်ငန်း၊ အကောက်ခွန်လုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ လူ ဝင်/ထွက်

ကြီးကြပ်ရေးလုပ်ငန်းစဉ်များ အပါအဝင် အခြေခံအဆောက်အအုံ လိုအပ်ချက်များ ပြည့်စုံရန် လိုအပ်ခြင်းနှင့် ပတ်သက်၍ လတ်တလော ပြည့်စုံမှု မရှိသေးသော်လည်း အ ဆောက်အဦများ ဆောက်လုပ်ရန် မြေနေရာ အလုံအလောက်ရှိကြောင်း သိရပါတယ်။ ကယားပြည်နယ်ဟာ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် နီးကပ်စွာ တည်ရှိလျက်ရှိပြီး ထိုင်းနိုင်ငံနဲ့ နယ်နိမိတ်ချင်း ဆက်စပ်နေတာကြောင့် နယ်စပ် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကယားပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးဆောင်ရွက်နေသောစခန်းများမှာ တာချီလိတ်၊ မြဝတီ၊ မြိတ်နှင့် ကော့သောင်း စခန်းများဖြစ်ပြီး မြဝတီ ကုန်သွယ်ရေးဇုန်ကို တစ်နှစ်ခွဲကျော်ကြာ ခေတ္တပိတ်ထားခဲ့ရာမှ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် နေ့မှာ နယ်မြေအခြေအနေ ပြန်လည်ကောင်းမွန်လာတဲ့အတွက် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ ကုန်သွယ်ရေးမူဝါဒများကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ရန် ပြည်ပပို့ကုန် တိုးမြှင် ့နိုင်ရေးအတွက် ပြည်တွင်းမှ ထုတ်လုပ်သော ပို့ကု န်ပစ္စည်းအမျိုးမျိုး တိုးမြှင့် တင်ပို့ရန် ပင်လယ်ရေကြောင်း ကုန်သွယ်မှုသာမက နယ်စပ် ကုန်သွယ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်၊ ပို့ကုန်/သွင်းကုန်လုပ်ငန်းများ အဆင်ပြေ ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီရန်ဆိုတဲ့ ကုန်သွယ်ရေးရည်မှန်းချက်(၄)ရပ်၊ ချမှတ်ဆောင်ရွက်လျက် ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကုန်သွယ်မှုတိုးမြှင့်စေရေး၊ ဒေသဖွံ့ဖြိုးရေး၊ တရားမဝင် ကုန်သွယ်မှု လျော့နည်းပပျောက်စေရေးတို့အတွက် ရည်ရွယ်ပြီး နယ်စပ်ကုန်သွယ်ရေးစခန်းအသစ်များကို ဒေသလိုအပ်ချက်များနှင့်အညီ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးလျက် ရှိပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ပဉ္စမ ကာလတို (၅)နှစ်၊ ပြည်ပကုန်သွယ်မှု စီမံကိန်း ရေးဆွဲခဲ့ရာမှာ စုစုပေါင်းကုန်သွယ်မှုပမာဏ လျာထားချက်မှာ ပင်လယ်ရေကြောင်းနဲ့ နယ်စပ်ကုန်သွယ်မှု ပါဝင်မှုအား ပထမနှစ်ဖြစ်တဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ (၈၂ အချိုး ၁၈) လျာထားခဲ့ပြီး နယ်စပ်ကုန်သွယ်မှုကို နှစ်စ ဉ်(၂)ရာခိုင်နှုန်း တိုးမြှင့် ဆောင်ရွက်ရန် လျာထားသတ်မှတ်ခဲ့တဲ့အတွက် နောက်ဆုံးနှစ်ဖြစ်တဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ (၇၄ အချိုး ၂၆) ရောက်ရှိအောင် နယ်စပ်ကုန်သွယ်မှုကို တိုးတက်ဆောင်ရွက်ဖို့ ရည်မှန်းဆောင်ရွက်လျက် ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ချင်းပြည်နယ်၊ ထန်တလန်မြို့မှာ မြန်မာ - အိန္ဒိယ နယ်စပ်ကုန်သွယ်မှု တိုးမြှင့်နိုင်ရေးအတွက် န ယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ အခြား ဝန်ကြီးဌာနများ၊ ချင်းပြည်နယ် အစိုးရအဖွဲ့တို့နှင့် ပေ ါင်းစပ်ညှိနှိုင်းပြီး ကွင်းဆင်း လေ့လာရေး အဖွဲ့များ စေလွှတ်၍ ဆောင်ရွက်ခြင်း၊ အလားတူ ထိုင်းနိုင် ငံနှင့် ကုန်သွယ်မှုမြှင့်တင် ရေးမှာ တနင်္သာရီတိုင်းဒေသကြီး၊ မောတောင်ဒေသတွင် မြေပြင်လေ့လာရေးအဖွဲ့များ ဖွဲ့စည်း စေလွှတ် လေ့လာခြင်းတို့ ပြုလုပ်လျက်ရှိပါတယ်။ ယခု မယ်စဲ့၊ မယ်စဲနန် ဒေသကိုလည်း မိမိ ဝန်ကြီးဌာနမှ အခြား သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ကယားပြည်နယ်အစိုးရနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လေ့လာရေးအဖွဲ့များ စေလွှတ်၍ နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်နိုင်ရေး လိုအပ်ချက် များကို အသေးစိတ်ကွင်းဆင်း ကြည့်ရှုလေ့လာနေပြီ ဖြစ်ပါတယ်။ တစ်ဆက်တည်း ကျွန်တော့် အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဦးစံပြည့် တင်ပြထားတဲ့ နယ်စပ်ဒေသသုံး တစ်နိုင်တစ်ဆွဲ ကုန်သွယ်မှုလုပ်ငန်းများ စနစ်တကျဖြစ်ရေး၊ တစ်ဦးချင်းလွယ်ကူစွာ ကုန်သွယ်နိုင် တဲ့ Individual Trading စနစ်များ စနစ်တကျဖြစ်ပေါ် တိုးတက်ရေးတို့အတွက် မိမိတို့၏ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာအခြားဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရများနဲ့အတူ အမြန်ဆုံး အကောင်အထည်ဖော်နိုင်အော င် ဆောင်ရွက်နေပြီဆိုတာကို အသိပေး ကျွန်တော် တင်ပြလိုပါတယ်။ ဤကဲ့သို့ ဒေသအလိုက် ကွင်းဆင်းလေ့လာရေးအဖွဲ့များရဲ့ တွေ့ရှိချက်များအပေါ် စိစစ်သုံးသပ်ပြီးတော့ ပြည်ထောင်စုအစိုးရ အဖွဲ့သို့ ဆက်လက် တင်ပြ ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ကယားပြည်နယ် မဲဆန္ဒနယ် အမှတ် (၃) အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးဘိုးရယ် ရဲ့ အဆိုကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အဆိုအဖြစ် ထော က်ခံကြောင်း ဆွေးနွေးတင်ပြအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒုတိယဝန်ကြီး တင်ပြတဲ့အထဲမှာ လိုအပ်ချက်အနက်မှာ ငြိမ်းချမ်းရေးပဲ လက်တစ်ကမ်းရှိတော့တာ။ ကျန်တာအားလုံးက ရတယ်ပေါ့နော်။ ရတယ်ဆို ဦးဘိုးရယ် က ဒီအဆိုမှာ ဒေသဖွံ့ဖြိုးတိုးတက် ရေးအတွက် ကယားပြည်နယ်တွင် နယ်စပ်ကုန်သွယ်ရေး စခန်း သစ်တစ်ခုအား ဆိုပြီးတော့မှ ဒေသတွင်းလုံခြုံငြိမ်းချမ်းမှု ရရှိသည်နှင့် တစ်ပြိုင်နက် ဆောလျင်စွာ ဦးစားပေးဖွင့်လှစ်ပေးပါရန် ဆိုရင် ပိုသင့်တော်မယ် ထင်ပါတယ်။ ဦးဘိုးရယ် ပြောပါ။

**ဦးဘိုးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ဟုတ်ကဲ့။ ကျွန်တော့် အနေနဲ့ ကယားပြည်နယ်ရဲ့ KNPP လက်နက်ကိုင်အဖွဲ့အစည်းနဲ့ ကျွန်တော်တို့ ငြိမ်းချမ်းရေး လက်မှတ်ထိုးတဲ့ မနေ့က (၇)ရက်နေ့မှာ လက်မှတ်ရေးထိုး ခဲ့ပြီလို့ အဲဒီလို ကြားသိ ရပါတယ်။ ဒါလည်း ဥ က္ကဋ္ဌကြီးပြောတဲ့ ဖြည့်စွက်ချက် ဟာလည်း လျော်ကန်သင့်မြတ်ပါတယ်။ ကျွန်တော်တို့ လည်း ငြိမ်းချမ်းရေး ယုံကြည်ထားနှင့်ပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ဟာ အမြန်ဆုံး တစ်ခါတည်း တစ်ပြိုင်တည်း အကောင်အထည်ဖော် ပေးနိုင်မယ်လို့ ကျွန်တော့် အနေနဲ့ ယုံကြည်ပါတယ်။ အဲဒါကြောင့် သင့်လျော်ပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့လည်း လက်ခံပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှဦးဘိုးရယ်တင်သွင်းတဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကယားပြည်နယ် တွင် နယ်စပ်ကုန်သွ ယ်ရေး စခန်းသစ်တစ်ခုအား ဒေသတွင်းလုံခြုံငြိမ်းချမ်းမှု ရရှိသည်နှင့် တစ်ပြိုင်နက် ဆောလျင်စွာ ဦးစားပေးဖွင့်လှစ်ပေးပါရန် ပြည်ထောင် စုအစိုးရအား တိုက်တွန်း ကြောင်းအဆိုကို အတည်ပြုရန် သဘောတူ /မတူ လွှတ်တော် ရဲ့ အဆုံးအဖြတ်ရယူပါ မယ်။ ဒီလိုဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို အမျိုး သားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (တ) နည်းဥပဒေခွဲငယ် ၃ အရ မတ်တတ်ရပ်၍ ဆန္ဒပြုတဲ့နည်းလမ်းနဲ့ လွှတ်တော် ရဲ့ ဆန္ဒကို ရယူပါမယ်။ ဒီလိုဆန္ဒရယူရာမှာ သဘောတူတဲ့ လွှတ်တော်ကိုယ်စား လှယ်များ မိမိတို့နေရာ မှာ မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အားလုံးထိုင်နိုင်ပါပြီ။ မတ်တပ် ရပ်ပြတဲ့ လွှတ်တော် ကိုယ်စားလှယ် ဦးရေဟာ (၄၀)ဦးနဲ့အထက်ရှိတဲ့အတွက် ဦးဘိုးရယ် ရဲ့အဆိုကို အတည်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## လယ်ယာစိုက်ပျိုးသီးနှံ ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဆည်ရေများ ထိရောက်စွာ ထုတ်လွှတ် ပေးဝေရယူရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၅း၁၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် က လယ်ယာစိုက်ပျိုးသီးနှံဖွံ့ဖြိုးတိုးတက်မှုရရှိရန်

ဆည်ရေများ ထိရောက်စွာ ထုတ်လွှတ်ပေးဝေ ရယူရေးအတွက်နှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယခု ဦးမျိုးမြင့် အဆို တင်သွင်း နိုင်ပါပြီ။

**အချိန်၊ ၁၅း၁၀။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးဌာန ဒုတိယဝန်ကြီးများနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ အားလုံးမင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ တချို့အသေးစိတ် အချက်အလက်လေးတွေ အစဥ်လိုက်ပါရှိတဲ့အတွက် ဖတ်ကြားခွင့်ပြုပါ ရန်နဲ့ အဝ်ဆြပ်စကားလုံး အချို့ ညှပ်သုံးတာလည်း ခွင့်ပြုပါရန် တစ်ပါတည်း ပန်ကြားအပ်ပါတယ် ခင်ဗျား။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ ရေသွင်းစိုက်ပျိုးတဲ့လုပ်ငန်းများကို အနော်ရထာမင်း လက်ထက်စတင်ခဲ့ပြီး လယ်တွင်းကိုးခရိုင်ဖြစ်တဲ့ ဇော်ဂျီမြစ်နဲ့ ပန်းလောင်မြစ်များပေါ်မှာ ရေလွှဲ ဆည်များတည်ဆောက်ပြီး ရေသွင်းစိုက်ပျိုးရေးစနစ် စတင်လာခဲ့ပါတယ်။ နောက်ပိုင်း အဆက်ဆက် အုပ်စိုးခဲ့တဲ့ခေတ်များမှာ မကွေးတိုင်း ၊ အိုင်းမရေလွှဲဆည်၊ စစ်ကိုင်းတိုင်း၊ ရေဘိုမူးတူးမြောင်း၊ အလောင်းဘုရားတူးမြောင်း ၊ မန္တလေးမှာ ရွှေလောင်း၊ ငွေ လောင်း၊ ရွှေတစ်ချောင်း မြောင်း များ တူးဖော်ခြင်း၊ မိတ္ထီလာကန် ဆယ်ခြင်း စသည်တို့ဖြင့် ရေသွင်းစိုက်ပျိုးရေးလုပ်ငန်းများကို အထင်ကရ လုပ်ကိုင်လာခဲ့ကြပါတယ်။ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီး ၁၈၈၅ ခုနှစ် နောက်ပိုင်း ပဲခူး-စစ်တောင်းတူးမြောင်းနဲ့ ဧရာဝတီ-ပဲခူး ရေဘေးကာကွယ်ရေး တာတမံများ၊ မကွေးတိုင်း မုန်းချောင်း၊ စလင်းချောင်းများပေါ်မှာ မဲဇလီရေလွှဲ ဆည်၊ လင်းဇင်းရေလွှဲ ဆည်၊ ကျောက်ဆည်ခရိုင်၊ ဇော်ဂျီ မြစ်ပေါ်မှာ ငပြောင်၊ သင်းတွဲ၊ မင်းရဲ၊ ဇီးတော ရေလွှဲ ဆည်များ၊ ပန်းလောင်မြစ်ပေါ်မှာ ကင်းတား၊ နတ်လွဲ၊ ငလှိုင်းဇင်၊ ကျီး မဲရေလွှဲဆည်များ၊ ရွှေဘိုခရိုင် မူးမြစ်ပေါ်မှာ ကာဘိုး ရေလွှဲဆည်စသည်တို့ကို အစီအရီ တည်ဆောက်ခဲ့ပြီး၊ ဆန်စပါးသီးနှံကို အဓိကထား ရေသွင်းစိုက်ပျိုးလာခဲ့ပါတယ်။ ဒီနေ့ နိုင်ငံတော်ဟာ မြေဧရိယာဧက ၁၆၂.၄၈ သန်းခန့်ရှိရာ စိုက်ပျိုးရန် ရေပေးနိုင်တဲ့ မြေဧရိယာဟာ

၂၄.၉၀ သန်းခန့်အနက် သီးနှံမြေဧရိယာ ဧက ၃.၇၈ သန်းခန့် ရှိတယ်လို့ သက်ဆိုင်ရာ စာရင်းဇယားများအရ သိရှိရပါတယ်။ ၁၉၈၈-၈၉ ခုနှစ် မှ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ဆည်မြောင်းစီမံကိန်းပေါင်း ၂၃၃ ခုတည်ဆောက်ပြီး ရေသွင်းစိုက်ဧက ၂.၈ သန်းကျော်ကို စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆည်ရေပေးဝေမှုစနစ်(Irrigation Systems )များဖြင့် တိုးတက်ရေပေးဝေလျက် ရှိတယ်လို့လည်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာနိုင် ငံကို အဓိကမြစ်ဝှမ်းကြီး (၈)ခု ဖြစ် ကြတဲ့ ချင်းတွင်း ၊ ဧရာဝတီမြစ် အထက်ပိုင်း ချင်းတွင်းမြစ်နဲ့ ပေါင်းဆုံတဲ့အထိ ဧရာဝတီမြစ် အောက်ပိုင်း ချင်းတွင်းနဲ့ ပေါင်းဆုံပြီးနောက် ပင်လယ်ဝအထိ စစ်တောင်းမြစ်၊ ရခိုင်ပြည်နယ် မြစ်ချောင်းများ၊ တနင်္သာရီတိုင်းမြစ်ချောင်းများ၊ မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းရှိ သံလွင်မြစ်နဲ့ မဲခေါင်မြစ်တို့ရဲ့ စုစုပေါင်း ရေဆင်းဧရိယာဟာ (၂၈၄၈၀၀) စတုရန်းမိုင်မှ နှစ်စဥ်စီးဆင်းလာတဲ့ ရေပမာဏဟာ ဧကပေ (၈၇၆.၇၃)သန်းခန့်ရှိလို့ ရေသယံဇာတ ရေအရင်းအမြစ် ပေါကြွယ်ဝသည့်ဖြစ်ငြား သော်လည်း ရေစီမံခန့်ခွဲမှုကို စနစ်တကျ ဆောင်ရွက်လုပ်ကိုင်သွားရန် လွန်စွာ အရေးကြီးလှ ပါကြောင်း တင်ပြခြင်း ဖြစ်ပါတယ်။ အဆိုပါ ရေ လှောင်တမံ ကြီး /ငယ်များကို ရရှိ စုဆောင်းပြီး အချက်အလက်များဖြင့် ရေလှောင်တမံ (သို့မဟုတ်) ရေလွှဲဆည်ဒီဇိုင်းပုံစံပြုခြင်း၊ ရရှိပေးဝေနိုင်မည့် သိုလှောင်ရေထုထည်ပမာဏ၊ အဆိုပါ ရေလှောင်ပမာဏဟာ မူလစီမံကိန်း အဆိုပြုခဲ့စဥ်က ဒေသနှင့်လိုက်ဖက်မည့် သီးနှံပုံစံတွဲ (Cropping Pattern)သတ်မှတ်ပြီး သီးနှံအတွက် စဥ်းစား 'လ' ရှိတဲ့ သီးနှံရဲ့အငွေ့ပျံ အသက်ရှူ နှုန်း(လက်မ) (Evapotranspiration) ($ET_O$) သီးနှံကြီးထွားမှု ပြကိန်း ($K_c$) အကျိုးပြု မိုးရေချိန် (လက်မ) (Effective Precipitation-$P_e$) မြေယာပြုပြင်မှု လိုအပ်ရေ(လက်မ)(Land Preparation-$L_p$) ရေပို့ဆောင်မှု အကျိုးသက်ရောက်မှုနှုန်းကို (Conveyance Efficiency) လယ်ခြားမြောင်းရေ အကျိုးသက်ရောက်မှု (Water Course/ Field Ditch Efficiency)($E_b$) စိုက်ကွင်းအတွင်း သွင်းရေအကျိုးသက်ရောက်မှုနှုန်း(Field Application Efficiency) ($E_a$) စသည်တို့ကို ထည့်သွင်းစဥ်း စား ပြီးတော့မှ သီးနှံအမျိုးအစားအလိုက် သတ်မှတ်ရေလိုအပ်ချက် (Crop Water Requirement)၊ ရေဆုံးရှုံးမှု (Losses)စသည်တို့ကို တွက်ချက်ပါတယ်လို့ နားလည်ထား ပါတယ်။ ၎င်းရဲ့နောက် သတ်မှတ်စိုက်ပျိုးရာသီအတွက် ရေပေးဝေနိုင်ရန် လုံလောက်မှု ရှိ /မရှိ ကိုပါ စဥ်းစားလျက် ဆည်ရေပေးဝေးနိုင်မည့် မြေဧရိယာ(Irrigable Area)၊ သီးနှံစိုက် ဆည်ရေသောက် ဧရိယာ

(Crop Area)၊ စီးပွားရေးရာအရ တွက်ခြေကိုက်မှု ရှိ /မရှိ၊ အရင်း ကြေမည့်ကာလ စသည်တို့ ပါဝင်တဲ့စီမံကိန်းပြီးမြောက်နိုင်စွမ်းအစီရင်ခံစာကို အခြေခံပြီးတော့ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်တယ်လို့ နားလည်ထားပါတယ်။ သို့သော် ဆည်ရေ များကို ဖြန့်ဖြူးပေးဝေရာမှာ မူလ လျာထားသတ်မှတ်ချက်အတိုင်း အနီးစပ်ဆုံး လိုအပ်ချက် ပြည့်ဝစေရေးအတွက် ကြပ်မတ် ဆောင်ရွက်မှုနဲ့ ဆက်စပ်ပြီး ဆည်ရေသောက် ဧရိယာမှာ နေထိုင်ကြတဲ့ မဲဆန္ဒနယ်မှ တောင်သူ လယ်သမားများရဲ့ တင်ပြချက်များနဲ့ လေ့လာတွေ့ရှိချက်များ ပေါင်းစပ်ပြီးတော့ အပြုသဘောနဲ့ အကျဉ်းချုပ်ကောက်နုတ်သုံးသပ်တင်ပြလို ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာနိုင်ငံရဲ့ လူဦးရေရဲ့ (၇၀)ရာခိုင်နှုန်း ကျော်ဟာ လယ်ယာစိုက်ပျိုးရေးနဲ့ ဆက်စပ်အသက်မွေးဝမ်းကျောင်းပြုကြရလို့ နိုင်ငံတော်မှ ယခင်အစိုးရများ လက်ထက်ကတည်းကပင် စိုက်ပျိုးရေးအောင်မြင်ဖို့ရာမှာ အဓိကကျတဲ့ ဆည်ရေပေးဝေးမှုအတွက် ဘဏ္ဍာရေး၊ ငွေကြေး မြောက်များစွာကျခံပြီး စီမံကိန်းများကို ဆောင်ရွက်ခဲ့ကြတာ အားလုံးသိရှိပြီး ဖြစ်ပါတယ်။ ဆည်ရေပေးဝေမှုစနစ် ပီပီပြင်ပြင်စနစ်တကျ နဲ့ မလုပ်ကိုင်နိုင်၍ လူပုဂ္ဂိုလ်တို့ကြောင့် ရေလေလွင့်ဆုံးရှုံးမှုများ လိုက်နာပြုပြင်သင့်သည်များကို ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများ လက်ရှိသိရှိထားကြပြီးသည်ထက် ပိုမိုသိရှိနိုင်ရေး အခုလို အသေးစိတ် တင်ပြရခြင်းကို ခွင့်ပြုပေးရန်လည်း ပန်ကြားအပ်ပါတယ်။ ရေလျှောင်ကန် အချို့မှာ ရာသီဥတုဖောက်ပြန်၍ မိုးရေချိန်န ည်းပါးလို့ အဆိုပါနှစ်များအတွင်း စီးဝင်ရေမှာ မူလဒီဇိုင်းသတ်မှတ် ကန်ရေပြည့်ရေလှောင်ပမာဏ မရရှိခြင်းနှင့် ရာသီဥတုမှန်၍ မိုးရေချိန် ပြည့်မီ(သို့မဟုတ်) ပြည့်မီလုနီးအခြေအနေပေးမှုအရ မူလဒီဇိုင်းသတ်မှတ် ကန်ရေပြည့် ရေလှောင် ပမာဏနီးပါး (သို့မဟုတ်)ကန်ရေပြည့်ရေလှောင်ပမာဏ ရရှိခြင်းအပြင် ရေလှောင်ကန်အချို့ ရေပိုလွှဲများမှ လျှံကျစီးဆင်းခြင်းစသည့် အခြေအနေအရပ်ရပ်အပေါ် အောက်ပါအတိုင်း သုံးသပ်ယူဆပါကြောင်း တင်ပြလိုပါတယ်။

(၁) ရေလှောင်ကန်များ ကန်ရေပြည့်နီးပါးနဲ့ ကန်ရေပြည့်လျှံစီးကျ(Spilled) အခြေအနေ မျိုးမှာ မူလဒေသနှင့် လိုက်လျော ညီထွေသတ်မှတ်ထားတဲ့ သီးနှံပုံစံတွဲ အတိုင်း စိုက်ပျိုးမှု မရှိခြင်း၊ ဥပမာ -မြောင်း အဖျားပိုင်းနှင့် ရေပေးဝေမှု ဝေး ကွာသော နေရာမျိုးမှာ နွေစ ပါးစိုက်ပျိုးရန် သတ်မှတ်ပြီး၊ ရေပေးဝေမှု လွယ်ကူသော

ဧရိယာမျိုးမှာ ရေမလိုသောကုန်းသီးနှံများ (Upland Crops) စိုက်ပျိုးရန်သတ်မှတ်ပေးခြင်း၊ မိုးကုန်ကာစတွင် မြေကို လှပ်ထားပြီးတော့ ပူပြင်းခြောက်သွေ့သောအချိန်လွန်မှ ရေလိုသီးနှံများစိုက်ပျိုး စေခြင်း။

(၂) ရေလှောင်ကန် ဆည်ရေဝင်မှု နည်းပါးခြင်းကြောင့် ဖြန့်ဖြူးပေး ဝေနိုင်မည့်ရေနှင့် ပြောင်းလဲသတ်မှတ်သီးနှံ ပုံစံတွဲ(Revised Cropping Pattern)အပေါ် ဒေသအဖွဲ့အစည်းများရဲ့ ဆောင်ရွက်မှုကို မှတ်ချက်မပြုလိုသော်လည်း ဆည်ရေပေးဝေခြင်းသို့မဟုတ်ထိရောက်အကျိုးရှိမည့်မြောင်းအလိုက်ဆက်တစ်စပ်တည်း ဆည်ရေစနစ်ခွဲထုတ်၍ ဆည်ရေပေးဝေမှု မကျင့်သုံးနိုင်ခြင်း။

(၃) ဆည်မြောင်းဦးစီးဌာနမှ နှစ်စဉ်သီးနှံရာသီအလိုက် ထုတ်ပြန်ရမည့် ဆည်ရေပေးဝေမည့် ရေလှည့်အချိန်ဇယားကို စနစ်တကျပြုစုထုတ်ပြန်မှုမရှိ၍ မည်သည့်နေ့ရက်၊ မည်သည့် အချိန်ခန့်တို့တွင် မိမိတို့၏လယ်မြေများကို ရေရောက်ရှိည်ကို တောင်သူလယ်သမားများက မသိရှိကြခြင်းနှင့် သိ ရှိရန်လည်း မကြိုးစားခြင်း လိုအပ်က ညအိပ်စောင့်၍ ဆည်ရေရယူလျက် မိမိရေအလှည့် မနစ်နာစေရေး၊ တောင်သူများလိုက်နနိုင်ရန် ပညာပေးမှု လိုအပ်ခြင်းဥပမာ ည(၆)နာရီမှ နံနက်(၆) နာရီအတွင်း တစ်စက္ကန့် (၅၀)ကုဗပေနှင့် ထုတ်လွှတ်သော ဆည်ရေကိုစောင့်ယူခြင်း မရှိပါက ရေလွှတ်တူးမြောင်းမှရေ (၅၀)ဧကပေ ဆုံးရှုံးမည် ဖြစ်ပါတယ်။

(၄) သတ်မှတ်လယ်မြေများ အပိုင်းလိုက်ဆည်ရေပေးဝေ ရန် လျာထားကာလအတွင်း ရေပေးဝေခြင်း လက် ခံရရှိခြင်းတို့ကို တိကျစွာလိုက်နာ ရန်နှင့် မလို အပ်ပဲ ရေပေးဝေချိန်ကို ဆန့်ထုတ် လိုက်လျော ခြင်းကြောင့် ရေလေလွင့် ဆုံးရှုံး မှုကို ထိန်းသိမ်းရန်လိုအပ်ခြင်း။

(၅) ဆည်ရေပေးဝေကာလ (Irrigation Supply Period ) တစ်လျောက် ဌာနမှ တာဝန်ရှိဝန်ထမ်းများက ရေပေးဝေမှု အဟန့်အတား ဥပမာ-ကျိုးပေါက် ပျက်စီးခြင်း စသည်များကို ကျော်လွှားနိုင်ရန် တောင်သူလယ်သမား များနှင့် ပူးပေါင်းထိတွေ့ဆက်ဆံနေရန် လိုအပ်ခြင်း။

(၆) ထိန်းသိမ်းထားသော ဆည်ရေပေးတူးမြောင်းများအားလုံးနီးပါးဟာ မြေသား မြောင်းများ (Earthen Canals) ဖြစ်ကြပြီး သက်တမ်းအရ ယိုယွင်း တူးမြောင်းများ (Aged and Ageing Canals ) ဖြစ်နေသည့် အခြေအနေများကြောင့်

(က) ဆည်ရေပေးဆောင်မှု သွက်လက်အကျိုးသက်ရောက်နှုန်း (Conveyance Efficiency)တွင် ရေသောက်ဧရိယာဧက အနည်းအများအရ လည်းကောင်း အဆက်မပြတ်(သို့မဟုတ်) အလှည့်ကျ ရေသွင်း တူးမြောင်း စနစ်အရ လည်းကောင်း၊ ပျမ်းမျှ(၆၀) ရာခိုင်နှုန်းမှ(၇၀)ရာခိုင်နှုန်းရရှိရန် လိုအပ်ခြင်း။

(ခ) လယ်ကြားမြောင်း သွက်လက်အကျိုးသက်ရောက်နှုန်း (Water Course Field Ditch Efficiency) မြေသားမြောင်း(သို့မဟုတ်) အုတ်၊ ကွန်ကရစ်မြောင်း တစ်ခုချင်း တာဝန်ယူရသော မြေဧရိယာအရ ပျမ်းမျှ (၇၀)ရာခိုင်နှုန်းမှ (၈၀)ရာခိုင်နှုန်းအထိ ရရှိရန်လိုအပ်ခြင်း။

(ဂ) စိုက်ကွင်းအတွင်း သွင်းရေ သွက်လက်အကျိုးသက်ရောက်မှုနှုန်း (Field Application Efficiency ) ဟာ ရေဘုယျ အားဖြင့် ရေသွင်းစိုက်ပျိုးရေး စနစ် (၆)မျိုး ရေစုပ်စက်မပါမှာ ပျမ်းမျှ (၆၀)ရာခိုင်နှုန်းမှ (၆၅) ရာခိုင်နှုန်း အတွင်းရရှိရန် လိုအပ်ခြင်းတို့ကို သိရှိနားလည်စီမံဆောင်ရွက် သွားသင့်ပြီး လက်ရှိအခြေအနေများမှာ အ ပိုဒ်ခွဲ(က)(ခ)(ဂ) တို့ပါ ရာ နှုန်းများရဲ့ (၄၀) ရာခိုင်နှုန်း မှ(၅၀)ရာခိုင်နှုန်းထိ ကျဆင်းနေမှုကို ကုစားရန် လိုအပ်ခြင်း။

(၇) မြေသားတူးမြောင်းများတွင် ဆည်ရေထုတ်လွှတ် ပေးဝေရာတွင် မသမာ မှုများကြောင့် ရေ လေလွင့်ဆုံးရှုံးမှုနှင့် ထိန်းသိမ်းရေး ရန်ပုံငွေ လုံလောက်စွာ မရရှိ၍ ပီပြင်စွာကြီးကြပ်ထိန်းသိမ်းလာမှု အားနည်းခြင်း၊ တူးမြောင်းဒီဇိုင်း ပုံစံတကျ ထိန်းသိမ်းမှုမရှိခြင်းကြောင့် ရေစီးနှုန်းအလျင် (Flow Velocity ) လျော့ကျ၍ ရေပေးချိန်ကြာညောင်းလာခြင်း တူးမြော င်းကြမ်းပြင်(Canal Bed )မြင့်တက်လာမှု၊ တူးမြောင်းဘောင်များ (Canal Banks)ပေါ်တွင် ဆိတ်၊ ကျွဲ ၊ နွားများ တက်ရောက်ထိန်းကျောင်းခြင်းကြောင့် တူးမြောင်းများ ပျက်စီးခြင်း၊ မြောင်းအတွင်း မြက်ရိုင်းပင်များ၊ ဗေဒါပင်များ ပေါက်ရောက်ရှင်သန်နေမှုတို့ကို ဖယ်ရှားမှုမရှိခြင်း

နှစ်စဉ်ပုံမှန် ထိန်းသိမ်းမှု အားနည်း၍ တူးမြောင်းတာဘောင်များမှာ မူလဒီဇိုင်း နိမ့်မြင့် မှတ် (Crest Level ) အောက် နိမ့်ဆင်းကျွံကျခြင်း၊ သတ်မှတ်ရက်ထက် ရေပေးဝေရန် ပိုမိုခြင်းကြောင့် ပြင်ဆင်ထိန်းသိမ်းချိန် မရယူနိုင်ခြင်း၊ ရေထုထည် စီးနှုန်း မှန်ကန်မှုမရှိသည့်အတွက် ရေလေလွင့် ဆုံးရှုံးမှု (၅၀)ရာခိုင်နှုန်းဝန်းကျင် အထိ ရှိနေသည်ကို လေ့လာခန့်မှန်းတွေ့ရှိရ၍ ကြီးကြပ်ပြုပြင် ထိန်းသိမ်းမှုတွင် အလေးပေး ဆောင်ရွက်သင့်ခြင်း။

(၈) မူလက ကုန်ကျစရိတ် သက်သာစေရန် ဒီဇိုင်းပုံစံဖြင့် လျာထား ဆည်ရေသောက် ၏ မြေအမျိုးအစား အမျိုးမျိုးပေါ်မှာ မြေသားတူးမြောင်းများ တည်ဆောက်ခဲ့ ကြသော်လည်းပဲ ယနေ့ဖြစ်ပေါ်တိုးတက်နေမှုများနှင့် ယှဉ်ပြီးတော့ ရေလေလွင့် ဆုံးရှုံးမှု နည်းပါးစေရေး၊ ရေစီးနှုန်းမြင့်တက်လာစေရေး၊ ရေရှည်ပြင်ဆင် ထိန်းသိမ်း စရိတ် ကျဆင်း သက်သာစေရေး စသည်တို့အတွက် အုတ်ပန်းရံ၊ ကျောက်ပန်းရံ၊ ကွန်ကရစ် အသုံးပြုတူးမြောင်း များ(Lined Canals )များကို ဆည်ရေသောက်စနစ်အလိုက် နှစ်တိုနှစ်ရှည် အစီအမံများ ချမှတ်ပြီး အဆင့် အလိုက် လုပ်ဆောင်သွားသင့်ပြီဖြစ်ခြင်း။

(၉) ဆည်မြောင်းဝန်ထမ်းများ သည် ဆည်ရေပေးဝေရာတွင် ဌာနဆိုင်ရာ ညွှန်ကြားချက်များနှင့် တူး မြောင်းဥပဒေပါ ပြဋ္ဌာန်းချက်များ အတိုင်း မြောင်း အဖျားပိုင်း ဦးစားပေး ခြင်း၊ မြောင်းအလိုက် ရေလှည့်စ နစ် ကျင့်သုံးခြင်း၊ မြောင်းခေါင်းများ ဆည်မြောင်းစောင့်ခေါင်းဆောင်ခန့်ထား တာဝန်ပေးခြင်းတို့ ဆောင်ရွ က်လုပ်ကိုင်မှု မရှိခြင်းကြောင့် ရေသောက်စ နစ် အရည်အသွေး၊ အဆင့်အတန်းကျဆင်းနေခြင်း။

(၁၀) ဆည်မြောင်းဥပဒေကို ဖောက်ဖျက်ကျူးလွန်သည့် လုပ်ရပ်များဖြစ်သော တူးမြောင်းများ၊ ရေနုတ်မြောင်းများအား ဖျက်ဆီးခြင်း၊ ပိတ်ဆို့ခြင်း၊ ချဲ့ထွင်ခြင်း တို့အပေါ် ထိရောက်စွာ အပြစ်ပေးအရေးယူဆောင်ရွက်မှု မရှိခြင်း။

(၁၁) တူးမြောင်းများမှ အထွက်ရေထုတ်ပြွန်များ(Outlets)မှာ မူလ ဒီဇိုင်းသတ်မှတ်ချက် ကို မလိုက်နာဘဲ ချဲ့ထွင် ခြင်း၊ အရွယ်အစားကြီး၍ ပြောင်းလဲ တပ်ဆင်ခြင်း၊

တောင်သူများက မိမိဆန္ဒအရ အရေအတွက် တိုးချဲ့တပ်ဆင်ခြင်း၊ သတ်မှတ်ဒီဇိုင်း ရေပေးနိမ့်မြင့်မှတ်(Design Sill Level/Elevation)ပြင်ဆင် ပြောင်းရွှေ့တပ်ဆင် ခြင်း၊ ဆည်မြောင်းရုံးများတွင် စနစ်တကျထိန်းသိမ်းထားရှိရမည့် လယ်ကြားမြောင်း ရေပေးပြွန်စာရင်းမှတ်ပုံတင်(B 113 Register) ပါ အရေအတွက်နှင့် ကွာခြားချက် စစ်ဆေးမှု မရှိခြင်း၊ တွေ့ရှိပါကလည်း တာဝန်ရှိသူများက မသမာသော နည်းဖြင့် မသိကျိုးကျွန်ပြုနေခြင်းတို့အပေါ် စနစ်တကျရှိစေရေး လိုက်နာဆောင်ရွက်ရန် လိုအပ်ခြင်း။

(၁၂)တူးမြောင်းဥပဒေအရ လယ်ကြားမြောင်းများကို တောင်သူလယ်သမားများက တူးဖော်ပေးရန် တာဝန်ရှိရာ လိုက် နာခြင်းမရှိဘဲ ဆည်ရေကို ခွက်ဆင့် သောက် ခွင့်ပြုထားခြင်းကြောင့် ရေပေးဝေချိန်ကြာမြင့်ခြင်းနှင့် ရေလေလွင့် ဆုံးရှုံးမှုများ များပြားခြင်း။

(၁၃)ရေနုတ်မြောင်းများ (Drainages) ပြင်ဆင်ထိန်းသိမ်းမှုမရှိဘဲ တိမ်ကောပျက်စီး မှုကြောင့် ရေကောင်းစွာ မထုတ်နိုင်သဖြင့် လယ်မြေများရေကြီး၊ ရေလျှံ ဖြစ်ပေါ် ပါက သဲနုန်းများပို့ချခံရ၍ မူလရေပေးဝေမှုစနစ်ကို ထိခိုက်စေခြင်း၊ မူလက ရေပေးတူးမြောင်းများမှ ရေအဆင်ပြေလွယ်ကူစွာ ပေးနိုင်သော်လည်း အဆိုပါ သဲနုန်းပို့ချပြီးနောက် လယ်ယာမြေများ မြင့်တက်လာမှု ကာမိစေရန် လက်တန် မြောင်း/လယ်ကြားမြောင်းများကို ပင်းတား၍ ရေကို မြှင့်တင်ပေးဝေရယူနေခြင်း တို့ကြောင့် ရေပေးဝေမှုစနစ်ထိခိုက်ခြင်း။

(၁၄)ရေလှောင်တမံများတွင် သိုလှောင်ထားရှိရေများ စိုက်ပျိုးရာသီအတွင်း ထုတ်လွှတ် ပေးဝေခြင်းကို ရေထုတ်ပြွန်၏ အောက်ခြေရေပြေးနိမ့်မြင့်မှတ်အထိ အကုန်အစင် ထုတ်ယူသုံးစွဲခြင်းကြောင့် နောက်နှစ်အတွက် ရေလက်ကျန်(Carry- Over Storage) မကျန်ရှိတော့သဖြင့် တမံအောက်ခြေပိုင်း ကိုယ်ထည်(Lower Part of Dam Body) စိုထိုင်းဆ (Moisture Content ) ထိန်းသိမ်းထားနိုင်မှု မရှိခြင်း၊ မိုးဦးသီးနှံ စိုက်ပျိုးထောင်ရေ၊ စိုက်ပျိုးရေးအတွက် မိုးကို စောင့် ရသဖြင့် သီးနှံစိုက်ပျိုးချိန်/ ရိတ်သိမ်းချိန် နောက်ကျခြင်းစသည့် နစ်နာဆုံးရှုံးမှုကို ထည့်သွင်းစဥ်းစားသင့်ခြင်း။

(၁၅)ဆည်ရေသောက်ဧရိယာအတွင်း ရေကြီးရေလျှံမှု၊ ဆည်ရေပေးဝေခြင်း လွန်ကဲမှု တို့ကြောင့် ရေလေလွင့်ဆုံးရှုံးခြင်း၊ စမ်းပေါက်မှု (Water Logging) ဖြစ်ပေါ် လာခြင်း၊ ယင်းနှင့်ဆက်စပ်လျက် လယ်ယာမြေများ အငံဓာတ် (Salinity) မြင့်တက် လာခြင်းစသည့်ဆိုးကျိုးများ မပေါ်ပေါက်စေရန် စီမံဆောင်ရွက်သင့်ခြင်း။

(၁၆)ရှေးခေတ် (သို့မဟုတ်) ရှေ့ပိုင်းတွင် ပြီးစီးခဲ့သော ရေသောက်စနစ် အချို့တွင်သာ ရေပေးရေယူစနစ် တူးမြောင်းဝန်ထမ်းများ၊ ဆည်အခွ န်ဝန်ထမ်းများ (Canal Inspectors / Asst, Canal Inspectors/ Revenue Staff ) ရှိကြသည်ဟု နားလည်ထားသော်လည်း နောက်ပိုင်းဆည်ရေသောက်စနစ်အားလုံးနီးပါးလောက်တွင် အကြောင်းအမျိုးမျိုးကြောင့် အဆိုပါဝန်ထမ်းများ ဖြည့်စွက်ခန့်ထားမှု မရှိကြ၍ ဟာကွက်များ ဖြစ်ပေါ်နေသည်ဟု ယူဆခြင်း။

(၁၇)ဆည်ရေသောက်စနစ်အတွင်း တူးမြောင်း မကြီးနှင့် လက်တန်တူးမြော င်းများ၏ မြောင်းဘောင်များတွင် ကြီးကြပ်သူများရာသီမရွေး ယာဉ်ကြီး၊ ယာဉ်ငယ်များ မောင်းနှင်သွားလာစစ်ဆေးနိုင်သည့်လမ်းများ (Inspection Paths) ကွဲ၊ နွားလှည်း လမ်းများ (Service Roads ) ပီပြင်စွာ မရှိခြင်း နွားလှည်းများ မြောင်းဘောင် ပေါ်တက်ရောက်မောင်းနှင်ခြင်း တားဆီးရန်နှင့် ရှိပြီး စနစ်တကျ တည်ဆောက်ခဲ့ ကြသော လမ်းများအား ပုံမှန်ထိန်းသိမ်းရန် လိုအပ်ခြင်း။

(၁၈)ရေလှောင်တမံကြီးများ၊ ရေလွှဲဆည်ကြီးများ အရေအတွက်များပြားစွာ မည်သို့ပင် တည်ဆောက်သည်ပင်ဖြစ်စေ ဆည်ရေထုတ်လွှတ် ဖြန့်ဖြူးပေးဝေရာမှာ ပီပြင်၍ စနစ်ကျသော ရေစီမံခန့်ခွဲမှု(Proper and Systematic Water Management) လုပ်ဆောင်ရမည့် ကိစ္စအဝဝ ကို တာဝန်ရှိအရာထမ်းအဆင့်ဆင့်မှ တူးမြောင်း အားလုံး အား အရင်းမှ အဖျားအထိ (Head to Tail )အခါအားလျော်စွာ စစ်ဆေးခြင်း၊ ချို့ယွင်းမှုများတွေ့ရှိပါက အချိန်မီပြုပြင်ထိန်းသိမ်းခြင်း သတ်မှတ် ရေထုစီးနှုန်းအတွက် ရေသယ်ပို့ အကျိုးသက်ရောက်မှုနှုန်း တို့ လုပ်ဆောင်နိုင်မှ သာလျှင် နောက်ဆုံးပန်းတိုင် ရေအသုံးပြုသူ တောင်သူလယ်သ မားများ(Eed Users) အနေဖြင့် လယ်ယာအကျိုးအမှန် ခံစားနိုင်မည်ဖြစ်ခြင်း။

(၁၉)၁၉၇၈-၇၉ ခုနှစ်ဝန်းကျင်၌ အာရှဖွံ့ဖြိုးရေး ဘဏ်ချေးငွေဖြင့်၊ မန္တလေးတိုင်းဒေသကြီး ဆည်တော်ကြီး စီမံကိန်းအောက်တွင် မြနန္ဒာ(အောင်ပင်လယ်) ခေတ်မီရေသောက်စနစ်အဖြစ် လယ်မြေဧက (၁၀၀၀)ခန့်အား Land Consolidation စနစ်ချမှတ်လျက် မြေယာပြုပြင်ပြီး ဧကကွက်များဖော်၍ ရေနုတ်မြောင်းစနစ် သွက်လက်စွာ ရေပေးနိုင်သည့် တူးမြောင်းစနစ်၊ လယ်ယာကုန်ထုတ်လမ်းများ ထည့်သွင်း ခဲ့ပါတယ်။ ၁၉၈၇-၈၈ ခုနှစ် ဝန်းကျင်၌ ဂျပန်နိုင်ငံ OECF အထောက်အပံ့ဖြင့် ပဲခူးတိုင်း ဒေသကြီး၊ ပြည်ခရိုင် ဝက်ပုတ်ကျေးရွာအနီး တောင်နဝင်း ရှေ့ပြေးစီမံကိန်း (Pilot Project)ကို အလားတူ ဆောင်ရွက်ခဲ့ခြင်း ရှိပါတယ်။ နောက်ပိုင်း မထိန်းသိမ်းနိုင်ဘဲ ပျက်သုန်းခဲ့ပါတယ်။ သို့သော်ငြားလည်း ဆည်ရေသောက်ဧရိယာများတွင် ပြန်လည်ဆောင်ရွက်သင့်ပြီ ဖြစ်သည်ကို တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေဖြင့် ကျွ န်တော်ရဲ့ မဲဆန္ဒနယ်များအတွင်းရှိ ဆည်မြောင်းစီမံကိန်း (၃)ခုကို လက်တွေ့လေ့လာမှု စီမံကိန်းများ (Candidate Projects under Case Study)အဖြစ် အကျဉ်းချုပ်ဖော်ပြလျက် တင်ပြဆွေးနွေး ခွင့်ပြုပါရ န် ပန်ကြားအပ် ပါတယ် ခင်ဗျား ။ တောင်သာမြို့နယ်အတွင်းရှိ ဆင်တဲ၀ (သမက္ကူ) ရေလှောင်တမံ ၁၉၉၅-၉၆ ခုနှစ်မှာ တည်ဆောက်ပြီးစီးခဲ့လို့ (၁၅)နှစ်ခန့် သက်တမ်းရှိပြီ ဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ်မတိုင်မီ (၁၀)နှစ်အတွင်း ပျမ်းမျှစီးဝင်ရေ (၉၉၇၃)ဧကပေရှိလို့ ရေဝင်အား (၈၃) ရာခိုင်နှုန်း ပျမ်းမျှရှိနေပါတယ်။ မူလရေသောက်ဧရိယာ (၃၈၀၀)ဧက သတ်မှတ်ခဲ့ပါတယ်။ ဒီနောက်ဒီဇိုင်းပြောင်းလဲချက်အရ သဲပုတ်မချောင်းမရောက်မီ ရေသောက်ဧရိယာ (၅၀၀)ဧက တိုးချဲ့သတ်မှတ်ခဲ့ ပါတယ်။ စုစုပေါင်းရေသောက်ဧရိယာ (၄၃၀၀)ဧက ဖြစ်ခဲ့ပါတယ်။ လွန်ခဲ့သော (၁၀)နှစ်အတွင်း မိုးစပါး၊ နွေစပါး ပျမ်းမျှစိုက်ဧက (၁၀၀၀)အတွက် ပျိုးထောင်သည်မှ ရင့်မှည့်၊ ဘောင်ခတ် ရေထုတ်ခြင်း အဆင့်ဆင့်အထိ ဆည်ရေ (၄၂၇၂)ဧကပေ သတ်မှတ်သော်လည်းပဲ လက်တွေ့ (၉၄၀၅)ပေ သုံးစွဲခဲ့ပါတယ်။ ဆည်ရေ လေလွင့်ဆုံးရှုံးမှု ပမာဏဟာ (၄၈၈၃)ဧကပေ ရှိလို့ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေရဲ့ (၄၉)ရာခိုင်နှုန်းခန့် ရှိမည် ခန့်မှန်းပါတယ်။ အကယ်၍ ရေပေးတူးမြောင်းများအား ပုံမှန် ထိရောက်စွာ ထိန်းသိမ်းလာခြင်းနှင့်အတူ ရေစီမံခန့်ခွဲမှု ထိုက်သင့်သလောက် ကောင်းမွန်ပါက အဆိုပါ လေလွင့်ဆုံးရှုံးရေဖြင့် ကုန်းသီးနှံ

ဥပမာ - နှမ်း၊ နေကြာ၊ ကုလားပဲ၊ ဝါ၊ ပဲတီစိမ်း စသည့် စိုက်ဧရိယာ (၁၅၀၀၀)မှ (၁၆၀၀၀)ဧကခန့်ထိ ရေပေးဝေနိုင်မှာဖြစ်လို့ ဒေသခံတောင်သူများ လယ်ယာစီးပွားဖွံ့ဖြိုးတိုးတက်နိုင်မည်ဟု သုံးသပ်လိုပါတယ်။ နောက်တစ်ဆည် တောင်သာမြို့နယ်၊ ဝဲလောင် ရေလှောင်တမံ ၁၉၉၈-၉၉ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့လို့ (၁၂)နှစ်ခန့် သက်တမ်းရှိပြီး ဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ် မတိုင်မီ(၁၀)နှစ်အတွင်း ပျမ်းမျှ စီးဝင်ရေ (၂၀၀၆၅)ဧကပေ၊ (၁၃၄)ရာခိုင်နှုန်း ရေဝင်ကောင်းခဲ့ ပါတယ်။ မူလဆည်ရေသောက် ဧရိယာ(၁၅၀၀၀)ဧကသာရှိပါတယ်။ လွန်ခဲ့သော (၁၀)နှစ်အတွင်း မိုးစပါး၊ နွေစပါး ပျမ်းမျှစိုက်ဧက (၁၀၀၄)ဧကခန့်အတွက် ဆည်ရေသုံးစွဲဖို့ (၄၉၄၀)ဧကပေ ဖြစ်သော်လည်းပဲ (၉၈၈၀)ဧကပေ သုံးစွဲခဲ့လို့ အသားတင်ဆည်ရေ လေလွင့်ဆုံးရှုံးမှု ပမာဏဟာ (၇၁၇၈)ဧကပေ ရှိခဲ့ပါတယ်။ ကန်ရေပြည့်ရေလှောင်ပမာဏရဲ့ (၃၆)ရာခိုင်နှုန်း လေလွင့်ဆုံးရှုံးမှုရှိကြောင်း တွေ့ရှိရပါတယ်။ ဝဲလောင်ရေလှောင်ကန်ဟာ နှစ်စဉ်လိုပင် ကန်ရေပြည့်နီးပါး စီးဝင်သော ဆည်ဖြစ်လို့ လက်ရှိသတ်မှတ် စိုက်ပျိုးရေ (၄၉၄၀)ဧကပေကို လောက်ငစေရန် စနစ်တကျ ကြီးကြပ်သုံးစွဲဖို့ လိုပါတယ်။ ပိုလျှံဆည်ရေများကို မိုးရာသီမ ကျရောက်မီ နည်းမျိုးစုံဖြင့် လွှတ်ထုတ်ခဲ့ရတဲ့အတွက်လေလွင့်ဆုံးရှုံးမှုရေဟာ အသားတင်ပျမ်းမျှီးဝင်ရေရဲ့ (၇၀)ရာခိုင်နှုန်းခန့် ရှိပါတယ် ။ ဤသို့ဖြစ်နေမှု အသုံးချ၍ သဲပုတ်မချောင်းရဲ့ ဝဲဘက်ကမ်း ဆင်တဲ၀ (သမက္ကူ) ဆည်ရေသောက်စနစ် ရေကူးခြင်းနှင့် တိုးချဲ့ ဆည်ရေသောက်စနစ်ကို စဥ်းစားနိုင်ပါက ထိရောက်အကျိုးရှိမယ်လို့ သုံးသပ်တင်ပြလိုပါတယ်။

တတိယစီမံကိန်း ကျောက်ပန်းတောင်း မြို့နယ်အတွင်း ကြက်မောက်တောင် ရေလှောင်တမံပါ။ ၁၉၆၆-၁၉၆၇ ခုနှစ်မှာ တည်ဆောက်ပြီးစီးခဲ့လို့ (၄၅)နှစ်ခန့် သက်တမ်းရှိပြီဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ်ကာလမတိုင်မီ(၁၀)နှစ်အတွင်း ပျမ်းမျှစီးဝင်ရေ (၃၉၇၈၀)ဧကပေရှိလို့ ကန်ရေပြည့် ရေလှောင်ပမာဏရဲ့ (၅၄)ရာခိုင်နှုန်း ရှိပါတယ်။ ဆည်ရေသောက်မြေ ဧရိယာမှာ ဝဲဘက်စနစ်မှာ(၉၀၀၀)ကျော် ယာဘက်စနစ်မှ (၂၀၀၀၀)ကျော် စုစုပေါင်း (၃၀၀၀၀) နီးပါးဧကခန့် ရှိပါတယ်။ တစ်နှစ်လျှင်ပျမ်းမျှမိုးရေချိန် (၃၂)လက်မ ခန့်ရှိပါတယ်။ ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ခုနှစ်မှာ ရာနှုန်းပြည့်နီးပါး ဆည်ရေဝင်ရောက်ခဲ့ကြောင်း လေ့လာတွေ့ရှိ ခဲ့ပါတယ်။ ကြက်မောက်တောင်ဆည်မှာ လွန်ခဲ့တဲ့ (၁၀)နှစ်အတွင်း ပျမ်းမျှစိုက်ဧက နွေစပါး၊ မိုးစပါး၊ မိုးကြိုနှမ်းစုစုပေါင်း(၈၈၁၂)ဧကအတွက် ဆည်ရေကို (၂၃၄၆၈)ဧကပေသာ သုံးစွဲရမှာဖြစ်ပါတယ်။

သက်ဆိုင်ရာမှ ဆည်ရေသုံးစွဲ ခွင့် သတ်မှတ်ချက်များအရ (၄၄) ရာခိုင်နှုန်းခန့် ဆုံးရှုံးခဲ့သည်ကို တွေ့ရှိရပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကြက်မောက်တောင်ဆည် ရေသောက်ဧရိယာအတွင်းရှိ ကျေးရွာများမှာ စိုက်ပျိုးရေရှားပါးတဲ့အပြင် လူ၊ တိရစ္ဆာန်များအတွက်ပါ သောက်သုံးရေရှားပါးပြီး လူမှုရေး၊ စီးပွားရေး ရပ်တည်မှုအတွက် ရုန်းကန်နေကြရတာကို တွေ့ရှိရပါတယ်။ ကြက်မောက် တောင်ဆည်ဟာ မူလရေ ဆင်းဧရိယာမှာ ရေဝင်ရောက်မှု မလုံလောက်တဲ့အတွက် နိုင်ငံတော်မှ ကျောက်တံခါး ရေကူးရေလှောင်တမံ၊ တောင်ရေ ရေလှောင်တမံစီမံကိန်းများ ချမှတ်ပြီးတော့ ကြက်မောက်တောင်ဆည်အတွင်းကို နှစ်စဥ် စုစုပေါင်း (၄၄၅၆၀)ဧကပေ ရေကူပေးသွင်းတဲ့ စီမံကိန်းများ ဖြစ်ပါတယ်။ ဒါကြောင့် ဝင်ရောက် သမျှ စီးဝင်ရေကို စနစ်တကျ ရေစီမံကွပ်ကဲမှု ပြုလုပ်ပါက နှစ်ကာလကြာသည်နှင့်အမျှ လက်ဝဲတူးမြောင်းရေသောက်စနစ် အဖျားပိုင်း၊ လက်ယာတူးမြောင်းလက်တန် (၃)၏ ရေသောက် စနစ် စီမံကိန်းပြီးစီးသည့်မှ ယနေ့အထိ ရေမရရှိမှုတို့အပေါ် အလေး ပေးဆောင်ရွက် သင့်ပါ တယ်။ မိုးလေဝသ ဖောက်ပြန်မှုကြောင့် ဆည်ရေဝင်ရောက်မှု အလွန်နည်းခဲ့တဲ့ နှစ်များကို အထူးမှတ်ချက်မပြုလိုဘဲ ရာသီဥတု အခြေအနေပေးသည့် နှစ်များမှာ ကန်ရေပြည့်ပမာဏရဲ့ (၆၀)ရာခိုင်နှုန်းရှိတဲ့ ဆည်ရေဝင်ရောက်တဲ့နှစ်များမှာ လက်ယာတူးမြောင်းစနစ် ဆည်ရေသောက် ဧရိယာ(၁၀၀၀၀)ခန့် ဆည်ရေ လုံးဝ မရရှိပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆည်ရေပေးဝေရာမှာ မြို့နယ် စိုက်ပျိုးကြီးကြပ်မှု တာဝန်ရှိသူများရဲ့ ရေသုံးစွဲ မှုစံနှုန်းများ ပိုမိုသတ်မှတ် ထားရှိခြင်း အပါအဝင် ဆည်ရေလေလွင့် ဆုံးရှုံးမှု လွန်စွာများပြားခြင်းတို့မှာ ထိန်းသိမ်းရေးလုပ်ငန်းများဟာ စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများနှင့် တန်းတူအဆင့် ထားရှိ ဆောင်ရွက်သွားရန် လိုပါတယ်။ ဆည်ရေသောက် အဖျားပို င်း တောင်သူများဟာ (၄၅)နှစ်ကျော်ကြာ ဆည်ရေခံစားခွင့် လုံးဝ မရရှိကြပါ။

ဒါကြောင့် နိဂုံးချုပ်အနေနဲ့ (၁)ဆည်မြောင်းထိန်းသိမ်းရေးလုပ်ငန်းများ ဦးစားပေး ဆောင်ရွက်ရန်နှင့် သက် တမ်းအရ ယိုယွင်းတူး မြောင်းများ လုံလောက်သည့် ရန်ပုံငွေ ခွဲဝေ ချထားပြီး ကျွမ်းကျင်ဝန်ထမ်းများ ၊ စက်ယန္တရားယာဥ်များ ပါဝင်အသုံးချမှုနဲ့ အတူ ဆောင်ရွက် လုပ်ကိုင်သွားခြင်း။ (၂) နှစ်စဥ် စီးဝင်ရေပိုလျှံနေသော ရေလှောင်ကန်မှ ဝေးကွာမှု မရှိသော

ရေဝင်နည်းသည့် ဆက်စပ်ရေလှောင်ကန်သို့ လွှဲပြောင်း ဖြည့်တင်းပေးခြင်း သို့မဟုတ် ရေပိုရေသောက်စနစ်တစ်ခုမှ ရေလို ရေသောက်စနစ် တစ်ခုသို့ သယ်ပို့စနစ် တူးမြောင်း အဆောက်အဦတစ်ခုဖြင့် ကူးပြောင်းပေးခြင်း၊ (၃) တူးမြောင်းများအား ကာလတို ၊ ကာလရှည် စီမံကိန်းချမှတ်လျက် အဆင့်အလိုက် အုတ်ပန်းရံ ၊ ကျောက်ပန်းရံ ကွန်ကရစ် တူးမြောင်းများ အဖြစ် ပြောင်းလဲဆောင်ရွက်သွားခြင်း၊ (၄) ရေလှောင်ကန်များမှ ရေကို တူးမြောင်းဥပဒေများ ၊ ဌာနဆိုင်ရာ ညွှန်ကြားချက်များနဲ့ အညီ ဆည်မြောင်းဝန်ထမ်းများမှ လိုက်နာ ထိန်းသိမ်း ကြီးကြပ်ခြင်း၊ ရေသုံးစွဲရာတွင် ထိရောက်အကျိုးရှိစွာ သုံးစွဲ၍ တူးမြောင်းဥပဒေများ ကို လိုက်နာ စေရေးနှင့် ဖောက်ဖျက် ကျူးလွန်ပါက ဥပဒေနဲ့အညီ အရေးယူခြင်း။ (၅) ကြက်မောက်တောင် ဆည်တွင် နှစ်စဥ် ဆည်ရေအထိုက်အလျောက် ဝင်ရောက်ခဲ့ရာ ရရှိသမျှ သိုလှောင်ရေများကို တူးမြောင်းအရင်းပိုင်းမှ အခွင့်အရေးတစ်ရပ်အဖြစ် လိုသလို ရယူသုံးစွဲနေမှုအား စနစ်တကျ ကြပ်မတ်ပေးဝေခြင်း သို့မဟုတ် ရေလိုအပ်ချက်နည်း သီးနှံပုံစံတွဲ ပြောင်းလဲ သတ်မှတ်လျက် စီမံကိန်း စတင်သည့်မှ နှစ် (၄၅)နှစ်ကြာ ဆည်ရေ မထိမတွေ့ရသော လက်ယာတူးမြောင်း စနစ်အောက်ပိုင်း လက်တန် -၂ အချို့နှင့် လက်တန်-၃ သို့ ဆည်ရေ ရောက်နိုင်သရွေ့ရောက်ရှိ အောင် ဆောင်ရွက်လုပ်ကိုင်ခြင်း စတဲ့ အစီအမံ များနဲ့ လယ်ယာစိုက်ပျိုးသီးနှံ ဖွံ့ဖြိုးတိုးတက်မှု ရရှိရန် ဆည်ရေများ ထိရောက်စွာ ထုတ်လွှတ် ပေးဝေရယူရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လေးလေးနက်နက် တင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။နှစ်(၄၀)၊ နှ စ်(၅၀)ကြာတဲ့ ဆည်ကြီးတွေ က နုံး တွေပြန်ဖော်ဖို့ မလိုဘူးလား။ ဦးမျိုးမြင့် နုံး ဖို့တာတွေက (၁၅)ပေ၊ ပေ (၂၀)တို့ ဖြစ်နေရင် မူလတွက်ချက်မှု တွေက လွဲကုန်မှာပေါ့ ။

**အချိန်၊ ၁၅း၃၃။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)**။ ။အချို့နေရာတွေ က ထင်သလိုတော့ မဟုတ်ပါဘူး ခင်ဗျား။ တ င်ပြတာတွေနဲ့ ကျွန်တော် တို့လည်း ရတဲ့ ရန်ပုံငွေ အပေါ် မူတည်ပြီးတော့ အပိုင်းအလိုက် ပြင်နေပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အဆိုကိုထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက်ဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၃၃။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေး ဖြစ်ပါတယ် ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းသွားတဲ့ လယ်ယာစိုက်ပျိုးသီးနှံ ဖွံ့ဖြိုး တိုးတက်မှုရရှိရန် ဆည်ရေများထိရောက်စွာ ထုတ်လွှတ်ပေးဝေရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆက်လက် ဆွေးနွေးပေးပါရန် ထောက်ခံတင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၅း၃၅။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးမျိုးမြင့် တင်သွင်းတဲ့ အဆိုကို လွှတ်တော် ကိုယ်စားလှယ်တစ်ဦး က ထောက်ခံသွားပါတယ်။ အဆိုမှာ “လယ်ယာစိုက်ပျိုးသီးနှံ ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဆည်ရေများ ထိရောက်စွာ ထုတ်လွှတ်ပေးဝေရယူရေး အတွက်” ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါ သလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အဆိုကိုလက်ခံဆွေးနွေးဖို့သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးမျိုးမြင့် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမျိုးမြင့်တင်သွင်းတဲ့အဆိုကိုဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါအမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် အစည်းအဝေးခေါ်ယူရန်နှင့် အစည်းအဝေးရပ်နားရန် အစီအစဉ် တင်ပြခြင်း

**အချိန်၊ ၁၅း၃၇။**

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြဖို့ တစ်ခု ရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်ခေါ်မယ့်ကာလတွေကို Calendar သတ်မှတ်ဖို့လိုပါလိမ့်မယ်။ အဲတော့ မှသာလျှင် လွှတ်တော်ကိုယ်စားလှယ်တွေ ဟာ မိမိတို့ မဲဆန္ဒနယ်မြေအတွင်းမှာ မဲဆန္ဒရှင်များနဲ့ ထိတွေ့ခြင်း၊ မိမိတို့ရဲ့ မိသားစုအရေး ကိုယ်ရေးကိုယ်တာကိစ္စ ကိုယ်တိုင်ဆော င်ရွက်ရန် ရှိတဲ့ ကိစ္စတွေ ဆောင်ရွက်ခြင်း၊ ဘယ်တော့ လွှတ်တော်ခေါ်မယ် ၊ ဘယ်တော့ လွှတ်တော်နားမယ် ဆိုတာကို ယေဘု ယျအားဖြင့် လျာ ထားပေးခြင်းအားဖြင့် ကော် မတီများကလည်း လွှတ်တော် ခေါ်ခါနီးလျှင် ပြင်ဆင်စရာရှိတာတွေ ပြင်ဆင် တာတွေ ဆောင်ရွက်နိုင်ဖို့ ရှိပါတယ်။ ဒါကို ကျွန်တော့်အနေနဲ့ လျာ ထားပြီးတော့ ပြည်သူ့လွှ တ်တော် ဥက္ကဋ္ဌနဲ့ ညှိနှိုင်း တဲ့အခါမှာလည်း သဘောတူပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့ သဘောတူညီချက်ကို ကျွန်တော်တို့ တင်ပြတောင်းခံတာ ဖြစ်ပါတယ်။ အဲဒီ တော့ နှစ် တစ်နှစ်ရဲ့ နောက်ဆုံးလ ဒီဇင်ဘာလ ၊ ဒါပြီးရင် နောက်လာမယ့် နှစ်ရဲ့ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ (၄)လ ဆက်တိုက်။ ဒီ (၄)လ ဆက်တိုက်သည် အမျိုးသားစီမံကိန်းများ ပြည်ထောင်စုအစိုးရရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းများကို ဆွေးနွေးရမှာ ဖြစ်တဲ့ အတွက် ဒီ (၄)လက လွှတ်တော်ခေါ်ဖို့လိုပါတယ်။ (၄)လ ထိုင်ပြီးပြီဖြစ်တဲ့ အတွက် ဧပြီ၊ မေ၊ ဇွန် လွှတ်တော်ရပ် နားထားဖို့ လိုပါလိမ့်မယ်။ ဧပြီ ၊ မေ၊ ဇွန် နားပြီးလို့ရှိရင် ဇူလိုင်၊ ဩဂုတ် ၊ စက်တင်ဘာ လွှတ်တော် ခေါ် ပါမယ်။ နှစ်လယ်သဘောမျိုးပေါ့နော် ။ ပြီးရင် အောက်တိုဘာ၊ နိုဝင် ဘာ နားပါမယ်။ ဒီလိုဆောင်ရွက်မယ် ဆိုလို့ရှိရင် တစ်နှစ်မှာ လွှတ်တော် ခေါ်မယ့်လ (၇)လ ရှိပါလိမ့်မယ်။ ဒါ ယေဘု ယျအားဖြင့် အကြမ်း အားဖြင့် ပြောတာပါ။ နားတဲ့ လက (၅)လ ရှိပါလိမ့် မယ်။ သို့သော် လွှတ်တော်ရဲ့ အထူးအစည်းအဝေး၊ အရေးပေါ် အစည်းအဝေး ခေါ်ဖို့ရှိလာရင်တော့ အချိန်မရွေးခေါ်မှာ ဖြစ်ပါတယ်။ ဒီလျာထားချက်ကို ပြည်ထောင်စုလွှတ်တော် နာယက အနေနဲ့ လွှတ်တော်နှစ်ရပ်လုံးကို မေးမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌ နှစ်ယောက်ကတော့ သဘောတူပြီးသား ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်ခေါ်ရန်နှင့် လွှတ်တော်နားရန် လျာထားချက်ကို အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ သဘောတူတဲ့အတွက် လွှတ်တော်ခေါ်ရန်နှင့် လွှတ်တော်နားရန် လျာထားချက်ကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ )

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော်(၁၁) ရက်မြောက်နေ့အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၂) ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၅း၃၈။**

**ဥက္ကဋ္ဌ။** ။ယခု အမျိုးသားလွှတ်တော်တတိယ ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက် နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂) ရက် မြောက်နေ့ကို ၂၀၁၂ ခုနှစ် မတ်လ ၉ ရက်နေ့ (သောကြာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော်တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစည်းအဝေးကို ၁၅း၃၈ နာရီအချိန်တွင် ရပ်နားပါသည်။]